
http://www.cherrythitsar.org



# စိတ်ကူးချိုချိုအနုပညာ

(၈၅)၊ ၁၆၄-လမ်း
တာမွေ၊ ရန်ကုန်။
ဖုန်း-၇၂၆၆၂၄

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး **ဒို့အရေး**
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး **ဒို့အရေး**
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး **ဒို့အရေး**

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စိတ်ကူးချိုချိုစာအုပ် - ၇၆

# စန္ဒရား

## နှင့်

## အခြားနိုင်ငံရပ်ခြားဝတ္ထုတိုများ

**ဒေါက်တာဇော်သန်း**

၂၀၀၂ ခုနှစ် ဒီဇင်ဘာလ

http://www.cherrythitsar.org

စာမူစွင့်ပြုချက် ၅၉၉/၂၀၀၂ (၆)
မျက်နှာဖုံးခွင့်ပြုချက် ၈၉၆/၂၀၀၂ (၁၀)

မျက်နှာဖုံး m.s.o
စာအုပ်ချုပ် ဦးမြင့်

ပုံနှိပ်သူ ဦးထွန်းထွန်းဦး
အင်ကြင်းဦးပုံနှိပ်တိုက်
ကျွန်းတောလမ်း၊ ရန်ကုန်။


ထုတ်ဝေသူ ဦးထွန်းထွန်းဦး
နှင်းလွင်ဦးစာပေ
ပြည်လမ်း၊ ကမာရွတ်
ရန်ကုန်။

ပုံနှိပ်ခြင်း ပထမအကြိမ်
အုပ်ရေ ၅၀၀
ထုတ်ဝေသည့်ကာလ ဒီဇင်ဘာလ၊ ၂၀၀၂
တန်ဖိုး ၄၀၀ ကျပ်

http://www.cherrythitsar.org

# မာတိကာ


| | | |
|---|---|---|
| ၁။ | စန္ဒရား | ၁၁ |
| ၂။ | အချစ်ဦး | ၃၉ |
| ၃။ | မျက်နှာချင်းဆိုင်ကအိမ် | ၇၃ |
| ၄။ | မိခင်စိတ် | ၈၇ |
| ၅။ | ကန်ရေပြင်ရိပ်ဝယ် | ၉၉ |
| ၆။ | စေတနာရောင်ပြန် | ၁၁၃ |
| ၇။ | ဘုရားသခင်သို့ ပေးစာတစ်စောင် | ၁၂၉ |
| ၈။ | အမှန်တရား | ၁၃၉ |
| ၉။ | ထီးနှင့်လူ | ၁၅၃ |



# စန္ဒရား

"ဟော့ ... ရိဇာလီယာ အဲဒီလူကို ပြန်တော့လို့ ငါပြောပြီးပြီ။ ခပ်ကြောင်ကြောင်လူပဲကွ။ ငါတို့ပစ္စည်းဟာ ခရူဇီယို ငါးရာ တောင်မတန်ဘူးလို့ ပြောပြီးရယ်ခဲ့တဲ့လူ"ဟူ၍ အပေါ်ထပ် တွင်ရှိနေသော သူ့ဇနီးအား အိုလီဗီယာက အော်ပြောလိုက်သည်။ သူ့ဇနီးက "ဒါမျိုးတွေက ရိုးနေပါပြီ။ သူက ကျွန်မတို့ ပစ္စည်း ကို အချောင်ရမလားဆိုပြီး။ ပြီးတော့ ဈေးပေါပေါနဲ့ သူ့လက်ထဲ ရောက်ရင် တခြားတစ်ယောက်ယောက်ကို အမြတ်တင်ပြီး ပြန်ရောင်းမှာလေ။ ဒီလိုနဲ့ ဒီငနဲတွေ ချမ်းသာနေကြတာပေါ့" ဟူ၍ ပြန်ပြောလိုက်သည်။

သို့သော် ရိဇာလီယာနှင့် ဆာရာတို့ အောက်ထပ်သို့ ဆင်းလာကြသောအခါ ထိတ်လန့်တုန်လှုပ်နေပုံပင်။ သူတို့နှစ် ယောက်မှာ အစော်ကားခံလိုက်ရသော စန္ဒရားအိုကြီးအား နှစ် သိမ့်ရန်အတွက် တရိုတသေဖြင့် အနားကပ်လာကြသည့်ပုံမျိုး။ အိုလီဗီယာရာက "မိန်းမရေ၊ တို့စန္ဒရားကြီးကို ဈေးကောင်း

http://www.cherrythitsar.org



ကောင်းရမှာပါ။ နောက်လည်း ဒီလိုစန္ဒရားကြီးကို ဘယ်သူမှ လုပ်နိုင်မှာမဟုတ်ဘူး”ဟု တွယ်တာစိတ်နှင့် သောကစိတ်တို့ ရောထွေးနေသော ခံစားချက်အပြည့်ဖြင့် စန္ဒရားအိုကြီးအား စိုက်ကြည့်ကာပြောလိုက်သည်။ ရိုဇာလီယာက “သတင်းစာထဲမှာ ကြော်ငြာထည့်လိုက်လေ။ ဝယ်ချင်တဲ့သူတွေ လာလိမ့်မပေါ့”

“အား ... နှစ်သက်စရာကောင်းလိုက်တဲ့ ပီယာနိုကြီး။ သူ့ကို ကြည့်နေတာနဲ့တင် ဂီတအသံတွေ ထွက်ပေါ်နေသလား ထင်ရတယ်”ဟု အိုလီဗီရာကပြောရင်း ဝက်သစ်ချသားဖြင့် ပြုလုပ်ထားသော စန္ဒရားကြီး၏ ကိုယ်ထည်အား လက်ဖြင့် ပွတ်သပ်နေလိုက်သည်။

စန္ဒရားကြီးကို သူတို့နှစ်ယောက် ရောင်းချနေကြရသော အကြောင်းရင်းမှာ စန္ဒရားကြီးနေရာယူထားသော ဧည့်ခန်းငယ် အား သမီးကြီးဆာရာနှင့် သူမ၏ချစ်သူ အမြောက်တပ်မှ စစ်ဗိုလ်လေးတို့ လက်ထပ်ပြီးလျှင် အိပ်ခန်းအဖြစ်ဖွဲ့ပေးရန် ဖြစ်ပြီး သူမ၏ သတို့သမီးဝတ်စုံချုပ်ရန်အတွက်လည်း ငွေလို နေ၍ ဖြစ်သည်။

ထိုမှ ၃ ရက်မြောက်နေ့တွင် စန္ဒရားကြီးအပေါ်၌ ယဇ် ပူဇော်တော့မည့်အလား ပန်းအိုးများတင်၍ အလှဆင်ကာ ဝယ် မည့်သူအား အိမ်တွင် လက်ခံရန် အသင့်ဖြစ်နေကြတော့၏။

ပထမဆုံးရောက်ရှိလာသူနှစ်ဦးကတော့ အမျိုးသမီးကြီး တစ်ဦးနှင့် သူမ၏သမီးတို့ ဖြစ်ကြ၏။

မိန်းကလေးက စန္ဒရားအဖုံးကို ဖွင့်၍ လက်ဖြင့်အနည်း

http://www.cherrythitsar.org



ငယ် တီးခတ်စမ်းကြည့်လိုက်ပြီး "လုံးဝမကောင်းဘူးမေမေ"ဟု ပြောလိုက်သည်။ အမေဖြစ်သူကား ထိုင်နေရာမှ ထရပ်လိုက်ကာ စန္ဒရားခလုတ်များတွင် ဆင်စွယ်များ ယုတ်လျော့နေသည်ကို ကြည့်ပြီး သမီး၏လက်ကို ဆွဲကာ အပြင်သို့ ထွက်ရင်းနှုတ်မှ "ဒီလိုမကောင်းတဲ့ ပစ္စည်းမှန်းသိရင် အခုလို ပင်ပန်းခံပြီးတောင် မလာပေါင်"ဟု ပြောသွားလိုက်သေးသည်။

အိုလီဗီယာရာမိသားစုမှာ ဝမ်းနည်းနာကြည်းဖို့အချိန်ပင် မရလိုက်။ စန္ဒရားကြည့်ရန် နောက်ထပ်လူသုံးဦး ထပ်ရောက်လာကြသောကြောင့် ဖြစ်၏။ တစ်ချိန်တည်းမှာ ချမ်းသာကြွယ်ဝဟန်ရှိသည့် မုဆိုးမကြီးတစ်ဦး၊ တေးဂီတသင်္ကေတစာရွက်များကိုင်ထားသော မျက်မှန်နက်တပ် မိန်းမရွယ်တစ်ဦးနှင့် ဟောင်းနွမ်း၍ တွန့်ကြေနေသော ဝတ်စုံဝတ်ဆင်ထားသော ဆံပင်နီနီနှင့် လူတစ်ဦးတို့ဖြစ်ကြကာ မိန်းမရွယ်က "ကျွန်မ ရှင့်အရင်ရောက်တာနော်။ သိပ်အရေးကြီးလှလို့တော့ မဟုတ်ပါဘူးလေ။ အမေက ခိုင်းလိုက်လို့သာ။ အပြင်မှာလည်း ရောင်းချသူတွေ အများကြီးရှိဦးမှာပါ။ အဲ ... ပြောရဦးမယ်။ ရှင် ဘတ်စကားပေါ်က ဆင်းနေတုန်းမှာပဲ ကျွန်မက ဒီအိမ်တံခါးဝ လူခေါ်ခေါင်းလောင်းကို နှိပ်နေပြီ။ ဒါကြောင့် ကျွန်မတို့နှစ်ယောက် အတူတူအထဲကို ဝင်လာပေမဲ့ အရင်ရောက်တာက ကျွန်မပါ"

အိုလီဗီယာရာကတော့ ယခုလိုလူနှစ်ဦး ဘယ်သူက အရင်ရောက် မရောက် ငြင်းခုံနေသည်ကို အကြီးအကျယ် ပီတိတွေ ဖြစ်နေလိုက်သည်။ သူတို့နှစ်ဦး ငြင်းခုံနေသည်ကို ဒီအတိုင်း

http://www.cherrythitsar.org



ထားလိုက်တာက ကောင်းဦးမည်ဟု အောက်မေ့ကာ ဝင်လာသူတိုင်းကို ပြုံးပြနှုတ်ဆက်ပြီး ကော်ဖီတွေ တိုက်လိုက်သေးသည်။

မိန်းမရွယ်လေးက စန္ဒရားခုံရှိရာသို့ အသွားတွင် ဆံပင်အနီရောင်နှင့်လူက ခပ်လှမ်းလှမ်းမှ အေးစက်သောမျက်လုံးများဖြင့် အနုလုံပဋိလုံ အကဲခတ်နေခဲ့သည်။ ထိုအခိုက်အတန့်မှာပင် ကျောင်းသူလေးတစ်ယောက်ကို လက်ဆွဲလျက် အမျိုးသမီးတစ်ဦး အခန်းထဲဝင်လာပြန်ပါသည်။ သူတို့နှစ်ယောက် သံသယကိုယ်စီဖြင့် ထိုင်လိုက်ကြသည်။

ရုတ်တရက် မိန်းမပျို၏ စန္ဒရားလက်သံသာက ထွက်ပေါ်လာခဲ့ပါသည်။ လက်သံမှာ စည်းဝါးမကျ၊ နားကလောဖွယ်ပင်၊ အိမ်ရှင်မိသားစုက ဧည့်သည်တွေ၏ မျက်နှာများကို စိုးရိမ်မကင်းစွာဖြင့် အကဲခတ်နေသည်။ ဆံပင်နီနှင့်လူက လုံးဝမထုံတက်တေးမျက်နှာဖြင့် အကဲခတ်နေခဲ့သည်။ ဧည့်သည်များက တစ်ဦးမျက်နှာတစ်ဦးကြည့်ကာ နားလည်မှုတစ်ရပ်ကို ရှာဖွေနေသယောင်။ နောက်ထပ်အသစ်ရောက်ရှိလာသော အမျိုးသမီးကတော့ မချိသွားဖြဲအမူအရာနှင့်။ ရေမွှေးနံ့များဖြင့် မွှေးကြိုင်နေသော အဘွားအိုကတော့ စိတ်ရှည်ရှည်ထား၍ အကဲခတ်နေခဲ့ပြန်သည်။

မြင်ကွင်းမှာ ခုံသမာဓိလူကြီးများ အဆုံးအဖြတ်ပေးမည့် တရားခွင်တစ်ခုနှင့် ဆင်တူနေကာ စန္ဒရားကြီးမှာ တရားခံတစ်ယောက်အလား။ မိန်းမပျိုလေးက စန္ဒရားခလုတ်များကို နှိပ်ပြီး တီးခတ်နေပုံက သူ့ထံမှ ဖြောင့်ချက်ပေးအောင် လုပ်နေ

http://www.cherrythitsar.org



သည်နှင့် တူတော့သည်။ စန္ဒရားကိုယ်ထည်မှ ထွက်ပေါ်လာသော အသံမှာ အစာအိမ်ရောဂါရှိနေသလို ကွဲအက်စူးရှရှအသံကြောင်။ အချို့သော ဂီတသံများမှာ စန္ဒရားခလုတ်ကို နှိပ်သော်လည်း လုံးဝထွက်ပေါ်၍မလာ။ အားလုံး၏ မျက်နှာက ပြုံးတုံ့တုံ့ဖြစ်နေကြသည်။ သို့သော် ဘယ်သူကမှ အသံထွက်အောင်မရယ်။ မိန်းမရွယ်က အသံမထွက်သောခလုတ်များကို တအားဖိ၍ တီးနေသည်မှာ မလိုတမာဟန်မျိုးပေါက်နေသဖြင့် အခြေအနေက သိပ်မကောင်းလှတော့ချေ။ အိုလီဗီယာရာက "အဲဒီစန္ဒရားနဲ့ ပတ်သက်လို့ နည်းနည်းသိထားသင့်တာလေးတွေ ရှိနေတယ်ခင်ဗျ။ သူက ပြင်ပရာသီဥတုအပူချိန်ကို နည်းနည်းလေးမှ ခံနိုင်ရည်မရှိဘူး။ ရာသီပြောင်းရင် အသံတွေလည်းလိုက် ပြောင်းကုန်တတ်တယ်လေ"ဟု ကာကွယ်ပြီး ပြောလိုက်သည်။ မိန်းမပျိုက ရုတ်တရက်ထရပ်လိုက်ကာ အိတ်ထဲမှ နှုတ်ခမ်းဆိုးဆေးတောင့်များကို ထုတ်၍ သူ၏နှုတ်ခမ်းများကို ဆိုးနေလိုက်ပြီး စန္ဒရားခုံပေါ်မှ ဂီတသင်္ကေတစာရွက်များကို ကောက်ယူလိုက်ကာ "ကျွန်မကတော့ ဒီအစုတ်အပြတ် စန္ဒရားကြီးကို ရှင်ကြော်ငြာလိုစိတ် ဘယ်လိုပေါ်ပေါက်လာတယ်ဆိုတာကို နားမလည်နိုင်ဘူး"ဟု ပြောလိုက်ပြီး အခန်းထဲမှ ထွက်သွားတော့သည်။ အိုလီဗီယာရာက အခိုက်အတန့်မျှ ခပ်မဆိတ်နေ၏။ သူမက သူ့ကို တိုက်ရိုက်စော်ကားသွားတာမဟုတ်ဘဲ ပီယာနိုကိုသာ ပြောသွားတာပဲလေ။ ဘယ်လိုပဲဖြစ်စေ သူ့စန္ဒရားကြီးကတော့ အဖိုးတန်ရှေးဟောင်းပစ္စည်းအစစ်အမှန် ဖြစ်ကြောင်းကိုတော့

http://www.cherrythitsar.org



ကြောကို ကြေညာရဦးမည်။ သူက "ဒီလိုစန္ဒရားမျိုး နောက် လူတွေ ထပ်ပြီး လုပ်ကြတော့မှာ မဟုတ်ဘူး"ဟု လေးလေး နက်နက် ပြောလိုက်ပြန်သည်။

တိတ်ဆိတ်ငြိမ်သက်မှုက ကြာရှည်သွားသည်။ စန္ဒရား ကြီး၏ အခြေအနေက အထွတ်အထိပ်သို့ ရောက်ရှိလာခဲ့လေ ပြီ။ နောက်ဆုံးတွင် ဆံပင်နီနှင့်လူက စကားစပြောသည်။

"ခင်ဗျား ဘယ်လောက်လိုချင်လို့လဲ"

လက်ရှိဖြစ်ပေါ်နေသော အခြေအနေအရတော့ ဂျူးအို လီဗီယာရာက သူ့စိတ်ထဲမှ မှန်းထားသည့် ဈေးထက် လျှော့ ပြီး ပြောလိုက်ရတော့သည်။

"ငါးကွန်တိုရရင် ရောင်းမယ်ဗျာ"ဟု ပြောကာ လူတိုင်း ၏ မျက်နှာကို အကဲခတ်နေလိုက်သည်။ ဘယ်သူကမှ ခွန်း တုံ့မပြန်တော့ အိုလီဗီယာရာမှာ တစ်ကိုယ်လုံး အေးစက်စက် ဖြစ်လာသည်။ ငါပြောတာများ သိပ်များသွားပြီလား။ အဘွား အိုကတော့ ညင်သာပျော့ပျောင်းစွာဖြင့် သူ စဉ်းစားပါမည်ဟု ပြောသည်။ နောက်တော့ သူတို့အားလုံး ထ၍ ပြန်ကုန်ကြရာ အိမ်ပေါက်ဝအရောက်တွင် လူတစ်ယောက်က ကမန်းကတန်း ဝင်ရောက်လာသဖြင့်အားလုံး ဘေးကိုရှဲပေးလိုက်ရသည်။ တစ် ယောက်က "ခင်ဗျား စန္ဒရားကိစ္စလာတာလား။ ဒါဆိုရင်..." အိုလီဗီယာရာက အချိန်မီ ကြားဖြတ်၍ "ကြွပါခင်ဗျာ ကြွပါ။ စန္ဒရားက ဒီမှာပါ။ လူတွေ အများကြီးတောင် ကြည့်ပြီးသွား ပါပြီခင်ဗျာ"ဟု ဝင်ပြောလိုက်ရသည်။

http://www.cherrythitsar.org



အသစ်ဝင်လာသောသူမှာ အရွယ်လတ်လတ်ဖြစ်ကာ ဆံပင်အနည်းငယ်ဖြူနေ၏။ သူက စန္ဒရားခုံမှ အဖုံးကိုမ၍ ဖွင့်လိုက်ကာ စမ်းသပ်ကြည့်ရှုနေ၏။

အိုလီဗီယာရာက "အင်း ... ဂီတဆရာတစ်ဦးနဲ့တူတယ်" ဟု တွေးလိုက်မိသည်။ လူသစ်က ဈေးနှုန်းကိုမမေး။ ကျေးဇူးတင်ပါတယ်ဟု တစ်ခွန်းတည်းပြောကာ ထွက်သွားတော့သည်။

တစ်အိမ်လုံး တိတ်ဆိတ်၍ ကျန်ခဲ့သည်။ ဆာရာက သူမအခန်းကို ပြန်သွားသည်။ ရိုဇာလီယာနှင့် အိုလီဗီယာရာမှာ စိတ်ပျက်စွာဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေခဲ့ကြသည်။

"ဘယ်သူမှ တန်ဖိုးကို နားမလည်ကြဘူးကွာ။ ငါကတော့ လိုချင်တဲ့ ဈေးမရရင်ကတော့ မရောင်းတော့ဘူးကွာ"ဟု ညည်းတွားလိုက်သည်။

သူ့ဇနီးက "ဒါဆိုရင် ဆာရာနဲ့ သတို့သမီးဝတ်စုံကိစ္စ ဘယ်လိုလုပ်ကြမလဲ"

"ငါပိုက်ဆံသွားချေးလိုက်မယ်ကွာ"

"ဒါဆိုရင် ရှင့်လခထဲက ပြန်ဆပ်ဖို့ သိပ်မလွယ်ဘူးထင်တယ်နော်"

"ဒါဆိုရင်လည်း မင်္ဂလာပွဲရွှေ့ဆိုင်းလိုက်ပေါ့ကွာ"

"မဖြစ်ဘူးထင်တယ်။ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်တာကလား။ သတို့သမီးဝတ်စုံ ရှိရှိ မရှိရှိ သူတို့ကတော့ လက်ထပ်ကြလိမ့်မယ်"

http://www.cherrythitsar.org



ထိုအခိုက်အတန့်တွင် ဆာရာက ဝတ်စုံအသစ်မပါဘဲ လက်မထပ်နိုင်ကြောင်း သူမ၏အခန်းထဲမှ အော်ပြောလိုက်သံကို နှစ်ယောက်သား ကြားလိုက်ရသည်။

ရိဇာလီယာက "နောက်တစ်ခုက ဒီအိမ်က မီးခြစ်ဘူးလေးလောက်ပဲရှိတာ။ သူတို့နှစ်ယောက်လက်ထပ်ပြီးရင် ဘယ်မှာထားမလဲ။ ဒီစန္ဒရားကြီးကို ရောင်းမှပဲ သူတို့အတွက် အခန်းဖွဲ့ပေးဖို့ နေရာရမှာ။ ဒီနေ့ခေတ်မှာ ဘယ်သူမှ အခန်းလုံလုံလောက်လောက် ..."

ဆာရာက ကြားမှ အော်ပြောလိုက်ပြန်သည်။ "စန္ဒရားကြီးကို မရောင်းပါနဲ့။ သိပ်လှတဲ့ဥစ္စာ"

သူမ၏ အမေက "ဒါပေမဲ့ အသံတိတ်နေခဲ့တာ ကြာပြီလေ။ သမီးလည်း တီးမှမတီးတော့တဲ့ဟာ"

သူမ၏အမေက နောက်ထပ် အချေအတင် ဆွေးနွေးရန် သမီး၏အခန်းထဲသို့ ဝင်သွားခဲ့သည်။ ဆာရာ ယခုကဲ့သို့ ပြောသည်မှာ ထူးဆန်းနေသည်။ ရိဇာလီယာက ပြဿနာကို ချလိုက်သည်။

"ယောက်ျားယူမလား၊ စန္ဒရားကြီးကို ယူမလား။ ကြိုက်ရာရွေးနော်"

"အို ... ယောက်ျားပဲ ယူမှာပေါ့"ဟု ဆာရာက လင်ဆာသောလေသံဖြင့် ပြန်ဖြေလိုက်သည်။

"တကယ်ပဲနော်"

သူမက ခေါင်းအုံးကို လက်ဖြင့် နှိပ်ချေနေသည်။

http://www.cherrythitsar.org


"ကဲ ... ဒီလိုဆိုရင် ... "

"ရိဇာလီယာ မင်းဟာအမြဲတမ်း ဆန့်ကျင်ပြောတတ်တယ်နော်"ဟု ဂျိုးအိုလီဗီယာရာက အော်ပြောလိုက်သည်။

"ကျွန်မ ဘာကို ဆန့်ကျင်ပြောလို့လဲ"

"တို့ရဲ့ ပီယာနိုကြီးကိုပေါ့"

"အို ... ဂျိုးရေ၊ ရှင်ဘယ်လိုပြောလိုက်တာလဲ၊ ရှင်..."

နောက်တစ်နေ့ အိုလီဗီယာရာ အလုပ်မှ ပြန်ရောက်ရောက်ချင်း စန္ဒရားအကြောင်းကို ထူး မထူးမေးတော့သည်။

"တို့ထည့်ထားတဲ့ ကြော်ငြာကို တစ်ယောက်ယောက်ကများ တုံ့ပြန်သေးသလား ရိဇာလီယာ"

"ဟုတ်ကဲ့။ စန္ဒရားနဲ့ ပတ်သက်ပြီး သိချင်တဲ့ တယ်လီဖုန်းတွေတော့ အများကြီးလာတယ်။ အဘိုးအိုကြီးတစ်ယောက်လာကြည့်သွားတယ်။ မနေ့က ဆံပင်နီနီနဲ့ လူလည်း နောက်တစ်ခေါက်ထပ်လာသေးတယ်"

"တစ်ယောက်ယောက်ကများ ဝယ်ဖို့ပြောသေးသလား" ဟု သူက မေးလိုက်သည်။

"ဝယ်ဖို့တော့မပြောဘူး။ ဒါပေမဲ့ အိမ်ကို လာသွားတဲ့ လူနှစ်ယောက်ကတော့ စန္ဒရားကို အကြာကြီးပဲ ကြည့်သွားခဲ့ကြတယ်"

"ကြည့်သွားတယ်ဟုတ်လား။ စိတ်ဝင်တစား၊ မြတ်မြတ်နိုးနိုးနဲ့ ကြည့်တာလား"

"ဒါတော့ မပြောတတ်ဘူး"ဟု သူ့ဇနီးက ဖြေလိုက်

http://www.cherrythitsar.org


သည်။

"ဟုတ်တယ် ဖေဖေ။ သူတို့က တကယ်ကို မြတ်မြတ်နိုးနိုးနဲ့ ကြည့်သွားကြတာ။ အထူးသဖြင့် အဘိုးကြီးပေါ့။ မျက်လုံးနဲ့ စားမတတ်၊ ဝါးမတတ် စိုက်ကြည့်သွားကြတာ"ဟု သမီးကြီးဆာရာက ဝင်ပြောလိုက်သောအခါ...

ဂျိုးအိုလီဗီယာရာမှာ စိတ်ထဲမှာ ထိခိုက်ပျော်ရွှင်သွားခဲ့သည်။ ဈေးနှုန်းက အဓိကမဟုတ်။ သူ၏စန္ဒရားကြီးကို လေးလေးစားစားဖြင့် ဆက်ဆံစေချင်သည်က သူ့ဆန္ဒ။ စန္ဒရားကြီးမှာ ငွေကြေးအားဖြင့်တော့ အရမ်းတန်ချင်မှတန်မည်။ သို့သော် ယဉ်ကျေးပျူငှာစွာဖြင့် ဂရုတစိုက်ရှိဖို့တော့ ထိုက်တန်သည်ဟု သူမြင်သည်။ ယနေ့ သူအိမ်မှာ မရှိလိုက်တာ နာသွားသည်။ သို့သော် မနေ့က အဆင်မပြေသလောက် ယနေ့ သူ့သမီးက အဘိုးကြီး မည်သို့မည်ပုံ စန္ဒရားကြီးကို ဂရုတစိုက် မြတ်မြတ်နိုးနိုး ကြည့်ရှုသွားပုံကို ပြောပြတော့ စိတ်ထဲမှာ တော်တော်လေး သက်သာရာရသွားခဲ့ပါသည်။ ထိုသူဟာ ရှေးဟောင်းပစ္စည်းတစ်ခုရဲ့ စိတ်ဝိညာဉ်ကို နားလည်တဲ့သူပဲ ဖြစ်ရမည်။

"သူ့ရဲ့လိပ်စာကို ပြောသွားသေးသလားဆာရာ။ မပြောဘူးမဟုတ်လား။ အဲ ... သူပြန်လာကောင်းလာပါလိမ့်မယ်"

သူက ထိုင်ခုံမှထကာ စန္ဒရားအိုကြီးကို လှည့်ပတ်၍ လျှောက်ရင်း ပြုံးပြီးကြည့်နေလိုက်သည်။

"ငါ့ရဲ့စန္ဒရားကြီး"ဟု ညင်သာစွာဖြင့် နှုတ်မှ ရေရွတ်ကာ တိရစ္ဆာန်တစ်ကောင်အား ပွတ်သပ်သကဲ့သို့ စန္ဒရားခုံကြီး

http://www.cherrythitsar.org


ပေါ်သို့ လက်တင်ကာ ပွတ်သပ်နေလိုက်သေးသည်။

နောက်တစ်နေ့လည်း ဝယ်မည့်သူတစ်ယောက်မျှမလာ။ နိုင်ငံခြားသားတစ်ယောက်၏အသံဖြင့်သာ ပစ္စည်းအသစ်ဟုတ်မဟုတ် မေးမြန်းခဲ့သည်။ ရိဇာလီယာက ပစ္စည်းမှာ အသစ်မဟုတ်သော်လည်း ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားသဖြင့် အသစ်နှင့် မခြားပါဟု ပြန်လည်ဖြေကြားခဲ့သည်။

အိုလီဗီယာရာက "မနက်ဖြန်စနေနေ့ပဲ။ လူတွေ အများကြီးလာမလားမသိ"ဟု တွေးလိုက်မိသည်။ ကားအကောင်းစားကြီးတစ်စင်းဖြင့် လူတစ်ယောက်နှင့် မိန်းမငယ်တစ်ဦး ရောက်ရှိလာခဲ့ကြသည်။ ထိုသူက အိုလီဗီယာရာ၏ သင့်တင့်ရုံသာ အနေအထားရှိသော အိမ်ကို အကဲခတ်ကြည့်ပြီးနောက် အထဲသို့ မဝင်တော့ရန် ဆုံးဖြတ်လိုက်သည်။ သို့သော် တံခါးဝသို့ သွားပြီး စန္ဒရားကို ပြုလုပ်သည့်နိုင်ငံနှင့် သက်တမ်းကိုတော့ မေးဖြစ်အောင် မေးလိုက်သေးသည်။

ဂျူးအိုလီဗီယာရာက ဗွတ်အတင်း သူ၏ စန္ဒရားကြီးကို သူ အမွေအဖြစ်ရခဲ့ချိန်ကစ၍ ယနေ့တိုင် သူများစွာမှ တန်ဖိုးထားခဲ့သည်။ တစ်နေ့ ဤစန္ဒရားကြီးနှင့် ခွဲရလိမ့်မည်ဟု သူမထင်ခဲ့။ အဆိုးတကာ့ အဆိုးဆုံးကတော့ မည်သူကမျှ တန်ဖိုးမထား။ တကယ့်တန်ဖိုးအစစ်အမှန်ကို မည်သူကမျှမသိကြခြင်းပင်။ သို့သော် နောက်ရက် ဗုဒ္ဓဟူးနေ့ လာသူတစ်ဦးကတော့ ထိုအထဲတွင် မပါဝင်။

ထိုသူက စိတ်အားထက်သန်စွာဖြင့် ပီယာနိုကြီးကို ချီး

http://www.cherrythitsar.org



မွမ်းခန်းဖွင့်လိုက်သည်။ သို့သော် ဝယ်ယူဖို့ကိုတော့ သူက ငြင်းဆန်သည်။ သူကပြောသည်မှာ အကယ်၍ ဤစန္ဒရားကြီးကို သိပ်စျေးနှိမ်၍ ဝယ်ယူသွားခဲ့ပါက ခိုးယူသွားခဲ့မိသကဲ့သို့ သူခံစားရလိမ့်မည် ဖြစ်ကြောင်း၊ ဂျိုးနှင့် ရိဇာလီယာတို့နှစ်ယောက်မှာလည်း ဤမျှ အဖိုးထိုက်တန်လှသော ပစ္စည်းတစ်ခုကို သူတို့နှစ်ယောက်လက်မှ လွယ်လွယ်ကလေးနှင့် ရောင်းပစ်လိုက်ခြင်းမှာလည်း ရာဇဝတ်မှုတစ်ခုကို ကျူးလွန်လိုက်သည်နှင့် တူနေမည်ဖြစ်ကြောင်း။ အိုလီဗီယာရာကတော့ သူပြောတာတွေကို ကောင်းကောင်းနားမလည်။

"သူပြောတာတွေ တကယ်ပဲ အဓိပ္ပာယ်ရှိရဲ့လား" ဟု ဂျိုးက ရိဇာလီယာကို မေးလိုက်သည်။

သူမက "ကျွန်မကတော့ သူနောက်ပြောင်နေတယ်လို့ထင်တာပါပဲ"

"ငါလည်းမပြောတတ်ဘူး။ ဟုတ်ချင်ဟုတ်မှာပါ"

ပထမဆုံး မျှော်လင့်ချက်ကုန်ဆုံးရသူမှာ ရိဇာလီယာဖြစ်၏။ ယခုပစ္စုပ္ပန်တွင် သူမအတွက် အရေးကြီးဆုံးကတော့ သူမ၏ ယောကျ်ားအလုပ်မှ ပြန်လာသည့်အချိန်တွင် သူ၏ခံစားမှုများကို ဖြေသိမ့်နိုင်ဖို့ပဲ ဖြစ်သည်။

"ဒီနေ့ ဘယ်နှယောက်လာကြည့်သလဲ"

"ဘယ်သူမှမလာဘူး။ တယ်လီဖုန်းနဲ့ ဆက်မေးတဲ့ လူနှစ်ဦးရှိတယ်။ သူတို့က နာမည်မပြောဘူး။ ဒါပေမဲ့ သူတို့လာကြည့်ချင်ကြည့်မယ်လို့ ပြောတယ်"

http://www.cherrythitsar.org


သူမ၏အသံမှာ တည်ငြိမ်ပြီး နှစ်သိမ့်မှုအပြည့်ရှိသည်။

"ဟိုဆံပင်နီနီနဲ့လူရော"

"ကျွန်မ ဒီလူပြန်လာမယ်လို့ သေချာပေါက်ပြောနိုင်တယ်"

သို့သော် နောက်ထပ်ရက်အတန်ကြာသည်အထိ တစ်ဦးတစ်ယောက်မှ မပေါ်လာ။ မည်သူကမျှ တယ်လီဖုန်းမဆက်။ ဂျိုးဒီအိုလီဗီယာရာ၏ ခံစားချက်မှာ ရထားမမီဘဲ လွတ်သွားသောမိတ်ဆွေတစ်ယောက်ကို မြင်တွေ့လိုက်ရသည့် လူ၏ ခံစားချက်နှင့် ခိုင်းနှိုင်းနိုင်သည်။ သူက သူ့သူငယ်ချင်းအတွက် ဝမ်းနည်းမိသည်။ တစ်ဖက်ကလည်း ပျော်လည်းပျော်သည်။ အကြောင်းမှာ သူ့သူငယ်ချင်းကို သူက ဆက်လက်တွေ့ဆုံနိုင်သေးသောကြောင့် ဖြစ်သည်။ ဂျိုးမှာ စန္ဒရားကြီးအနီးတွင် ထိုင်ချကာနောက်ဆုံးအချိန်များကို ပျော်ပျော်ပဲနေလိုက်သည်။ စန္ဒရားကြီး၏ ဂုဏ်သရေကို သူလေးစားသည်။ သူ၏အတွေးများကို စန္ဒရားကြီးထံမှာ မြှုပ်နှံထားလိုက်သည်။ မျိုးဆက်သုံးဆက်တိုင်အောင်ဤစန္ဒရားကြီးကို တီးခတ်ခဲ့ကြပြီ။ ဤစန္ဒရားကြီး၏ တေးသံသာများက လူပေါင်း မည်မျှကို အိပ်မက်လှလှမက်စေကာကချင်စိတ်ပေါ်ပေါက်အောင် နှိုးဆွခဲ့ပြီမသိ။ ခုတော့ အားလုံးဟာ ပျောက်ကွယ်ခဲ့ချေပြီ။ စန္ဒရားကြီးသာ ထီးတည်းကျန်နေဆဲ။ သူ့ဘိုးဘွားများ၏ တည်ရှိနေခဲ့မှုကို ပြောပြနေခဲ့သောတစ်ခုတည်းသော အိမ်ထောင်ပရိဘောဂဖြစ်၏။

"သမီးဆာရာ၊ ရှိုပင်ရဲ့ တေးသွားကို တီးစမ်းပါဦး

http://www.cherrythitsar.org


သမီးမှတ်မိမှာပေါ့နော်”

“ကျွန်မ မမှတ်မိတော့ဘူးပါပါ။ ပီယာနိုကလည်း မကောင်းတော့ဘူး”

“အဲဒီလိုမပြောလိုက်ပါနဲ့ သမီးရယ်၊ ညည်းအဖေခများ ဘယ်လိုခံစားသွားရမယ်ဆိုတာလည်း ကြည့်ပါဦး”ဟု အမေဖြစ်သူ ရိဇာလီယာက သမီးကို နှစ်ကိုယ်ကြား တိုးတိုးလေးပြော လိုက်သည်။

ဆရာ၏ မျက်လုံးများက စန္ဒရားကြီးအပေါ်သို့ ရောက်သွားလိုက်တိုင်း သူမ၏ စိတ်တွင် သူမ၏ချစ်သူ လက်ဖတင်နင်ကလေးနှင့် ချစ်တင်းနှီးနှောရာ အိပ်ရာကြီးအဖြစ် ပြောင်းလဲပြီး မြင်နေရ၏။ ဤသို့ဖြင့် ရက်တွေသာ တစ်ရက်ပြီးတစ်ရက် ကြာညောင်းသွားသည်။ စန္ဒရားကြီးကို ဟုတ်တိပတ်တိ ဝယ်ယူမည့်သူက ပေါ်မလာသေး။ ရံဖန်ရံခါတွင်မတော့ သေဆုံးခါနီးလူနာတစ်ဦး၏ အခြေအနေကို စေ့စေ့ငှငှ မေးမြန်းသုံးသပ်နေသော ဆရာဝန်တစ်ဦး၏ ဟန်ပန်မျိုးဖြင့် ဆံပင်နီနှင့် လူထံမှ ဖုန်းလာတတ်သည်မှလွဲ၍ ဘာမျှ ထူးခြားမှုမရှိဟု ဆိုရမည်။ သတင်းစာထဲထည့်ထားသော ကြော်ငြာကလည်း ရက်စေ့သွားပြီဖြစ်၍ ဆက်လက်ပါမလာတော့။

“ကဲ ... ဂျိုးရေ ကျွန်မတို့ ဘာဆက်လုပ်ကြမလဲဟင်”

“ဘာကိုဆက်လုပ်ရမှာလဲ ရိဇာလီယာ”

“ပီယာနိုကြီးကိုလေ”

“ငါတော့ ပီယာနိုကြီးကို မရောင်းတော့ဘူးကွာ”ဟု

http://www.cherrythitsar.org



ဂျိုးက အော်ပြောလိုက်သည်။

"ဒီအကောင်တွေက ဈေးဆစ်ဖို့ပဲ ကြည့်နေကြတာ။ ဘယ်သူမှ တန်ရာတန်ကြေးပေးချင်တာမဟုတ်ဘူးကွ။ စန္ဒရားကြီးကို သေသေချာချာ ဂရုစိုက်ထိန်းသိမ်းနိုင်ပြီး တန်ဖိုးကို နားလည်တဲ့ လူတစ်ယောက်ကိုပဲ အလကားပေးပစ်လိုက်ချင်ပြီ"

သူက ဂနာမငြိမ်စွာဖြင့် စကြိန်လျှောက်နေလိုက်သည်။ ရုတ်တရက် သူ့မျက်နှာထားပြောင်းလဲသွားကာ ...

"နားထောင် ရိဇာလီယာ၊ တီဂျူကာမြို့က တို့ဆွေမျိုးတွေဆီ ဖုန်းဆက်ကြည့်ရအောင်ကွ"

ရိဇာလီယာက သူ့ချစ်လင်၏ ရည်ရွယ်ချက်ကို ရိပ်မိသွားပြီး ပီတိဖြစ်နေသည်။

"ဟဲလို ... မယ်ဆီယာ ရှိပါသလားခင်ဗျာ။ သြော် ... သူ အပြင်ထွက်သွားတယ် ဟုတ်လား။ အို ... ဒါနဲ့ အခု စကားပြောနေတာ ညီမ မီကွီတာလား။ ဒီမှာ နားထောင်နော်၊ ကျုပ် မင်းတို့ကို စန္ဒရားလက်ဆောင်ပေးချင်လို့။ ဟုတ်တယ် လက်ဆောင်အဖြစ်ပါ။ မဟုတ်ဘူးမဟုတ်ဘူး။ တို့နောက်နေတာမဟုတ်ပါဘူး။ တကယ်ပါ။ အဟုတ်ပါ။ အခု ဒီလိုလုပ်လိုက်မှလည်း ဒီစန္ဒရားကြီးဟာ တို့မိသားစုတွေရဲ့ လက်ထဲက တခြားကို ရောက်မသွားတော့ဘူးပေါ့။ မင်းတို့အဆင်ပြေတဲ့ အချိန် ဒီအိမ်က စန္ဒရားကြီးကို ဝင်ယူနိုင်တယ်နော်။ ကျေးဇူးတင်ဖို့မလိုပါဘူး။ ကျုပ်အခုလို လုပ်လိုက်ရတာကို ဝမ်းသာပါတယ်"

http://www.cherrythitsar.org


သူက တယ်လီဖုန်းစကားပြောခွက်ကို နေရာတကျ ပြန်ချထားလိုက်ပြီး သူ့ဇနီးရှိရာဘက်သို့ လှည့်လိုက်သည်။

"မင်းဘယ်လိုထင်သလဲ၊ အစကတော့ သူ ငါ့ကို မယုံဘူးကွ၊ ငါနောက်နေတာပဲလို့ ထင်နေခဲ့တာ"

ရိဇာလီယာကတော့ ဝမ်းသာနေသည်။ ဂျိုးက သူဘာ လုပ်ခဲ့သည်ကို တိုင်ပင်ပြောဆိုမည့် ပုံသဏ္ဌာန်ဖြင့် စန္ဒရားကြီး ရှိရာသို့ လျှောက်သွားလိုက်သည်။

သူက "ငါ့စိတ်ထဲမှာတော့ လုံးဝရှင်းလင်းသွားပြီ။ မင်း ဟာ တို့မိသားစုထဲက စွန့်ပစ်တာကို မခံရတော့ပါဘူးကွာ။ တို့မိသားစု ဆွေမျိုးအသိုင်းအဝိုင်းထဲမှာပဲ မင်းဆက်နေရမှာပါ။ တို့ရဲ့မြေးတွေ၊ မြစ်တွေက မင်းကို သိနေခဲ့ပြီး တရိတသေ ဆက်ဆံကြမှာပါ။ မင်းကလည်း သူတို့ကို တေးသံသာနဲ့ ဖြေ ဖျော်ပေါ့၊ အားလုံးကို မင်း နားလည်ပြီး တို့ကို မင်းစိတ်မဆိုးပါ ဘူးနော်" ဟု စိတ်ထဲက ပြောဆိုနေခဲ့မိသည်။

"သူတို့က ဘယ်တော့လောက် စန္ဒရားကို လာယူမယ် လို့ ပြောသလဲ"ဟု ရိဇာလီယာက မင်္ဂလာမောင်နှံတို့အတွက် အခန်းဖွဲ့ပေးချင်ဇောဖြင့် ကြားဖြတ်မေးခွန်းထုတ်လာခဲ့ပြန် သည်။

နောက်တစ်နေ့ မယ်ဆီယာထံမှ သူ့ကို တကယ်ပင် စန္ဒရားကို ပေးချင်၊ မပေးချင် သေချာပေါက်သိလိုသဖြင့် ဖုန်း ဖြင့် မေးမြန်းလာသည်။ သူက လက်ဆောင်မှာ တန်ဖိုးကြီးလွန်း ကြောင်း၊ သူက ကျေးဇူးတင်ကြောင်း သို့သော် သူတို့လင် မယား ထိုသို့ မလုပ်သင့်ကြောင်း၊ သူ့ဇနီးက သူအပြင်မှ ပြန်

http://www.cherrythitsar.org


ရောက်လာသည့်အချိန်တွင် ထိုအကြောင်းကို ပြော၍ မယုံနိုင်အောင် ဖြစ်ရကြောင်းများကို ပြောဆိုလာသည်။

"တကယ်ပါ မယ်ဆီယာ၊ မင်းသိတဲ့အတိုင်းပဲ တို့အိမ်က တော်တော်လေးကို ကျဉ်းတာ။ ဂျိုးက သူစိမ်းတစ်ရံဆံ လက်ထဲ ပီယာနိုကို မထည့်လိုက်ချင်ဘူး။ စန္ဒရားကြီးကိုလည်း ဒီအိမ်မှာ ဆက်ထားလို့က မဖြစ်တော့ဘူး။ မင်းတို့ဒီစန္ဒရားကို ရသွားတာဟာ သူဟာ တို့နဲ့အတူ ရှိနေသလိုပဲ။ သိပ်မကြာခင် လာယူမှာပဲ မဟုတ်လား"

နောက်ထပ်ရက်အနည်းငယ်ကြာသွားပြန်သည်။ စန္ဒရားကို သယ်ယူရန် မည်သည့်ယာဉ်မှ မဆိုက်ရောက်လာ။ အိုလီဗီယာရာတို့ လင်မယားက တီဂျူကာမြို့ရှိ သူတို့ဆွေမျိုးများထံမှ ဘာအသံမှ မကြားရဘဲ တိတ်ဆိတ်နေခြင်းကို တော်တော်လေး အံ့သြနေခဲ့ကြသည်။

"တစ်ခုခုတော့ မှားနေပြီ၊ ရိဇာလီယာ တယ်လီဖုန်းဆက်စမ်းကွာ"ဟု ပြောလိုက်သည်။ ညီမတစ်ဝမ်းကွဲတော်သူ မီကွီတာက ပြန်ဖြေသည်။ စန္ဒရားကြီးကို သယ်ယူပေးမည့်သူက မတန်တဆ ဈေးတောင်းနေ၍ ဖြစ်သည်။

"ကျွန်မ ထင်တာတော့ ဓာတ်ဆီတွေ ပြတ်နေလို့နဲ့ တူတယ်။ ရက်နည်းနည်းလောက် စောင့်လိုက်ဦးနော်။ မယ်ဆီယာက တစ်ခုခုထပ်ပြီး စီစဉ်ပါလိမ့်မယ်"

"စန္ဒရားကြီးကို ရတော့မယ်ဆိုလို့ တို့တစ်တွေ ဝမ်းသာနေပါတယ်ကွာ။ တို့ဒိပြင် ဘာကိုမှ မစဉ်းစားပါဘူး ရိဇာလီယာ"

http://www.cherrythitsar.org



ထိုနောက်ဆုံးဝါကျက တစ်ခုခုတော့ မှားယွင်းနေပြီဟု ရီဇာလီယာက စဉ်းစားနေမိသည်။ နောက်တစ်ပတ်အကြာတွင် ဂျိုးဒီအိုလီဗီယာရာက နောက်ထပ် ဖုန်းဆက်ပြန်ပါသည်။

"ဟေ့ မယ်ဆီယာ စန္ဒရားကြီးကို ယူမှာလား၊ မယူဘူးလား"

"ဂျိုးရေ ... ဒီကိစ္စနဲ့ ပတ်သက်ပြီး တို့နှစ်ယောက် ဘယ်လိုခံစားနေရတယ်ဆိုတာကို သိရဲ့လား။ မင်းက အင်မတန်မှ ကောင်းတဲ့ လက်ဆောင်ကိုပေးပေမဲ့ တို့က လက်မခံနိုင်ဘူး ဖြစ်နေတယ်လေ။ ဒီကို ရွှေ့ဖို့အတွက်လည်း ဈေးက မတန်တဆ တောင်းနေလေရဲ့။ နောက်ပြီး စန္ဒရားကြီးကိုထားဖို့ တို့မှာ နေရာမှမရှိတာပဲ။ အခုတို့ အိမ်မှာရှိနှင့်နေတဲ့ ပစ္စည်းတွေအတွက် တောင်မှ နေရာလုံလုံလောက်လောက်မရှိတာ။ ဒါကို အစက တည်းက တို့စဉ်းစားခဲ့ဖို့ကောင်းတယ်။ မိက္ကိုတာတစ်ယောက် လည်း အခုလိုဖြစ်ရတာကို တော်တော်လေး စိတ်ပျက်အားနာ နေလေရဲ့"

"လိုရင်းကိုပြောရရင်တော့ ခင်ဗျားတို့ စန္ဒရားကြီး မယူတော့ဘူးပေါ့ ဟုတ်လား"

"တို့လိုချင်ပါတယ်ကွာ။ ဒါပေမဲ့ တို့မတတ်နိုင် ..."

ဂျိုးအိုလီဗီယာရာက ဤမျှလောက်ဆိုလျှင် နားလည် လိုက်ပါပြီ။ တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချထားလိုက် သည်။

"ကဲ ... မင်းတွေ့ပြီမဟုတ်လား ရီဇာလီယာ။ တို့က

http://www.cherrythitsar.org


စန္ဒရားကြီးကို အလကားပေးပစ်တာတောင် မရဘူး ဖြစ်နေပြီ”

“ကျွန်မတို့ ဘာဆက်လုပ်ကြမလဲ ဂျို။ နောက်ဆုံးတော့ ဘယ်သူမှ လက်မခံချင်ဘဲ ဖြစ်နေပြီ”

နောက်ထပ် မိနစ်အနည်းငယ်မျှ လင်မယားနှစ်ယောက် စိတ်ပျက်လက်ပျက်ဖြစ်နေရာ သမီးဆာရာ၏ ငိုရှိုက်သံတွင် ခါးသီးစိတ်ပျက်စွာဖြင့် မကျေမနပ် ရေရွတ်သံများက ရောစွက်၍ ပါလာသောကြောင့် သူတို့နှစ်ယောက် ခေါင်းထောင်လာကြသည်။ အမေဖြစ်သူက သမီးကို ချော့မော့၍ နှစ်သိမ့်နေခဲ့ရသည်။

“မစိုးရိမ်ပါနဲ့ သမီးရယ်။ အားလုံး အဆင်ပြေသွားမှာပါ။ စန္ဒရားကြီးကိုလည်း ရသလောက်ဈေးနဲ့ပဲ ရောင်းလိုက်ပါတော့မယ်”

“ရောင်းရင်လည်း မြန်မြန်ရောင်းလိုက်ပါတော့ မေမေရယ်။ လက်ထပ်ဖို့က ရက်နည်းနည်းပဲလိုတော့တာ။ ခုထက်ထိ အခန်းက အရန်သင့် မဖြစ်သေးဘူး။ ကျွန်မတို့အတွက် ပစ္စည်းတွေလည်း ဘာမှမဝယ်ရသေးဘူး။ ဘယ်သူမှ မလိုချင်တဲ့ ဒီစန္ဒရားကြီးပဲ သမီးရဲ့ဘဝကို ဖျက်ဆီးနေတာ”

“တိုးတိုးပြောပါသမီးရေ။ မင်းဖေဖေကြားသွားပါဦးမယ်”

ဆာရာက ရှိုက်ကြီးတငင်ဖြင့် ငိုကြွေးနေရာက မျက်လုံးများမှ မျက်ရည်ကိုသုတ်ရင်း “ဖေဖေ့ကို ကြားစေချင်တယ်” ဟု ပြောလိုက်ပြန်သည်။

http://www.cherrythitsar.org



ဂျိုးအိုလီဗီယာရာမှာ ထိုညက နည်းနည်းသာ အိပ်လိုက်ရသည်။ သူက ဘဝအကြောင်းကို တွေးနေမိခဲ့သည့် အတွေးများမှာ ရှုပ်ထွေးနေပြီး စိတ်ပျက်အားငယ်နေခဲ့မိသည်။ ယင်းအခြေအနေများက သူ့ဘဝကို မကျေနပ်ဘဲ ဒေါသထွက်လိုက်၊ စန္ဒရားကြီးကို မကျေနပ်ဘဲ ဒေါသထွက်လိုက်နှင့် ဖြစ်စေသည်။

မနက်စောစော သူက အိမ်မှ ထွက်လာခဲ့ပြီး အိမ်အနီးမှ အရက်ဆိုင်ငယ်တစ်ခုသို့ ရောက်လာခဲ့ကာ လူတော်တော်များများနှင့် စကားပြောဖြစ်ခဲ့သည်။

သူ၏ ရိဇာလီယာကမူ "ငါ့ယောကျ်ား အရက်လည်း မသောက်တတ်ဘဲ ဒီလိုနေရာမျိုးမှာ ဘာလုပ်နေပါလိမ့်"ဟု သူ့ကိုယ်သူ မေခွန်းတွေ ထုတ်နေမိခဲ့သည်။ နွမ်းပါးစွာ ဝတ်စားထားသော လူမည်းတစ်ဦး အလုပ်သမားဝတ်စုံဝတ်ဆင်ထားသော ခပ်တောင်တောင့် ပေါ်တူဂီ လူမျိုးနှစ်ဦး ခြံရံ၍ အိုလီဗီယာရာတစ်ယောက်အိမ်သို့ ပြန်ရောက်လာသည်။ သူက ထိုလူများကို စန္ဒရားကြီးကို ပြလိုက်သည်။ သူတို့သုံးဦး စန္ဒရားကြီး၏ ခိုင်ခံ့ပုံကို စမ်းကြည့်ကြပြီးနောက် သူတို့ သုံးယောက်တည်းနှင့် မနိုင်မည် မထင်ကြောင်း ပြောလိုက်သည်။

ရိဇာလီယာနှင့် ဆာရာတို့က တအံ့တသြဖြင့် ...

"ဝယ်မည့်သူ တွေ့လာပြီလား"ဟု မေးလိုက်သည်။

"မတွေ့သေးပါဘူးကွာ။ ဒီပီယာနိုကြီးကို ဘယ်သူက ဝယ်မှာလဲ"

"ရှင် တစ်ယောက်ယောက်ကို ပေးပစ်လိုက်တာလား"

http://www.cherrythitsar.org


"မဟုတ်ပါဘူး မိန်းမရော။ အလကားပေးရင်တောင် ယူမယ့်လူ ရှိမှာမဟုတ်ပါဘူး"

"ဒါဆိုရင် အခု ရှင်ဘာလုပ်နေတာတုံး၊ ပြောပါဦး ဂျိုး"

ဂျိုးတစ်ယောက် မျက်ရည်များလည်လာသည်။ သို့သော် သူ့မျက်နှာကတော့ ခပ်ထန်ထန်၊ ခပ်တင်းတင်းပင်။

"ငါ့စန္ဒရားကြီးကို ပင်လယ်ထဲ ပစ်ချမလို့ကွ"

"အိုး ... မလုပ်ပါနဲ့ ဖေဖေ။ ဒါဟာ သက်သက်မဲ့ စိတ်ရူးပေါက်တာပဲ"ဟု ဆာရာက ထိတ်လန့်တကြား ရေရွတ်လိုက်သည်။ အိုလီဗီယာရာတို့ မိသားစုနေထိုင်ရာ နေအိမ်ပြတင်းပေါက်မှ မျှော်ကြည့်လျှင် ပင်လယ်ပြင်ကို မမြင်နိုင်။ သို့သော် ပင်လယ်၏ အငွေ့အသက်၊ ပင်လယ်၏အသံများကိုတော့ ထိတွေ့ကြားနေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ပင်လယ်ကမ်းခြေတစ်လျှောက်တည်ရှိနေခဲ့သော လမ်းမကျယ်ကြီးနှင့် သူတို့အိမ်မှာ သုံးပြမျှသာ ကွာဝေးသောကြောင့် ဖြစ်သည်။

ထိုသူသုံးယောက်မှာ အချင်းချင်းစကားတီးတိုးပြောကာ အဖြေကို စောင့်နေကြသည်။

"တော်တော်ပဲ သတ္တိပြောင်မြောက်တဲ့ အလုပ်ပါလာ ဂျိုး။ ဒါပေမဲ့ တို့မိသားစု ပထမဆုံးစကားပြောကြသေးတာပေါ့။ ဒီပြင် တခြားနည်းလမ်းကော မရှိတော့ဘူးလား။ ပီယာနိုကြီးကို ရေထဲပစ်ချတယ်ဆိုတာကြားရင် လူရယ်စရာဖြစ်နေပါဦးမယ်"ဟု ဇနီးဖြစ်သူက ပြောလိုက်သည်။

http://www.cherrythitsar.org


"ဒီအပြင်ကော တို့ဘာလုပ်နိုင်သေးလို့လဲ။ ရိဇာလီယာ သင်္ဘောတွေ အများကြီးတောင် ပင်လယ်သမုဒ္ဒရာကြမ်းပြင် အောက်ရောက်သွားကြရသေးတာပဲ။ အဲဒီသင်္ဘောတွေထဲမှာ တချို့စန္ဒရားတွေလည်း ပါသွားခဲ့ကြတယ်လေ"

ဂျိုး၏ ငြင်းဆန်၍ မရနိုင်သော ယုတ္တိက ဇနီးဖြစ်သူ အား ငြိမ်ကျသွားစေသည်။ ဂျိုးက အားတင်းလိုက်ပြီး ...

"အိုကေ မိတ်ဆွေများ စန္ဒရားကြီးကို မပြီးသွားကြ ပါစို့"ဟု ဆော်ဩလိုက်သည်။

ပေါ်တူဂီလူမျိုးနှစ်ယောက်အနက် တစ်ယောက်က သူနှင့် သူ့အဖော်၏ ကိုယ်စား ရှေ့သို့ ထွက်လာပြီး ယဉ်ကျေးစွာဖြင့် သူတို့မ မနိုင်ကြောင်း ညင်သာစွာ ပြောလိုက်သည်။ သူတို့ကို ထိုသို့မလုပ်နိုင်သဖြင့် ခွင့်လွှတ်ပါရန်နှင့် ဤကဲ့သို့ အဖိုးတန် စန္ဒရားကြီးတစ်လုံးအား ပင်လယ်ထဲသို့ ပစ်ချရမည်ကို သူတို့ လိပ်ပြာမသန့်ဘဲ ရာဇဝတ်မှုတစ်ခုကို ကျူးလွန်သကဲ့သို့ ဖြစ်နေ မည်ကို စိုးရိမ်မကင်းကြောင်း ပြန်လည်ပြောဆိုလိုက်သည်။

"ဆရာ ဘာဖြစ်လို့ သတင်းစာထဲမှာ ကြော်ငြာမထည့် တာလဲ၊ ပီယာနိုက အကောင်းကြီး ရှိပါသေးတယ်"

"ငါသိပါတယ်၊ ကဲ ... မင်းတို့ပြန်နိုင်ပြီ"ဟု အိုလီဗီ ယာက ဘဝင်မကျသံဖြင့် ပြောလိုက်သည်။

ပေါ်တူဂီလူမျိုးနှစ်ယောက် ပြန်သွားခဲ့ကြသည်။ နီဂရိုး လူမည်းကမူ ဤစန္ဒရားကြီးကို သူယူလိုက်ရမလားဟု ခေတ္တ စိတ်ကူးပြီး နေရစ်ခဲ့သည်။ သူက စန္ဒရားကြီးကို စိုက်ကြည့်

http://www.cherrythitsar.org


နေရင်းက ဤကဲ့သို့ အထက်တန်းကျ၍ ကောင်းမွန်သော ပစ္စည်းတစ်ခုကို ပိုင်ဆိုင်လိုစိတ်က သူ့ကို ဆွဲဆောင်နေခဲ့သည်။ ချက်ချင်း အကောင်အထည်ပေါ်လာနိုင်သော အိပ်မက်တစ်ခု ပင် မဟုတ်ပါလား။ သို့သော် ဤစန္ဒရားကြီးကို သူ မည်သည့် နေရာကို ယူသွားမည်နည်း။ သူ့တွင် နေစရာအိမ်မရှိ။

ရိဇာလီယာက သူ့ချစ်လင်၏ ပခုံးပေါ်မှ ခေါင်းကို မှီ ရင်း မျက်ရည်မကျမိအောင် ထိန်းနေရ၏။

"ကဲ ... ဂျိုး ရှင်ဘယ်လိုဆုံးဖြတ်မလဲ"

"ဘယ်သူကမှလဲ မလိုချင်ဘူး။ ဒီအိမ်မှာလဲ မထားနိုင် ဘူးဆိုမှတော့ ..."

"ကျွန်မ နားလည်ပါတယ် ဂျိုး။ ဒါပေမဲ့ ကျွန်မ ဝမ်း နည်းလွန်းလို့ပါ။ စန္ဒရားကြီးဟာ ကျွန်မတို့နဲ့ အတူမကွာ ရှိ နေခဲ့တာကြာပြီ။ အခုမှ ပင်လယ်ထဲ ပစ်ချရမယ်ဆိုတော့ ရက် စက်ရာကျလွန်းမလားလို့ပါ။ အခုလိုဖြစ်နေတာတွေကို ဘာမှ မသိရှာဘဲ အဲဒီနေရာ၊ အဲဒီထောင့်မှာ တည်ရှိနေခဲ့တာပဲ အနှစ် နှစ်ဆယ်နီးပါး ရှိခဲ့ပြီနော်။ ကျွန်မတို့ မိသားစုကိုလည်း ဘာမှ အန္တရာယ်ပြုခဲ့တာမရှိ"

"ဒီအချိန်မှာ တို့ရဲ့ ကရုဏာတရားကိုတော့ မျက်ကွယ် ပြုကြရလိမ့်မယ် ရိဇာလီယာ"

သူမက သူမ၏ ခင်ပွန်းအား လေးစားကြည်ညိုစိတ်ဖြင့် ကြည့်လိုက်ပြီး ...

"ကောင်းပြီ ဂျိုး၊ ရှင့်သဘောအတိုင်းလုပ်ကြစို့ရဲ့"ဟု

http://www.cherrythitsar.org



တည်ငြိမ်စွာ ပြန်ပြောလိုက်တော့သည်။

အဝတ်အစားအစုတ်အပြတ်များကို ဝတ်ဆင်ထားသော နီဂရိုး (လူမည်း) လူရွယ်လေးတစ်စု သူတို့နေထိုင်ရာ ပင်တို ရပ်ကွက်ရှိ တဲများအတွင်းမှ ပျော်ရွှင်စွာ ထွက်ခွာလာခဲ့ကြပြီး အိမ်နီးချင်းသူဌေးများ နေထိုင်ရာ ရပ်ကွက်ကို ဖြတ်၍ လာခဲ့ ကြသည်။ ရေခဲမုန့်စားရန်အတွက် ပိုက်ဆံတောင်းလျက် ဖြစ်စေ၊ ရပ်ရှင်ရုံအပြင်ဘက်မှ ပိုစတာများကို ငေးမောလျက်ဖြစ်စေ၊ လီဘာလွန်ရပ်ကွက်ရှိ သဲများပေါ်တွင် လူးလိမ့်ကစားလျက်ဖြစ်စေ တစ်မျိုးမဟုတ် တစ်မျိုး အနေအထားမျိုးဖြင့် သူတို့ကို တွေ့ရ တတ်သည်။

ထိုနေ့နံနက်က အနောက်တောင်လေတိုက်ခတ်မှုကြောင့် အတ္တလန္တိတ် သမုဒ္ဒရာရေပြင်မှာ ဒေါသမာန်ထလျက်ရှိ၏။ ကျွန်ုပ်တို့၏ ပီယာနိုစန္ဒရားကြီးမှာမူ ဆိုဖွယ်ရာမရှိ။ တည်ငြိမ် အေးဆေးလျက် ရှိပြီး မိသားစုနှင့် အဆက်အသွယ်မဖြတ်တောက် မီ ခံ့ညားထည်ဝါစွာဖြင့် ဝင့်ကြွားနေသယောင်။ ခွဲခွာဖို့အတွက် တော့ဖြင့် အပြင်အဆင်များ ပြုလုပ်နေကြပေပြီ။ ဂျူးအိုလီဗီယာ က အသုံးကျကောင်းကျနိုင်မည့် အစိတ်အပိုင်းများကို ဖယ်ရှား ထားနှင့်ရန် သူ့ဇနီးနှင့် သမီးအား ညွှန်ကြားထားသည်။ သို့ ဖြစ်၍ ကြေးဖယောင်းတိုင်စင်များ၊ သတ္တုများဖြင့် ပြုလုပ်ထား သော အလှဆင်ပစ္စည်းများနှင့် ဝက်သစ်ချသား စန္ဒရားအဖုံး စသည်တို့ကို ဖယ်ရှားထားလိုက်သည်။

"အင်း ... အခုကျတော့ တော်တော် အရုပ်ဆိုးသွားပြီ"

http://www.cherrythitsar.org


ဟု ဆာရာက မြည်တမ်းရေရွတ်လိုက်သည်။ ဂျိုးအိုလီဗီယာ က သူ့မိသားစုကို ကြိုတင်အသိမပေးဘဲ နီဂရိုးလူငယ်လေး များကို ခေါ်လာခဲ့သည်။ တံခါးအပြင်ဘက်မှာ သူတို့အုပ်စုက နေခဲ့ကြရသည်။ အိုလီဗီယာရာက သူတို့ကို အထဲသို့ ဝင်ကြ ရန် ပြောလိုက်သောအခါ အသန်မာဆုံး လူရွယ်တစ်ယောက်က ထိပ်ဆုံးမှ ဝင်လာသည်။

စန္ဒရားကြီး၏ ဈာပနအခမ်းအနားကျင်းပသည့်အချိန်မှာ ညနေ ၄ နာရီနှင့် မိနစ်နှစ်ဆယ်။ လမ်းဘေးတစ်ဖက်တစ်ချက် မှ လူအုပ်စုက သူ့အတွက် နေရာဖယ်ပေးကြသည်။ စန္ဒရားကြီး မှာ ဟိုယိမ်းဒီယိုင်ဖြင့် ဖြည်းညင်းစွာ နေရာရွေ့လာသည်။ အချို့ လူများက လေ့လာရန်အတွက် ပိုမိုအနီးကပ်လာကြပြန်သည်။ ရိဇာလီယာနှင့် သူမ၏ သမီးတို့က တစ်ဦးပခုံးတစ်ဦးဖက်ကာ အိမ်ရှေ့ဝရန်တာမှ မနှစ်မြို့စွာ ဝမ်းနည်းစွာဖြင့် ကြည့်နေခဲ့ကြ သည်။ သူတို့မှာ စန္ဒရားကြီးကို လိုက်ပို့ရန်အတွက် အင်အား မရှိကြတော့။ ထမင်းချက်ကတော့ သူ့ခါးမှာ ပတ်ထားသော အဝတ်စဖြင့် မျက်ရည်သုတ်နေသည်။ လမ်းထောင့်ရောက်သည့် အချိန်တွင် နီဂရိုးလူငယ်များက မည်သည့်လမ်းဘက်သွားရမည် ကို မေးလိုက်သည်။ သူတို့အားလုံးက လိမ့်ကျလုနီးနီးဖြစ်နေသော ပီယာနိုကြီးကို တစ်ပြိုင်နက် ဝိုင်းမလိုက်ကြရင်းက “ဘယ်လမ်း လဲ”ဟု ထပ်မေးလိုက်ပြန်ပါသည်။

“ပင်လယ်ဘက်ကိုသွားမယ်”ဟု ဂျိုးအိုလီဗီယာရာက အော်ပြောလိုက်သည်။ သူက ရေတပ်စစ်ဗိုလ်ချုပ်ကြီး၏ ခံ့ညား

http://www.cherrythitsar.org



သော ဟန်ပန်မျိုးဖြင့် အတ္တလန္တိတ်သမုဒ္ဒရာရှိရာဘက်ကို ညွှန်ပြလိုက်သည်။ နီဂရိုးလူငယ်များက "ပင်လယ်ဘက်ကို၊ ပင်လယ်ဘက်ကို"ဟု သံပြိုင်အတိုင်အဖောက်ညီလိုက်ကြပြန်သည်။

သူတို့အားလုံးက စန္ဒရားကြီးကို ဖျက်ဆီးရမည်ဟု သဘောပေါက် နားလည်လိုက်ကြသောအခါ စိတ်လှုပ်ရှားသွားခဲ့ကြသည်။ သူတို့အားလုံး ရယ်မောလိုက်၊ စကားပြောလိုက်နှင့် ပြုမူလှုပ်ရှားနေကြသည်။ အုန်းအုန်းကျွက်ကျွက်အသံဗလံများက ခွေးမလေး ဒိုလီကို လေထဲသို့ ခုန်ပြီး စိတ်ဆိုးမာန်ဆိုးဖြင့် ဟောင်စေရန် နှိုးဆွပေးလိုက်သည်။

လမ်းမတစ်လျှောက်ရှိ အိမ်များပေါ်မှ ဝရန်တာအားလုံး အထူးသဖြင့် မိန်းမရွယ်လေးများဖြင့် ပြည့်နှက်သွားသည်။ သူတို့က ...

"ဘုရားရေ ... ဒါဘာပါလိမ့်၊ အို ... စန္ဒရားကြီးပါလား" ဟု မယုံကြည်နိုင်လောက်သော လေသံဖြင့် တအံ့တသြ ရေရွတ်ကြသည်။

နီဂရိုးဂျပိုး တေလေလေးတစ်ယောက်က "အဲဒါ အိမ်နံပါတ် ၉၉ ကလေ"ဟု တစ်အိမ်တက်ဆင်းလိုက်၍ အပြေးအလွှားသတင်းပေးနေသည်။

"ဘာဖြစ်လို့ပါလိမ့်။ အဲဒီအိမ်က ဆာရာတို့အိမ် မဟုတ်လား"

"ဂျိုး အိုလီဗီယာတို့ အိမ်လေ"

အချို့ရင်းနှီးသူများက အိုလီဗီယာအား ကိုယ်တိုင်

မေးရန် ပြေးထွက်လာကြသည်။

"ဘာဖြစ်လို့လဲ ဂျိုး"

"ဘာမှမဖြစ်ပါဘူး။ ကျုပ် ဘာလုပ်နေတယ်ဆိုတာကို ကျုပ်သိပါတယ်။ ကျေးဇူးပြုပြီးသာ ဘေးကို ဖယ်ပေးကြပါ ခင်ဗျာ"

"မင်း ဘာဖြစ်လို့ စန္ဒရားကြီးကို ရောင်းမပစ်တာလဲ"

"ဟုတ်ကဲ့ ကျွန်တော် ရောင်းမှာပါ။ အတ္တလန္တိတ် သမုဒ္ဒရာကြီးကို ရောင်းမလို့လေ။ ဟိုမှာတွေ့လား သမုဒ္ဒရာ ကြီးလေ"

ပျာယာခတ်၍သွားသော အာဏာသား၏ လေသံမျိုး ဖြင့် သူက အခြေအနေကို ပြန်ထိန်းသိမ်းလိုက်သည်။

"ရဲဘော်တို့ ဘယ်ဘက်ကို နည်းနည်းပိုပြီး ရွှေ့လိုက် ကြဦး။ သတိထားနော်၊ အောက်ကို လွတ်မကျစေနဲ့ကွယ်"

တစ်ခါတစ်ရံ၌ လူရွှယ်ထဲမှ တစ်ယောက်က စန္ဒရား ကြီးထဲသို့ လက်နှိုက်၍ ကြိုးများကို တီးခတ်လိုက်ရာ ထွက် ပေါ်လာသောအသံမှာ မျောက်မင်းအူသံတစ်မျိုးဟု ဆိုရမည် လားမသိ။

ဝရန်တာပေါ်မှ အမျိုးသမီးတစ်ဦးက ဂျိုးကို လှမ်းအော် ပြီး မေးလိုက်သည်။

"ဒီ စန္ဒရားကြီးကို ရောင်းမှာလား"

"ရောင်းဖို့မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော် စွန့်ပစ်မလို့ ပါ။ ဘာလဲ ခင်ဗျားလိုချင်လို့လား"

အမျိုးသမီးမှာ မျက်နှာကြီး နီရဲသွားပြီး အစော်ကားခံလိုက်ရသလို ခံစားသွားရပြီး အိမ်ထဲသို့ ပြန်ဝင်ပျောက်ကွယ်သွားသည်။ ဂျိုးက အားလုံးအတွက် ကမ်းလှမ်းမှုတစ်ခု ပြုလိုက်ပြန်သည်။

“ဒီပတ်ဝန်းကျင်က တစ်ယောက်ယောက်ကများ စန္ဒရားကြီးကို လိုချင်တဲ့သူ ရှိပါသေးသလားခင်ဗျာ”

အိမ်နံပါတ် (၄၃) မှ ပိုလန်လူမျိုး စစ်ပြေးဒုက္ခသည်တစ်စုက လက်ခံလိုက်သည်။ သူတို့အားလုံးက အကြီးအကျယ် အံ့သြနေကြကာ နောက်ဆုံးမှာ ကမ်းလှမ်းမှုကို လက်ခံလိုက်ကြသည်။ ဂျိုးအိုလီဗီယာက ...

“ကဲ ... ဒါ ခင်များတို့ ပစ္စည်းဖြစ်သွားပြီ”ဟု အော်ဟစ်ကြေညာလိုက်သည်။

ပိုလန်မိသားစုအိမ်ပေါ်မှ အပြေးအလွှားဆင်းလာကြကာ စန္ဒရားကြီးကို ဝန်းရံလိုက်ကြသည်။

“ကောင်းပြီ၊ ကျုပ်တို့ယူမယ်။ ဒါပေမဲ့ အဲ ... အိမ်ကသိပ်သေးနေတယ်။ နှစ်ရက်လောက် အချိန်ပေးပါဦး၊ စန္ဒရားကြီးကို ထားဖို့ ပြင်ဆင်မလို့ပါ”

“အခု ယူရင်ယူ နောက်မှတော့ မရဘူး”

အိုလီဗီယာရာက ပြန်ပြောလိုက်သည်။

“ပစ္စည်းက ခင်ဗျားတို့အိမ်ရှေ့တည့်တည့်ရောက်နေပြီ။ ဘာလဲ ခင်ဗျားတို့ မလိုချင်ဘူးလား။ အိုကေ ရဲဘော်တို့ ရှေ့ကို ဆက်ကြစို့ရဲ့”

http://www.cherrythitsar.org


စန္ဒရားကြီးမှာ ပင်လယ်ဘက်သို့ နီးသထက်နီး၍လာပြီ။ ပုရွက်ဆိတ်များ သယ်ဆောင်၍လာသော ပိုးဟပ်သေကြီး ဟိုဒီ ယိမ်းထိုးနေသယောင်။ ဂျိုးအိုလီဗီယာရာက အိမ်များ၏ တံခါး၊ ပြတင်းပေါက်များ ဝရန်တာများထံမှလာသော အာမေဋိတ်ရေ ရွတ်သံ အနည်းငယ်ကိုသာ ခွဲခြား၍ ကြားနေခဲ့ရသည်။

"ငါကြားဖူးသမျှအထဲမှာတော့ စိတ်ရူးအပေါက်ဆုံး တစ်ခုပဲကွ"ဟု အော်ပြောလိုက်သည်။

"အိုကေ ... ဒါဆို မင်းယူလိုက်လေ ယူလိုက်ပါ"

ထို့နောက်တော့ အလားတူ အဖြစ်အပျက်များက ပေါ်ပေါက်လာသည်။ လူတိုင်းက ဂျိုး ထိုကဲ့သို့ ပြုမူဆောင်ရွက်ခြင်းမှာ အရူးထခြင်းတစ်မျိုးဟု ယူဆကြပြီး လူတိုင်းကလည်း ယင်းပီယာနိုကြီးကို လိုချင်နေကြသည်။ သို့သော် ဂျိုးက ချက်ချင်းယူရန် ပြောဆိုလိုက်သည်နှင့် တစ်ပြိုင်နက် စိတ်အနှောင့်အယှက်ဖြစ်ပြီး နှုတ်ဆိတ်သွားခဲ့ကြတော့သည်။ တကယ်တော့လည်း ယခုလို ခေတ္တအခိုက်အတန့်မျှသာ နို့တစ်ပေးခြင်းဖြင့် မည်သူတစ်ဦးတစ်ယောက်က စန္ဒရားကြီးကို လက်ခံရယူနိုင်ပါမည်နည်း။

ဂျိုးအိုလီဗီယာကမူ စိတ်နှလုံးတုံးတုံးချပြီး ရှေ့ဆက်တော့သည်။ ဝေဖန်သံများ၊ ဝမ်းနည်းပူဆွေးမှုများက သူ့ကို ဝန်းရံနေသည်။ နောက်ထပ် ဘယ်သူ့ကိုမှ ခွန်းတုံ့မပြန်တော့ရန် စိတ်ဆုံးဖြတ်လိုက်သည်။

မော်တော်ဆိုင်ကယ်စီး ရဲအရာရှိတစ်စု ရောက်ရှိလာကာ အားလုံး၏ လှုပ်ရှားမှုကို ရပ်တန့်စေပြီး စန္ဒရားကြီးကို

http://www.cherrythitsar.org



ဝိုင်းထားလိုက်ကြသည်။ ဂျိုးအိုလီဗီယာက အကြောင်းစုံ အသေးစိတ် ရှင်းပြလိုက်သည်။ သူတို့က တရားဝင်ရုံးစာ အထောက်အထားများပြရန် ပြောသည်။

သူက အိမ်သို့ တစ်ခေါက်ပြန်ကာ စာရွက်စာတမ်းများ ကို ယူရသည်။ တိုင်းပြည်မှာ စစ်အတွင်း မငြိမ်မသက်ဖြစ်နေ သဖြင့် ထိုကဲ့သို့ ဖြစ်ရခြင်းမှာ သဘာဝကျပေသည်ဟု သူက အတွေးပေါက်လိုက်မိသေးသည်။ သို့သော် ဤကိစ္စတွင် ဖြေရှင်း ချက်ပေးနေရသည်ကိုတော့ သူမနှစ်မြို့လှချေ။ အဘယ့်ကြောင့် ဆိုသော် သူ၏ ပြုမူဆောင်ရွက်ချက်များမှာ သူ၏ မိသားစုအတွင်း ကိုယ်ပိုင်ဆုံးဖြတ်ချက်အရသာ ဖြစ်သောကြောင့် ဖြစ်၏။ သူ ပိုင်ဆိုင်သော ပစ္စည်းတစ်ခုခုကို သူမလိုချင်၍ စွန့်ပစ်နိုင်သော အခွင့်အရေး သူ့မှာ အပြည့်ရှိသည်။ ထိုကဲ့သို့သော အတွေးများ က စန္ဒရားကြီးအပေါ်တွင် တွယ်တာနေသောစိတ်များ ပြန်လည် နိုးကြားလာစေပြန်သည်။ ကွယ်လွန်သွားခဲ့ပြီဖြစ်သော မိတ်ဆွေ သူငယ်ချင်းတစ်ဦး၏ နဖူးပေါ်တွင် လက်ကိုတင်သည့် အမူအရာ မျိုးဖြင့် စန္ဒရားကြီးအပေါ်တွင် လက်ကိုတင်၍ ရင်ထဲမှ လှိုက် လှိုက်လှဲလှဲ ခံစားရင်း ရွှေ့လျားနေမိသည်။

"ဒီစန္ဒရားကြီးဟာ အဖိုးတန်ရှေးဟောင်းပစ္စည်းတစ်ခု ပဲ။ ဘရာဇီးနိုင်ငံမှာ သက်တမ်းအရှည်ကြာဆုံး စန္ဒရားတစ်ခုပဲ"

ထိုစန္ဒရားကြီးမှာ မင်းမှုထမ်းခဲ့ကြသော သူ၏အဘိုး အဘွားပိုင်ပစ္စည်းတစ်ခု ဖြစ်ခဲ့လေသည်။

"တကယ့်ကို ကောင်းတဲ့စန္ဒရားကြီးပဲ။ ကျုပ်ပြောတာ

http://www.cherrythitsar.org


ကို ယုံပါ။ အင်မတန်မှ ကျော်ကြားခဲ့တဲ့ ဂီတပညာရှင်တွေ တီးခတ်ခဲ့ကြတာပါ။ ဂီတပညာရှင်ကြီး ရှူပင်ကဆိုရင် ဒီစန္ဒရား ကြိုက်လွန်းလို့လေ။ ဒါပေမဲ့ အခု ဘာဖြစ်နေပြီလဲ။ ဘယ်သူကမှ တန်ဖိုးမထားကြတော့ဘူးလေ။ အချိန်တွေကလည်း ပြောင်းလဲကုန်ကြပြီကိုး။ သမီးလေးဆာရာကလည်း မကြာခင်လက်ထပ်တော့မှာ။ လက်ထပ်ပြီးရင် မိသားစုနဲ့ပဲ အတူနေမှာ။ အိမ်ကလည်း ကျဉ်းတယ်မဟုတ်လား။ ငါဘာလုပ်နိုင်မလဲ။ ဘယ်သူကမှလည်း ဒီစန္ဒရားကြီးကို မလိုချင်ဘူး။ အခု နည်းလမ်းကလွဲလို့ ဒီပြင်လုပ်စရာမရှိတော့ဘူး”

သူက ပင်လယ်ပြင်ရှိရာ အရပ်ဘက်သို့ ခေါင်းညိတ်ပြလိုက်သည်။ နီဂရိုးလူရွယ်ကလေးများမှာ ကြားမှ အနှောင့်အယှက်ဝင်လာသည်ကို သည်းမခံနိုင်ကြ။ သူတို့က ပင်လယ်လှိုင်းလုံးတွေအောက်မှာ စန္ဒရားကြီး နစ်မြုပ်သွားတာကို မြင်ချင်ဇောဖြင့် ထက်သန်နေကြသည်။ ထို့အတူ စာပို့လုလင်များ၊ နွားနို့ပို့သူများ၊ အမျိုးသမီးအချို့နှင့် ကလေးငယ်အတော်များများကလည်း စိတ်အားထက်သန်စွာဖြင့် စန္ဒရားကြီးကို သယ်ယူသွားသော လူငယ်များနောက်က လိုက်လာခဲ့ကြပြန်သည်။

ရဲအရာရှိက စန္ဒရားအဖုံးကို ဖွင့်၍ အတွင်းကို စစ်ဆေးလိုက်သည်။ သင်္ကာမကင်းဖွယ်ရာ ဘာမှမတွေ့။ ရဲအရာရှိများက အိုလီဗီယာရာ၏ စာရွက်စာတမ်းများကို ပြန်ပေးလိုက်ရင်း ယာဉ်ပိတ်ဆို့မှုမဖြစ်ခင် စန္ဒရားကြီးကို မြန်မြန်သယ်သွားကြရန် အကြံပေးလိုက်ကြသည်။ ထိုအခိုက် ဓာတ်ပုံဆရာတစ်ဦး ရောက်ရှိ

http://www.cherrythitsar.org



လာပြန်ကာ လူအချို့ကို စန္ဒရားကြီးအနီးတွင် ရပ်စေကာ အမှတ်တရဓာတ်ပုံရိုက်ယူလိုက်သေးသည်။ ဂျိုးအိုလီဗီယာမှာ ဝမ်းနည်းသောမျက်နှာပေးဖြင့် စန္ဒရားဘယ်ဘက်မှရပ်၍ ဓာတ်ပုံ အရိုက်ခံလိုက်ရပြန်သည်။ ထိုနောက်တော့ စန္ဒရားကြီးနှင့် ပတ်သက်၍ နာကြည်းဆွေးမြည့်မှုကို တာရှည်စေမည့် ဤကြားဖြတ် ပြုမူမှုအားလုံးကို သူစိတ်အနှောင့်အယှက်ဖြစ်လာသည်။ အမှောင်ထုက လျင်မြန်စွာ ကျရောက်လာခဲ့သည်။ ရဲအရာရှိက ညနေခြောက်နာရီကျော်သွားပြီဖြစ်၍ သူတို့ကို ရှေ့ဆက်သွား ခွင့်မပြုတော့။ နောက်တစ်ရက်မိုးလင်းအောင် သူတို့စောင့်ကြရပေတော့မည်။ နီဂရိုးလူငယ်လေးများ လူစုခွဲလိုက်ကြတော့သည်။ အိုလီဗီယာရာ၏ အိမ်ကိုပြန်ပြီး ပိုက်ဆံယူကြရမည်။ ရပ်ကွက်မှ လူများမှာ သေးငယ်၍ ဆင်စွယ်အုပ်ထားသော သစ်သားအပိုင်းအစလေးများကို လက်ထဲတွင်ကိုင်ရင်း လမ်းသလားနေခဲ့ကြသော နီဂရိုးလူငယ်အုပ်စုကို တအံ့တသြကြည့်နေခဲ့ကြသည်။

စန္ဒရားကြီးမှာ သူတို့ထားရစ်ခဲ့သည့်အတိုင်း ပလက်ဖောင်းပေါင်အပေါ် မေးတင်၍ လမ်းပေါ်မှာ ကျန်ရစ်ခဲ့သည်။ အမြင်မတော်သည့်ပုံစံပင်။ ညနေခင်း ပင်လယ်ကမ်းနားစကြံအတိုင်း လမ်းလျှောက်ထွက်လာကြသော လူရွယ်ယောကျာ်းပျို၊ မိန်းမပျိုများက မကြာမီ စန္ဒရားကြီးကို ဝိုင်း၍ ကြည့်နေခဲ့ကြကာ တီးတိုးတီးတိုး လုပ်နေလိုက်ကြသည်။

ဂျိုးအိုလီဗီယာရာ အိမ်ပြန်ရောက်သည့်အခါ ဆာရာ၏ မိန်းကလေးမိတ်ဆွေအချို့ ရောက်ရှိနေကြကာ စန္ဒရားကြီးနှင့်

http://www.cherrythitsar.org



ပတ်သက်၍ အားတက်သရောမေးခွန်းတွေ ထုတ်နေသည်ကို တွေ့ရသည်။

မိုးသည်းထန်စွာ ရွာသွန်းသည့်အသံက ဂျိုးနှင့် သူ၏ ဇနီးကို အိပ်ရာမှ နိုးစေသည့်အချိန်တွင် မှောင်နေဆဲ ဖြစ်၏။

လေပြင်းတိုက်သံ၊ မိုးသီးမိုးပေါက်များအသံနှင့် ပင်လယ်လှိုင်းလုံးများ ရိုက်ခတ်သံများကို ကြားနေရသည်။ မီးထွန်းညှိလိုက်ပြီး သူတို့တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

"ရိဇာလီယာ၊ ငါတော့ စန္ဒရားကြီးအတွက် စိတ်ပူနေတယ်"

"ကျွန်မလည်း ရှင့်လိုပါပဲ ဂျိုး၊ မိုးထဲလေထဲမှာ သနားစရာနော်။ အပြင်ဘက်မှာ အရမ်းအေးမှာပဲ"

"စန္ဒရားထဲကို ရေတွေဝင်ပြီး အားလုံးပျက်ကုန်တော့မှာပဲ။ ဒုက္ခပါပဲ ရိဇာလီယာ"

"ကျွန်မတို့ အကျိုးမရှိတာကို လုပ်မိခဲ့ပြီ ဂျိုး"

"ငါတော့ အဲဒီလို မစဉ်းစားချင်ဘူး ရိဇာလီယာ"

ဂျိုးအိုလီဗီယာက ပြတင်းပေါက်မှ အပြင်ဘက်ကို လှမ်းကြည့်လိုက်ရာ လေပြင်းအောက်တွင် ယိမ်းထိုးနေသောသစ်ပင်မှ သစ်ကိုင်းများကို လျှပ်စီးလက်လိုက်သည့်အချိန်တွင် တွေ့မြင်လိုက်ရသည်။ ဂျိုးက ပြန်အိပ်ပျော်ရန် ကြိုးစားလိုက်သေးသည်။ မေးခနဲအိပ်ပျော်သွားပြီး ပြန်နိုးလာပြန်ကာ သူ့နားထဲတွင် စန္ဒရားသံများကို ကြားနေခဲ့ရကြောင်း သူ့မိန်းမကို ပြောပြနေလိုက်သည်။

"ငါတော့ တို့စန္ဒရားကြီးကို တီးခတ်ခဲ့တဲ့လူတိုင်းကို သတိရနေခဲ့တယ်။ လက်တွေမှ စုံနေတာပဲ။ ငါရဲ့အဘွားလက်တွေ၊ အမေရဲ့လက်တွေ၊ မင့်အမေရဲ့လက်တွေ၊ ငါ့ရဲ့အဒေါ်လက်တွေ၊ သမီးဆာရာရဲ့လက်တွေ။ လက်တွေချည်းပဲ ၂၀ကျော်မယ်ကွ။ ဖြူဖွေးတဲ့ လက်ချောင်းလေးတွေချည်းပဲ တစ်ရာကျော်။ စန္ဒရားခလုတ်ဖြူဖြူလေးတွေကို နှိပ်ပြီး တီးခတ်ခဲ့ကြတာလေ။ ငါ့ဘဝမှာ တစ်ခါမှ အခုလို သာယာတဲ့ ဂီတသံကို မကြားဖူးဘူး။ သိပ်နက်နဲသိမ်မွေ့တာပဲ ရိုဇာလီယာ။ တစ်ခါတစ်ရံ သေဆုံးသွားသူတွေရဲ့လက်ဟာ ရှင်သန်နေတဲ့သူတွေရဲ့ လက်ထက် စန္ဒရားအတီးကောင်းတယ်။ တို့အရင်မျိုးဆက်က မိန်းမရွယ်ကလေးတွေက စန္ဒရားနံဘေးမှာ ရပ်ပြီး နားထောင်နေခဲ့ကြတယ်။ လက်ထပ်ကြတော့မယ့် စုံတွဲတွေကလည်း တစ်ဦးလက်ကိုတစ်ဦးချိတ်လို့ စန္ဒရားကြီးအနားမှာ ထိုင်ပြီး နားထောင်နေကြလေရဲ့။ ခဏနေ တော့ ဘာကြောင့်မှန်းမသိ။ သူတို့အားလုံး မနှစ်မြို့တဲ့ပုံသဏ္ဍာန်နဲ့ ငါ့ကို စိုက်ကြည့်နေခဲ့ကြတယ်။ ရုတ်တရက် လက်တွေအားလုံး စန္ဒရားကြီးဆီက ရုပ်သိမ်းသွားခဲ့ကြတယ်။ ဒါပေမဲ့ စန္ဒရားကြီးက ဂီတအသံကတော့ ဆက်ပြီး ထွက်ပေါ်နေတုန်းပဲ။ တီးလုံးက ဈာပနအခမ်းအနားမှာ တီးတဲ့ဂီတသံစဉ်လေ။ နောက်တော့ စန္ဒရားသံ သူ့ဘာသာတိတ်သွားတယ်။ ရေတွေ ဒလဟောလိမ့်ဝင်လာပြီး စန္ဒရားကြီးဟာ သမုဒ္ဒရာပင်လယ်ပြင်ရှိရာဘက်ကို မျောပါသွားခဲ့တယ်။ ငါ အသံကုန် လှမ်းအော်လိုက်ပေမဲ့ သူက ကြားပုံမရဘူး။ စန္ဒရားကြီးဟာ မကျေမနပ်ဖြစ်သွားပုံပဲ

http://www.cherrythitsar.org



ရိဇာလီယာ။ တဖြည်းဖြည်းနဲ့သူဟာ ပင်လယ်လှိုင်းလုံးတွေ အောက်မှာ ရွှေ့လျားပျောက်ကွယ်သွားခဲ့တယ်။ လမ်းပေါ်မှာ ငါတစ်ယောက်တည်း အထီးကျန်။ ငါစပြီးငိုခဲ့မိတယ်”

ဂျိုးအိုလီဗီယာမှာ မနည်းကြီး အသက်ရှူနေခဲ့ရ သည်။ ထူးဆန်းသော တေးဂီတပွဲတစ်ခုကို ကြုံတွေ့ခဲ့ရပြီး နောက် စိတ်လှုပ်ရှား ကျန်ရစ်ခဲ့ရသည်။ မငဲ့မညှာ ရက်ရက် စက်စက် အမှားတစ်ခုကို ကျူးလွန်မိခဲ့ပြီးနောက် နောင်တရ နေခဲ့မိသည်။

မိုးစဲသွားပြီ။ မိုးလင်းလင်းချင်း နီဂရိုးလူငယ်လေးများ ကို လူစုရန် ဂျိုးတစ်ယောက်အပြင်သို့ ထွက်လာခဲ့သည်။ သူက အရာရာကို ယခုအချိန်တွင် အမြန်ဆုံး ပြီးဆုံးသွားစေချင်ပြီ။

လေကတော့ သည်းထန်နေဆဲ၊ မနေ့ညက မုန်တိုင်းဒဏ် ကို အစာခြေနေသည့်အလား ပင်လယ်ရေပြင်က အသံတွေထွက် ညည်းညူ နေသည်။ နီဂရိုးလူငယ်တွေ စုမိတော့ ယမန်နေ့က ထက် အရေအတွက်နည်းသွားသည်။ အရွယ်ကြီးအချို့လည်း ပါလာသည်။ ဂျိုးအိုလီဗီယာရာက ကွဲအက်အက်အသံဖြင့် အမိန့်ပေးလိုက်ရပြန်သည်။ ကမ်းခြေပေါ်တွင် စန္ဒရားကြီးက ဖြည်းညင်းစွာ လှုပ်ရှားနေသည်။ နောက်ဆုံးမတော့ ပင်လယ်လှိုင်း လုံးကြီးများ၏ ရှည်လျားသောလျှာကစန္ဒရားကြီးကို စတင် လျက် စပြုခဲ့သည်။ အချို့မိသားစုများက နံဘေးမှာရပ်ကာ ထို အဖြစ်အပျက်ကို စောင့်ကြည့်နေခဲ့ကြသည်။ အိုလီဗီယာရာ၏ အဖွဲ့သားများက စန္ဒရားကြီးကို ပင်လယ်လှိုင်းလုံးများက ရေနက်

http://www.cherrythitsar.org


ပိုင်းအထိ သယ်သွားနိုင်မည့် နေရာရောက်သည့်တိုင် သယ်ဆောင်သွားခဲ့ကြကာ တွန်းချလိုက်ကြတော့သည်။ ကြီးမားသောလှိုင်းလုံးကြီး နှစ်ခုက စန္ဒရားကြီးကို ဖုံးလွှမ်းသွားသည်။ ဘာမှမဖြစ်သေး။ တတိယမြောက် လှိုင်းလုံးကြီးက စန္ဒရားကိုယ်ထည်အား တုန်ခါသွားစေခဲ့သည်။ စတုတ္ထမြောက်လှိုင်းလုံးကမူ စန္ဒရားကြီးအား ထာဝရအဝေးသို့ သယ်ဆောင်သွားခဲ့လေတော့သည်။

ဂျိုးအိုလီဗီယာရာက ဒူးဆစ်လောက်နစ်သော ရေတွင်ပါးစပ်ကို ဟကာရပ်ပြီး ကြည့်နေခဲ့သည်။ ပင်လယ်ပြင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသလိုပင်။ သူငိုနေခဲ့သည်ဟု မည်သူကမှ မပြောနိုင်။ အဘယ်ကြောင့်ဆိုသော် လွင့်ပျံလာသောပင်လယ်ရေစက်များနှင့် သူ၏ ပါးပြင်အပေါ်မှ မျက်ရည်စက်များက ရောထွေးသွားသောကြောင့် ဖြစ်သည်။ ခပ်လှမ်းလှမ်းမှာဆာရာက သူမ၏ဦးခေါင်းကို စစ်ဗိုလ်လေး၏ ပခုံးပေါ်တွင်မှီ၍ ရပ်နေသည်ကို တွေ့လိုက်ရ၏။ စန္ဒရားကြီး၏ အနီးကြမ်းပြင်ပေါ်တွင် အမြဲအိပ်လေ့ရှိသော ခွေးမလေး ဒိုလီကိုလည်းဆာရာ၏အနီးတွင် တွေ့ရပြန်သည်။ ဇနီးဖြစ်သူ ရိဇာလီယာမလာဖြစ်သည်ကိုပင် ဂျိုးက ဝမ်းသာရသည်။ တစ်ယောက်နှင့်တစ်ယောက် ဘာဖြစ်နေသည်ကို မေးမြန်းရင်း ပင်လယ်ကမ်းခြေပေါ်တွင် လူအတန်းများလာ၏။ ပထမတော့ ပိုလန်လူမျိုးမိသားစုတစ်စုလုံး ရေနစ်သေဆုံးကုန်ပြီဟု သတင်းထွက်၏၊ နောက်တော့ လူတစ်ယောက်ပဲ ရေနစ်သည်ဟု ဆိုကြပြန်သည်။ တချို့ကလည်း ရေနစ်သူမှာ ကလေးတစ်ယောက်ဟု ဆိုကြပြန်

http://www.cherrythitsar.org


၏။ အချို့ကလည်း ချစ်ရေးမပြေလည်သော မိန်းမတစ်ဦးဟု ဇွတ်အတင်းပြောနေပြန်ကြသည်။ နောက်ဆုံးမှ ယေဘုယျ နားလည်သဘောပေါက်လာသည်မှာ တကယ် ရေနစ်သေဆုံးသူမှာ စန္ဒရားတစ်လုံးပင် ဖြစ်သည်ဟူ၍။

ဂျိုးအိုလီဗီယာရာတစ်ယောက် ပင်လယ်ကမ်းခြေဘက်မှ အိမ်သို့ ပြန်အလာကို လူအများက အိမ်ပြတင်းပေါက်များတွင် နေရာယူပြီး စောင့်အကဲခတ်နေကြ၏။

"ဒီလူပဲ၊ ဒီလူပဲ"ဟု တစ်ယောက်က ကြေညာလိုက်သည်။

အိုလီဗီယာရာက ခေါင်းငိုက်စိုက်ချကာ ဖြည်းညင်းစွာ လျှောက်လှမ်းလာ၏။ လူတိုင်းက သူ့ကို လေးစားစွာဖြင့် ကြည့်နေခဲ့ကြသည်။

"စန္ဒရားကြီးတော့ သွားပြီ မိန်းမရေ။ ဘယ်တော့မှ ပြန်လာမှာမဟုတ်တော့ဘူးကွဲ့"ဟု သူက အိမ်အထဲသို့ ဝင်လာရင်း ပြောလိုက်သည်။

"ကဲပါ။ အဲဒါတွေ မပြောခင် အရင်အဝတ်အစားတွေ လဲလိုက်ပါဦး"

"တို့ရဲ့ စန္ဒရားကြီးကတော့ မပြန်လမ်းကို မြန်းသွားပြီ ရိဇာလီယာ"

"သေချာတာပေါ့၊ ပြန်လာမှာ မဟုတ်တော့တာ။ ရှင်ပဲ သူ့ကို ပင်လယ်ထဲပစ်ချခဲ့တာ မဟုတ်လား"

ဆာရာက "ဘယ်သူသိနိုင်မလဲ။ ဟိုးတစ်နေရာရာက

http://www.cherrythitsar.org



ကမ်းပေါ်မှာ သွားတင်ချင် တင်နေမှာပေါ့”ဟု ပြောလိုက်သည်။

“ကဲ ... ဒီအကြောင်းတွေ နောက်ထပ်ပြောမနေကြနဲ့တော့လေ။ ပြီးတာတွေ ပြီးပါစေတော့။ ဆာရာ ... အခု မင်းအတွက် အခန်းကို စီစဉ်ဖို့ ကောင်းပြီ”

ခဏမျှ အသံများ ငြိမ်သက်သွားပြီးနောက် ဂျိုး၏ဝမ်းနည်းပူဆွေးမှုက တစ်ကျော့ပြန်လာပြန်သည်။

“စန္ဒရားကြီးကို လှိုင်းတွေက ဝါးမျိုသွားတာကို ကျုပ်ကိုယ်တိုင် တွေ့လိုက်ရတယ်”

“ကဲ ... တော်ပါတော့။ ဒီအကြောင်းတွေ ပြောလို့တော်လောက်ပါပြီရှင်”

“ရေပေါ်ကို နှစ်ခါတိတိ ပြန်ပေါ်လာသေးတယ်ကွာ”

“ပြီးတာတွေပြီးပါစေတော့ရှင်။ ဒီအကြောင်းတွေ နောက်ထပ်စဉ်းစားမနေပါနဲ့တော့”

“ငါမရူးဘူးဆိုတာကို ပြချင်လို့ ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှတောင် မပြောရသေးဘူး။ ဒါပေမဲ့ လူတွေက ငါဟာ ခပ်ကြောင်ကြောင် လူတစ်ယောက်လို့ ထင်နေကြတာကွ။ တစ်ချက်က ဒီပတ်ဝန်းကျင်က လူတွေအထဲမှာ ငါဟာ ကျိုးကြောင်း ဆင်ခြင်တုံတရားနဲ့ အပြည့်ဝဆုံးလူတစ်ယောက် ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမဲ့ ခုနကလေးတင် ဈာပနတီးလုံးကို တီးနေတဲ့ စန္ဒရားကြီးရဲ့ ဂီတသံတွေကို ပီပီသသကြားနေခဲ့ရတာကတော့ အမှန်ပဲကွ”

“အဲဒါတွေက မနေ့ညက ရှင်အိပ်မက်မက်နေတာတွေ

http://www.cherrythitsar.org


မဟုတ်ဘူးလား"

ရိဇာလီယာက သူ့ယောက်ျားကို သတိပေးလိုက်သည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး။ နေ့ခင်းကြောင်တောင် ပင်လယ်ထဲမှာကို ကြားခဲ့ရတာ။ ဆာရာ သမီးရော ကြားခဲ့တယ်မဟုတ်လား။ အဲဒီနောက်ပိုင်း ရေမြှုပ်တွေနဲ့ ဖုံးလွှမ်းသွားပြီး စန္ဒရားအသံလဲ ပျောက်ကွယ်သွားတော့တာပဲ"

သူက မျှော်လင့်ချက်ကင်းမဲ့စွာဖြင့် ခေါင်းကို တညိတ်ညိတ်လုပ်နေလိုက်သည်။ သူ့ကိုယ်သူ စကားတီးတိုး ပြန်ပြောနေသလို။

"ခုလောက်ဆိုရင် တော်တော်ဝေးဝေးကို ရောက်သွားရော့မယ်။ ရေအောက်မှာ ထူးဆန်းတဲ့မြင်ကွင်းတွေကို ဖြတ်ကျော်နေရောပေါ့။ သင်္ဘောပျက်တွေ၊ ရေငုပ်သင်္ဘောတွေ၊ ငါးတွေ။ မနေ့ကအထိတော့ ဒီအိမ်ရဲ့ ဧည့်ခန်းထဲက ဘယ်ကိုမှ ရောက်ခဲ့သေးတာမဟုတ်ဘူး။ ဒါပေမဲ့ ဒီနေ့ကစပြီး နောက်နှစ်ပေါင်းတော်တော်ကြာ ကမ္ဘာကြီးရဲ့ ဟိုမှာဘက်သမုဒ္ဒရာထဲက ကျွန်းလေးတစ်ကျွန်းပေါ်မှာ လှိုင်းတွေက ပုတ်ပြီး တင်ချင်တင်နေရော့မယ်။ ဆာရာရယ်၊ ရိဇာလီယာရယ်၊ ကျုပ်ရယ် သေဆုံးခဲ့ရင်တောင် ဒီစန္ဒရားကြီးဟာ ဒီအိမ်ထဲမှာ သူဖန်တီးခဲ့တဲ့ ဂီတသံတွေကို အမြဲသတိရနေတော့မှာပါပဲ"

ထိုသို့ပြောပြီး သူက အခန်းထဲမှ ထွက်သွားခဲ့သည်။ ဆာရာတစ်ယောက်တည်း ကျန်ရစ်ခဲ့ကာ ယခင်က ပီယာနိုကြီးထားခဲ့သောနေရာကို ငေးကြည့်နေခဲ့မိသည်။ ထိုနေရာ၌ သူမ

http://www.cherrythitsar.org



မင်္ဂလာဆောင်လျှောင်ထားရမည့် နှစ်ယောက်အိပ်ခုတင်ကြီးကို ပုံဖော်ကြည့်ရင်းက ယခုတစ်ကြိမ်တွင်မတော့ အပြစ်မကင်းသလို ခံစားနေရတော့သည်။ သူမ၏ အတွေးများကို တံခါးခေါက်သံ တစ်ခုက ဖျက်ဆီးပစ်လိုက်သည်။ အရာရှိပုံပေါက်နေသော လူ တစ်ယောက် အိမ်ထဲသို့ ဝင်လာခဲ့သည်။ အမည်မသိ လူတစ်ဦး က ပုလိပ်ထံသို့ သတင်းပေးခဲ့သည်မှာ စန္ဒရားကိုယ်ထည်အထဲ တွင် လျှို့ဝှက်ရေဒီယိုတစ်လုံးကို ဝှက်ထားခဲ့ပြီး သူမ၏ဖခင်က ယင်းရေဒီယိုအား အစဖျောက်ပစ်ချင်ခဲ့သည်ဟူ၍ပင်။ ထိုကိစ္စ နှင့် ပတ်သက်၍ ခရိုင်ရဲအရာရှိရုံးသို့ လာရောက်၍ မေးခွန်းများ ကို ဖြေကြားရန် ဖြစ်သည်။ ထိုကိစ္စမျိုးမှာ စစ်မက်ဖြစ်ပွားသည့် အချိန်၌ ဖြစ်ပွားလေ့ရှိသည့် အဖြစ်အပျက်မျိုးပင်။

မည်သူမှ ဘာမျှမတတ်နိုင်။ သို့နှင့် အိုလီဗီယာမှာ တစ်နေ့လုံးလိုလို ရဲဌာန၌ အချိန်ကုန်ခဲ့ရတော့သည်။ ညနေ စောင်းမှ အိမ်ကို နောက်ကျစွာ ပြန်လာနိုင်သည်။

"ဘယ်လိုဘဝမျိုးလဲ ရိဇာလီယာ။ ကျုပ်တို့ပိုင်တဲ့ပစ္စည်း ကိုတောင် ကျုပ်တို့လွှင့်ပစ်လို့မရပါလား"ဟု ပြောပြောဆိုဆို ဖြင့် သူ့ကိုယ်သူ ပက်လက်ကုလားထိုင်တစ်ခုထဲသို့ ခြေပစ် လက်ပစ်ထိုင်ချလိုက်သည်။

ဂျိုးမှာ တော်တော်ကြီး စိတ်ပျက်လက်ပျက်ဖြစ်ကာ တစ်ကိုယ်လုံး တောင့်တင်းနေသည်။ ခေတ္တမျှ သူ့အာရုံကို ထိန်းချုပ်လိုက်ပြီး စကားစပြောပြန်သည်။

"ရိဇာလီယာ လူတွေဟာ ရှေးဟောင်းပစ္စည်းတွေကို

http://www.cherrythitsar.org



စွန့်ပစ်ဖို့အတွက် ဘယ်လောက်မုန်းတီးတယ်ဆိုတာကို မင်း သတိပြုမိခဲ့ဖူးလား။ လူတွေက အဲဒီလိုပစ္စည်းမျိုးတွေကို သိပ် သံယောဇဉ်ရှိတတ်ကြတာ”

ရိဇာလီယာက “ရှေးဟောင်းပစ္စည်းတွေတင်မကပါဘူး။ အယူအဆ၊ အတွေးအခေါ်ဟောင်းတွေကိုလည်း ဒီလိုပါပဲ”ဟု ပြန်ဖြေလိုက်သည်။ ခွေးမလေးဒိုလီကတော့ စန္ဒရားကြီးထား ခဲ့သော နေရာကို အနံ့ခံနေသည်။ ခေတ္တခဏမျှ သမ်းဝေပြီး နောက် ဒိုလီမှာ အိပ်ပျော်သွားသည်။

တံခါးခေါင်းလောင်းသံမြည်လာပြန်သည်။ လူ တစ် ယောက်ဝင်လာပြန်ကာ သူ့လက်ဆွဲအိတ်ထဲမှ စာရွက်စာတမ်း များ ဆွဲထုတ်လိုက်သည်။ သူက ဆိပ်ကမ်းကြီးကြပ်ရေးရုံးမှ လာရောက်ကြောင်း ပြောသည်။

“ဂျိုးဒီအိုလီဗီယာဆိုတာ ခင်ဗျားလား”

“ဟုတ်ကဲ့၊ ကျွန်တော်ပါ”

“ဒီနေ့မနက် ပင်လယ်ထဲမှာ ခင်ဗျား ဘာကို ပစ်ချခဲ့ သလဲ”

အိုလီဗီယာရာမှာ ကြောင်အမ်းအမ်းဖြစ်သွားခဲ့သည်။

“ဒီနေ့ ကျွန်တော်တို့ ဆိပ်ကမ်းကို မရောက်ခဲ့ပါဘူး ဆရာ။ ဖြစ်တာက သမုဒ္ဒရာဘက်မှာပါ”

“ဘာလဲ၊ ခင်ဗျားက ကျုပ်ကို စကားလုံးသင်ခန်းစာ ပေးနေတာလား မစ္စတာအိုလီဗီယာရာ”

ဆိပ်ကမ်းအရာရှိက သူ့မေးခွန်းကို နောက်တစ်ကျော့

http://www.cherrythitsar.org



ပြန်မေးပြန်ကာ ယခုအချိန်တွင် ပင်လယ်ရေပြင်ထဲသို့ ခွင့်ပြုချက်လိုင်စင်မရှိဘဲ ဝတ္ထုပစ္စည်းများ စွန့်ပစ်ခြင်းကို တားမြစ်သည့် ဥပဒေတည်ရှိနေကြောင်း ရှင်းလင်းပြသည်။

"ခင်ဗျားမှာ အဲဒီခွင့်ပြုချက်လိုင်စင်ရှိသလား"

အိုလီဗီယာရာက သူပြုမူဆောင်ရွက်ခဲ့သမျှမှာ မကောင်းမှု ဟုတ်မဟုတ်၊ ဥပဒေကို ချိုးဖောက်မှုရှိမရှိ ညင်သာသိမ်မွေ့စွာဖြင့် ပြန်လည်မေးခွန်းထုတ်နေခဲ့မိသည်။

"ဒါက မေးနေဖို့တောင်မလိုပါဘူး။ ခင်ဗျားလည်းသိသားပဲ။ ကျုပ်တို့နိုင်ငံဟာ စစ်ဖြစ်နေတယ်။ ကျုပ်တို့ရဲ့ ကမ်းခြေကို အကာအကွယ်ပေးကြရမယ်။ ဒီနာဇီကောင်တွေက အခွင့်အရေးကို အမြဲစောင့်မျှော်နေတတ်ကြတာမဟုတ်လား"

"ဒါပေမဲ့ အခုကိစ္စက စန္ဒရားကြီးတစ်လုံး ကိစ္စမျှသာပဲဆရာရယ်"

"ဘယ်လိုပဲ ဖြစ်ပါစေ။ ဥပဒေကို ချိုးဖောက်တာပဲ ဖြစ်နေတယ်။ ကဲ ... ထားပါတော့လေ။ ခင်ဗျားပစ္စည်းက တကယ့်စန္ဒရားကြီးအစစ်ပဲနော်။ ခင်ဗျား လုံးဝသေချာတယ်နော်"

ဂျိုးက သူ၏သမီးနှင့် ဇနီးကို ကြည့်လိုက်ပြီး နှုတ်မှလွှတ်ခနဲ ...

"လုံးဝသေချာပါတယ်။ ရိုဇာလီယာရေ...စန္ဒရားဟုတ်ပါတယ်နော်။ ဆာရာရော စန္ဒရားဟုတ်တယ်မဟုတ်လားဟေ..."

http://www.cherrythitsar.org



ရိဇာလီယာရာက "ရှင့်ဦးနှောက် ဘယ်လိုဖြစ်ကုန်ပြီလဲ ဂျိုး။ ရှင်သိပါတယ် ဒီပစ္စည်းဟာ စန္ဒရားပဲဆိုတာကို" ဟု ပြန်ပြောလိုက်သည်။

သူမယောကျ်ား၏ သံသယရောယှက်သော မေးခွန်းများက လူတိုင်းကို အံ့အားသင့်စေလေသည်။ ဂျိုးကို ကြည့်ရသည်မှာလည်း ခပ်မြူးမြူးဖြစ်နေသည်။

"ကျုပ်အထင်တော့ လူတစ်ယောက်ဟာ ပင်လယ်ထဲကို ဘယ်အရာကိုမဆို သူပစ်ချချင်ရင် ပစ်ချနိုင်တယ်လို့"

"အဲဒီလို မဟုတ်သေးဘူးလေ။ ကျုပ်တို့လိုချင်တာက..."

ဂျိုးက ထိုင်ရာမှ ထရပ်လိုက်သည်။ သူ့မှာ စိတ်ရှုပ်ထွေးနေပုံရသည်။

"ဆိုပါစို့၊ ကျွန်တော်က ကျွန်တော့်ကိုယ် ကျွန်တော် ပင်လယ်ထဲ ပစ်ချချင်တယ် ဆိုရင်ကော ပစ်ချနိုင်ပါသလား ခင်ဗျား"

"ဒါကတော့ တခြားအချက်တွေအပေါ်မှာ တည်နေတယ်လေ" ဟု ဆိပ်ကမ်းအရာရှိက ပြန်ဖြေလိုက်သည်။

"ဘယ်အပေါ်မှာ မူတည်နေသလဲဗျ။ ကျုပ်အပေါ်ကလွဲလို့ ဘယ်သူ့အပေါ်မှာများ မူတည်နေဦးမှာလဲ။ ကျုပ်ဟာ လွတ်လပ်တဲ့ လူတစ်ယောက်ပဲ။ ကျုပ်ရဲ့အသက်ကို ကျုပ်ပိုင်တာပဲ"

"ခင်ဗျားထင်တာတွေထက် အများကြီး လျော့ပါသေးတယ်လေ" ဟု ထိုသူက ပြောလိုက်သည်။

http://www.cherrythitsar.org


ဆာရာက ထိုအခိုက်အတန့်၌ အခန်းထဲသို့ ဝင်လာသော သူမ၏ ချစ်လင်လောင်းစစ်ဗိုလ်လေးကို အပြုံးဖြင့် ဆီးကြိုလိုက်သည်။ သူ့ထံသို့ အပြေးကလေးသွားကာ အနမ်းဖြင့် နှုတ်ဆက်လိုက်ပြန်သည်။

"ကျွန်မတို့အခန်းကို ကြည့်ပါဦး ဒါလင်။ အခုတော့ ကောင်းသွားပါပြီနော်"

"တကယ်ပဲ အစစအရာရာကောင်းသွားပါပြီ။ ဒါနဲ့ ပစ္စည်းအသစ်ကို ဘယ်နေရာမှာထားမှာလဲ"

"ပစ္စည်းအသစ် ဟုတ်လား"

"ဟုတ်တယ်လေ၊ မင်းနောက်ထပ်အသစ်မဝယ်တော့ဘူးလား"

ဆာရာနှင့် သူ့မိခင်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ဆာရာ၏ချစ်သူက "ကျွန်တော်က စန္ဒရားဆို သိပ်ရူးတာ။ စန္ဒရားအသံကြားရရင် ဘယ်လိုပင်ပန်းမှုတွေပြေမှန်းမသိဘူးဗျာ။ တစ်နေ့လုံး အမြောက်သံတွေကိုချည်းပဲ ကြားနေရတာ။ ညနေခင်းမှာ စန္ဒရားသံ ညင်ညင်သာသာလေးများ ကြားလိုက်ရရင်"

ဆာရာမှာ ညည်းမတတ်ဖြစ်သွားသည်။ ဂျိုးအိုလီဗီယာကတော့ တံခါးပေါက်မှ အပြင်သို့ ထွက်လာခဲ့သည်။ သူလည်း အသက်ရှူမရဖြစ်ကာ အပြင်ဘက်မှ လေကို ရှူသွင်းလိုက်သည်။ ထိုညတွင် ဘယ်သူများရောက်လာပြီး နောက်ထပ်တောင်းဆို

http://www.cherrythitsar.org



မှုအသစ်တွေ ပြုလုပ်ဦးမည်မသိ။ ကမ္ဘာကြီး၏မျက်ကွယ် အေးဆေးငြိမ်သက်သော အမည်မသိနေရာတစ်နေရာတွင် ယခုရောက်ရှိနေတော့မည့် စန္ဒရားကြီးတစ်လုံးမှာ အများပြည်သူနှင့် ပတ်သက်နေလိမ့်မည်ဟု အဘယ်မှာလျှင် သူကြိုတင်သိခဲ့ပါအံ့နည်း။ ပိုနေမြဲကျားနေမြဲ ဤနေရာမှာပဲ သူ ဘာကြောင့် စန္ဒရားကြီးကို မထားခဲ့နိုင်ပါလိမ့်။

ယခုတော့ မိုင်ပေါင်းများစွာ ဝေးကွာခဲ့လေပြီ။ တောင်ပိုင်းပင်လယ်၏ လှိုင်းလုံးများအကြားဝယ် ခရီးနှင်ပေဦးတော့ စန္ဒရားကြီးရေ...။ လွတ်လွတ်လပ်လပ်သွားပေဦးရော့။ သူဆာရာနှင့် ရိဇာလီယာတို့ထက်လည်း ပိုမို၍ လွတ်လပ်ခွင့်ရသွားပေပြီ။ သူ ဂျိုးအိုလီဗီယာမှာသာလျှင် တစ်ယောက်တည်း အထီး ကျန်။ ထိုခံစားမှုမှာ သူကိုယ်တိုင်အတွက်တင်မကဘဲ သူ့မိသားစုအတွက်ပါ။ စန္ဒရားကြီးမှာလည်း သူတို့ပိုင်ပစ္စည်း မဟုတ်တော့ပြီ။ ကမ္ဘာပေါ်တွင် လွတ်လပ်သော သတ္တဝါကြီးတစ်ကောင်အလား ဖြစ်ခဲ့ပြီ။ ဘဝအတွေ့အကြုံများစွာ ဂုဏ်သိက္ခာအပြည့်ဖြင့် ရဲဝံ့စွာ၊ ပင်လယ်ခုနစ်တန်ကို ဖြတ်ကျော်နေခဲ့ပြီ။ တစ်ကမ္ဘာလုံးမှ ရေများက ဝန်းရံ၍ သူသွားချင်ရာသွား၊ သူလုပ်ချင်ရာလုပ်၍ ရခဲ့ပြီ။

အိမ်ရှေ့သစ်ပင်အောက်တွင် နီဂရိုးလူငယ်လေးများက သူတို့၏ ဒုတိယနေ့လုပ်အားခကို ရရန်အတွက် စောင့်မျှော်နေခဲ့ကြသည်။ ကြိုးကြိုးပမ်းပမ်း ခဲခဲယဉ်းယဉ်း သူတို့ အလုပ်လုပ်ခဲ့ကြသည် မဟုတ်ပါလား။ အမှောင်ထုသန်းလာပြီ ဖြစ်သဖြင့်

http://www.cherrythitsar.org



သူတို့၏ ပုံသဏ္ဍာန်ကိုပင် တိတိကျကျ မမြင်နိုင်။ ထိုလူအုပ်စုထဲမှာ သူနှင့် ကျွမ်းဝင်နှင့်ပြီး ပုံသဏ္ဍာန်တစ်ခုကို မသဲမကွဲသူ မြင်လိုက်ရ၏။ ထိုသူက ပန်းခြံတံခါးကိုဖွင့်၍ ဝင်လာခဲ့ပြီး အိမ်ထဲသို့ ဝင်ခွင့်တောင်းလိုက်သည်။

ခက်ခက်ခဲခဲပင် ဂျိုးက ဆံပင်နီနှင့် လူကို မှတ်မိလိုက်တော့သည်။ သို့သော် ထိုသူက ပြောလိုက်မည့် စကားအတွက်တော့ သူ လုံးဝပြင်ဆင်မထားမိခဲ့ပါချေ။

"ကျွန်တော်စန္ဒရားကြီးကို ဝယ်မလို့ပြန်လာတာပါ။ ခင်ဗျားကို သင့်တင့်မျှတတဲ့ ဈေးပေးနိုင်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်ခင်ဗျာ"

**The Piano by Anibal Machando (Brazil)**



http://www.cherrythitsar.org

# အချစ်ဦး

ကဗျာဆရာ ရောဘတ်ဖရော့(စ်) က သူ့ရဲ့ အချစ်ဦးအကြောင်းကို ကျွန်တော့်ကို မကြာခဏ ပြောပြတတ်ပါတယ်။ သူ့ချစ်သူဟာ ဆံပင်နက်နက်၊ မျက်လုံးနက်နက်နဲ့ တေတေပေပေနေတတ်တဲ့ ယောကျ်ားဆန်ဆန် မဂျမ်းပုံပဲလို့ ပြောပြခဲ့ဖူးတယ်။ သူမရဲ့ အမည်က “ဆာဘာရာပီးဘော်ဒီ”လို့ ခေါ်ပြီး သူမနဲ့ ဖရော့(စ်)တို့က ဟိုလွန်ခဲ့တဲ့ နှစ်အတော်ကြာကြာကတည်းက နယူးဟမ်(ပ်)ရှိုင်းယားပြည်နယ်က ဆလမ်းမြို့လေးမှာ ကျောင်းနေဖက်တွေလေ။ လူပျိုဝင်စ (၁၂) နှစ်သားအရွယ်မှာ သူဟာ ဆာဘာရာဆီကို ချစ်ကြောင်းကြိုက်ကြောင်း ရည်းစားစာတွေကို အားတက်သရော ရေးခဲ့မိတယ်။ ဒါပေမဲ့ မိန်းမပျိုမှာ ချစ်ခင်နှစ်သက်တဲ့သူတွေက ဝိုင်းဝိုင်းလည်နေတော့ သူ့ကို အရေးမစိုက်ခဲ့ဘူးပေါ့။ ဒီလိုနဲ့ သူလည်း အဲဒီအရပ်က ပြောင်းရွှေ့သွားပြီး ဆာဘာရာနဲ့ အဆက်အသွယ်ပြတ်တောက်သွားခဲ့ရတယ်။

**စိတ်ကူးချိုချို**

http://www.cherrythitsar.org


ကျွန်တော်ဟာ ဖရော့ (စ်) ရဲ့ တရားဝင် အတ္ထုပ္ပတ္တိ ရေးဆရာဆိုတော့ သူပြောပြခဲ့တာတွေကို ကျွန်တော်ရဲ့စိတ်နဲ့ မှတ်သားထားခဲ့မိပါတယ်။ နောက်နှစ်အတန်ကြာသည်အထိ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော် ဘာမှမလုပ်ခဲ့တာ။ နောက်ဆုံးမှာ အဲဒီ "ဆာဘာရာပီးဘော်ဒီ" ဟာ မုဆိုးမအဖြစ်နဲ့ ဆလမ်းအရပ်ကို ပြန်လာပြီးနေတယ်လို့ သတင်းကြားရတော့တာပါပဲ။ ကျွန်တော်ဟာ ဒီအကြောင်းကို ဖရော့ (စ်) ကို ဘာမှ မတိုင်ပင်ဘဲနဲ့ သူမနဲ့တွေ့ဆုံဆွေးနွေးလိုကြောင်း စာရေးလိုက်တာ သူမဆီက လာတွေ့နိုင်ကြောင်း မွန်မွန်ရည်ရည်နဲ့ ပြန်လည် ဖိတ်ကြားလိုက်ပါတယ်။

အသက် ခုနစ်ဆယ်အရွယ်လောက် အရပ်ရှည်ရှည်၊ ဆံပင်ဖြူဖြူ ခန္ဓာကိုယ်နွဲ့နွဲ့နှောင်းနှောင်းနဲ့ ချောမောလှပနေဆဲဖြစ်တဲ့ ဆာဘာရာဟာ ကျွန်တော့်ကို ဆီးကြိုခဲ့ပါတယ်။ ခုအချိန်မှာ အသက်အရွယ်ကြီးရင့်နေပြီဖြစ်တဲ့ ကဗျာဆရာကြီးက ကျွန်တော့်ကို ပြောပြခဲ့သလိုပဲ သူမရဲ့ ကျောင်းနေစဉ်ဘဝက ဖရော့ (စ်) နဲ့ အမှတ်ရစရာတွေကို ကျွန်တော့်ကို ပြောပြခဲ့ပါတယ်။ သူမရယ်၊ သူမရဲ့ အစ်ကိုချား (လ်) ရယ်၊ ဖရော့ (စ်) ရယ် ကျောင်းဆင်းချိန်နဲ့ စနေနေ့တွေမှာ သစ်တောထဲ အတူလျှောက်သွားခဲ့ကြတာတွေ၊ တခြားချောချောလှလှ မိန်းကလေးတစ်ယောက်ယောက်ကို ဖရော့ (စ်) က အရောတဝင်နေမိရင် သူမနှင့် ဖရော့ (စ်) တို့ ရန်ပွဲနွှဲခဲ့ရပုံတွေကို ကျွန်တော့်ကို ပြောပြခဲ့ပါတယ်။

http://www.cherrythitsar.org


ကျွန်တော်ဟာ အဲဒီနေရာမှာ ကြာရှည်မနေဖြစ်ခဲ့ပါဘူး။ ချက်ချင်းပဲပြန်လာခဲ့မိပါတယ်။ ဒါပေမဲ့ ဒုတိယအကြိမ် နောက်တစ်ခေါက်ပြန်သွားတော့မှပဲ အတ္ထုပ္ပတ္တိရေးတဲ့သူတွေ စိတ်ကူးယဉ်တတ်ပေမဲ့ အင်မတန်မှ တွေ့ရခဲတဲ့၊ လုံးဝမမျှော်လင့်တဲ့ အဖြစ်အပျက်တွေကို တွေ့ရတော့တာပါပဲ။

ဒီလိုပါ။ သူမနဲ့ ကျွန်တော်ဟာ အရင်တစ်ကြိမ်ကထက်ပိုပြီး ပွင့်ပွင့်လင်းလင်း စကားပြောဆိုခဲ့ကြရာက ကျွန်တော်က ပြန်ချိန်တန်လို့ မတ်တတ်ရပ်လိုက်မိတဲ့အချိန်မှာ ဆာဘာရာက ထိုင်နေရက်ပဲ။ ဒါနဲ့ ကျွန်တော်က ...

"နောက်ထပ် ဒိပြင်ပြောစရာများ ရှိပါသေးသလား ခင်ဗျား"လို့ မေးလိုက်တော့ ဆာဘာရာက "ဟုတ်ကဲ့"လို့ ဆိုတယ်။ တကယ်တော့ သူမဟာ ဒီအကြောင်းကို ပြောပြချင်လို့ အချိန်အခါကောင်းကို စောင့်ဆိုင်းနေခဲ့တာကလား။ သူမဟာ သူမရဲ့လင်ယောကျ်ား သေဆုံးသွားပြီးတဲ့နောက်မှာ ကလေးဘဝကတည်းက နေခဲ့တဲ့ ဒီအိမ်ကြီးကို ပြန်လာခဲ့တယ်။ သိပ်မကြာသေးခင်ကမှ သူမရဲ့ အိမ်ထပ်ခိုးပေါ်မှာရှိပြီး ဖုန်တွေ အလိမ်းလိမ်းကပ်နေတဲ့ သေ်ာတွေအပေါ်မှာ အသုံးပြုတတ်တဲ့ သေတ္တာတစ်လုံးကို ဖွင့်ကြည့်မိခဲ့တာ။ အထဲမှာ သူမတို့ ဘိုးစဉ်ဘောင်ဆက်က သိမ်းဆည်းထားခဲ့တဲ့၊ မိသားစုပစ္စည်းတွေထဲမှာ သူမ ကျောင်းနေစဉ်ဘဝက အသုံးပြုခဲ့တဲ့ ခဲတံထည့် သစ်သားသေတ္တာလေးတစ်လုံးကို ရှာတွေ့လိုက်ရတယ်။

သူမဟာ အဲဒီသေတ္တာလေးကို လက်ထဲမှာ ကိုင်ထား

http://www.cherrythitsar.org


ရင်းက သေတ္တာလေးရဲ့ အောက်ခြေမှာ လျှို့ဝှက်အံဝှက်လေး တစ်ခုပါတာကို ရုတ်တရက် သတိရလိုက်မိတယ်။

ပါးလွှာတဲ့ သစ်သားအောက်ခြေလေးကို အပြင်ဘက် တွန်းထုတ်လိုက်ရင် အဲဒီအံဝှက်လေးက ပွင့်သွားရော။ သူမ လည်း အဲဒီအံလေးကို စမ်းပြီး ဖွင့်ကြည့်လိုက်တော့ အထဲက စာလေးစောင်ထွက်ကျလာတယ်။အဲဒီစာလေးစောင်ဟာ (၁၈၈၆) ခုနှစ်လောက်က ဆောင်းရာသီမှာ ဖရော့ (စ်) က ဆာဘာရာဆီ ကို ရေးခဲ့တဲ့စာတွေပဲပေါ့။ အဲဒီစာတွေကို သူမက ကျွန်တော့်ကို ကြည့်စေချင်ပြီလေ။ သူမဟာ စားပွဲတစ်ခုရဲ့ အံဆွဲထဲကအဲဒီ စာတွေကိုထုတ်ပြီး ကျွန်တော့်ကို ပေးလိုက်တဲ့အချိန်မှာစာ လောကရဲ့ အင်မတန်မှ ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး ရဲ့အစောဆုံးရေးသားထားတဲ့ အကြောင်းအရာတွေကို ရုတ်တရက် မမျှော်လင့်ဘဲ ရရှိပိုင်ဆိုင်တော့မှာပဲဆိုတဲ့ အသိနဲ့ ကျွန်တော် ဟာ အကြီးအကျယ်စိတ်လှုပ်ရှားနေခဲ့မိပါတယ်။ ကျွန်တော်ဟာ အဲဒီအထဲက စာတစ်စောင်ကို စပြီး ဖတ်ကြည့်လိုက်မိပါတယ်။ စာထဲမှာ ရေးထားတာကတော့ "မင်းပေးတဲ့ သစ်ရွက်တွေကို ကိုယ်သိပ်နှစ်သက်တယ်။ ဒါ့ကြောင့် စာအုပ်ထဲမှာ အမြတ်တနိုး ညှပ်ပြီး သိမ်းထားလိုက်တယ်"

နောက်တစ်စောင်ထဲမှာကတော့ ...

"တို့နှစ်ယောက် မကြာခဏ ရန်ဖြစ် ဒေါသူပုန်ထနေ ကြရတာကတော့ ပျော်စရာမကောင်းပါဘူး။ ဒါကြောင့် တို့

http://www.cherrythitsar.org


နှစ်ယောက် သူငယ်ချင်းအဖြစ်နဲ့ ရေရှည်တည်တံ့နိုင်မလားဆို တာ ကြည့်ကြရအောင်။ ကျွန်တော့်ကိုယ် ကျွန်တော် မထိန်း နိုင်ဘဲ ခင်ဗျားကို ချစ်မိခဲ့တယ်။ ခင်ဗျားကို အရူးအမူးနဲ့ တမ်း တမ်းစွဲ ဖြစ်ခဲ့တာတွေကို ခံစားမိတိုင်း ကျွန်တော့်ကိုယ် ကျွန် တော် ဒေါသထွက်ခဲ့မိပါတယ်”

ကျွန်တော်ဟာ အဲဒီစာကိုဖတ်ပြီး အချစ်စိတ်မွှန်နေတဲ့ လူရွယ်လေးတစ်ယောက်ရဲ့ ပြင်းထန်တဲ့ ခံစားချက်နဲ့ ပေါက်ကွဲ မှုကို သတိပြုခံစားမိခဲ့ပါတယ်။

အဲဒီစာတွေရဲ့ တွေ့ရှိချက် အရေးပါပုံကို ဆာဘာရာပီး ဘော်ဒီကတော့ ရိပ်မိပုံမရဘူး။ ဒါကြောင့် အဲဒီစာတွေကို ဆာ ဘရာက ကျွန်တော့်ကိုလည်း ပေးရော ဒီစာတွေရဲ့ ဈေးကွက် တန်ဖိုးဟာ သိပ်ပြီး မြင့်မားနေတာကြောင့် ကျွန်တော့်အနေနဲ့ လက်ဆောင်အဖြစ်နဲ့ လက်ခံဖို့ရာ မဖြစ်နိုင်ကြောင်း ရှင်းပြရပါ တယ်။ ဒါပေမဲ့ သူမအနေနဲ့ ဒီစာတွေကို မက်ဆာချူးဆက် ပြည်နယ် အမ်းဟတ် (စ်) မြို့မှာရှိတဲ့ ဂျုံးပြည်သူ့စာကြည့်တိုက် ကြီးက ရောဘတ်ဖရော့ (စ်) ရဲ့ စာမူတွေ စုဆောင်းထားရာ နေရာကို လှူဒါန်းနိုင်မလားဆိုတာကို စဉ်းစားဖို့ ပြောတော့ သူမက သဘောတူခဲ့ပါတယ်။

နောက်ရက်အနည်းငယ်အတွင်းမှာပဲ စာမူများ စုဆောင်း ထားရာ ပြတိုက်မှူးဆီကို အဲဒီစာတွေ ကျွန်တော်ကိုယ်တိုင် ပို့ပေး ခဲ့ပါတယ်။ ကျွန်တော့်ကို ကဗျာဆရာကြီး ဖရော့ (စ်) က သူ့ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စမှာ စပ်စပ်စုစု လုပ်တယ်လို့ထင်မှာ

http://www.cherrythitsar.org


စိုးရိမ်တာနဲ့ပဲ အဲဒီစာတွေကို လက်ခံရရှိကြောင်းကို လျှို့ဝှက်ထားဖို့ ပြတိုက်မှူးချား(လ်) အာဂရင်းကို ပန်ကြားထားခဲ့ပါတယ်။ စာတွေကို မပျောက်ပျက်အောင် အနောက်ဘက်က အမာခံလုပ်ထားဖို့၊ စာရွက်ထူထူနဲ့ ထုပ်ပိုးသိမ်းဆည်းထားပြီး ကြိုးစတစ်ခုနဲ့ အထုပ်အပေါ်က ချည်ထားဖို့ရယ်၊ ပြီးရင် အပေါ်က "ရောဘတ်ဖရော့(စ်) အသက်ရှင်နေစဉ် ကာလတစ်လျှောက်လုံး ဒီအထုပ်ကို ဖွင့်မကြည့်ဖို့" စာတန်းကပ်ပြီး စာကြည့်တိုက်ရဲ့ အခန်းတစ်ခုထဲမှာ သိမ်းဆည်းထားဖို့ ကျွန်တော်က စာကြည့်တိုက်မှူးကို မေတ္တာရပ်ခံခဲ့ရပါတယ်။ တကယ်လို့သာ ကာယကံရှင် ရောဘတ်ဖရော့ (စ်) သာ ရောက်မလာခဲ့ဘူးဆိုရင် ဒီလျှို့ဝှက်ချက်ဟာ ကျွန်တော်တို့ ထားခဲ့တဲ့အတိုင်း တည်ရှိနေမှာပါ။

ဖရော့(စ်) ကလည်း အဲဒီအခန်းထဲမှာပဲ သူစောစောပိုင်းက ရေးဖွဲ့ထားခဲ့တဲ့ ကဗျာအချို့ကို ခိုင်ခံ့တဲ့သတ္တုသေတ္တာသေးသေးလေးတစ်ခုထဲမှာ ထည့်ပြီး သိမ်းထားခဲ့တာကိုးခင်ဗျာ့။ ကျွန်တော် ပို့ထားတဲ့ စာလေးစောင် စာကြည့်တိုက်မှူးဆီရောက်လို့ သိပ်မကြာခင်မှာပဲ သူဟာ ရုတ်တရက် မမျှော်လင့်ဘဲ သူရေးထားခဲ့တဲ့ ကဗျာတွေထဲက ကဗျာတစ်ပုဒ်ကို ယူဖို့ပြတိုက်ကို ရောက်လာခဲ့ပါလေရော။ ပြတိုက်မှူး ဂရင်းက ဖရော့(စ်)ကို အခန်းထဲကို လိုက်ပို့ခဲ့ရတယ်။ ဖရော့(စ်) က သေတ္တာလေးထဲက သူလိုချင်တာကို ဖွင့်ယူပြီးလို့ သေတ္တာကို ပြန်အပိတ်မှာ ဟိုဟိုဒီဒီ လျှောက်ကြည့်ရင်း "အလို … ဒါက ဘာပါလိမ့်" လို့ မေးလိုက်တယ်။

http://www.cherrythitsar.org



ဂရင်းကလည်း လျှို့လျှို့ဝှက်ဝှက်ထားရမယ့် စာထုပ်ကို အနီးအနားက စင်တစ်ခုပေါ်မှာ တင်ထားခဲ့တာကိုးခင်ဗျာ့။ ဖရော့(စ်)က စာထုပ်ကို ကြည့်ရင်း ပါးစပ်က အသံထွက်လို့ စာကို အော်ဖတ်လိုက်တယ်။

"အလို ... ရောဘတ်ဖရော့(စ်) အသက်ရှင်နေစဉ် ကာလတစ်လျှောက်လုံး ဖွင့်မကြည့်ရလို့ ဆိုပါလား"

သူက စာကြည့်တိုက်မှူးကို စွပ်စွဲတဲ့ မျက်လုံးတွေနဲ့ စိုက်ကြည့်လိုက်ပြီး ...

"ဒါ ခင်ဗျားလက်ရေးပဲ မစ္စတာဂရင်း"

ဂရင်းလည်း မျက်နှာနီရဲပြီး "ဟုတ် ... ဟုတ်ကဲ့၊ ဒါပေမဲ့ လာရီသွမ်ဆင်က အခုလို ရေးပါဆိုလို့ ရေးထားရတာပါ"

ဖရော့ (စ်) က ရှင်းပြနေတာတွေကို စောင့်မနေတော့ဘဲနဲ့ စာထုပ်အပေါ်က ကြိုးကို ဆွဲဖြတ်၊ အပြင်က ထုပ်ပိုးထားတဲ့ စက္ကူအထူကို ထုတ်ယူဖတ်ကြည့်လိုက်တော့တယ်။ စာတွေကိုလည်း ဖတ်ပြီးရော လူကြီးလူကောင်းအဘိုးကြီးဟာ စာတွေကို စင်ပေါ်မှာ ပြန်တင်ထားလိုက်တယ်။ ပြီးတော့ စကားတစ်ခွန်းမှ မပြောတော့ဘဲ လှည့်ပြီး စာကြည့်တိုက်ထဲက ထွက်ခွာသွားခဲ့ပါတော့တယ်။

ဂရင်းက ဖြစ်ပျက်ခဲ့သမျှ အလုံးစုံကို ကျွန်တော့်ဆီ စာရေးပြီး တောင်းပန်ခဲ့ပါတယ်။ သူ့စာထဲမှာ ကဗျာဆရာကြီးဟာ တော်တော်စိတ်ဆိုးနေပုံရတယ်လို့ ဖော်ပြထားတယ်။ ကျွန်တော်ကတော့ အတော်ကြီးကို စိတ်ပူနေခဲ့မိပါတယ်။ တကယ်လို့

http://www.cherrythitsar.org



ဖရော့ (စ်) ကသာ သူ့ရဲ့ ခွင့်ပြုချက်မရဘဲ သူ့ကိစ္စမှာ ကျွန်တော်က စပ်စပ်စုစု လုပ်ခဲ့တာကို ခွင့်မလွှတ်နိုင်ခဲ့ဖူးဆိုရင် ကျွန်တော် သူ့ရဲ့ အတ္ထုပ္ပတ္တိကို ရေးသားပြုစုဖို့ ကိစ္စဟာ စတောင်မစရသေးဘူး နိဋ္ဌိတံဖို့ပဲ ရှိတော့တယ်။ သူကျေနပ်အောင် ကျွန်တော် ဘာလုပ်ရမလဲ။ အကောင်းဆုံးကတော့ သူဒေါသထွက်နေရာက နည်းနည်းအေးဆေးငြိမ်သက်သွားတဲ့အထိ စောင့်ပြီး ဒီကိစ္စနဲ့ ပတ်သက်လို့ သူ ဘာပြောမလဲဆိုတာကို စောင့်ကြည့်ဖို့ပါပဲ။

ဇွန်လရောက်လာတဲ့အထိ ဘာမှ မဖြစ်သေးဘူးခင်ဗျာ့။ သူနဲ့ကျွန်တော် အစီအစဉ်ချထားတဲ့အတိုင်း ကဗျာဆရာကြီးနဲ့ အချိန်အတော်ကြာကြာနေဖို့ ကျွန်တော်ဟာ ဗားမောင့်ကို ရောက်ခဲ့ပါတယ်။

ကျွန်တော် သူရဲ့ယာခင်းထဲကို ရောက်လာတဲ့အချိန်မှာ သူဟာ ဆလတ်ရွက်မျိုးစေ့တွေကို အတန်းလိုက် ကြဲချစိုက်ပျိုးလို့နေပါတယ်။ သူဟာ ကျွန်တော့်ကို ယဉ်ကျေးပျူငှာစွာနဲ့ ခရီးဦးကြိုပြုခဲ့ပြီး သူ့ရဲ့ ညွှန်ကြားချက်ကလည်း စဉ်းစားချင့်ချိန်ဉာဏ်ရှိတယ်လို့ ဆိုရပါမယ်။ သူက ကျွန်တော့်ရဲ့ မြို့နေအပေါ်ဝတ်စုံကို ချွတ်ပြီး ဆလတ်ရွက်တွေ မညှိုးနွမ်းခင်မှာ မြေကြီးထဲမှာ စိုက်နိုင်အောင် သူ့ကို ကူညီခြင်းအားဖြင့် ကျွန်တော်ဟာ ယာသမားဘဝက လာတယ်ဆိုတာကို သက်သေပြခိုင်းခဲ့ပါတယ်။ အလုပ်လုပ်လို့လည်း ပြီးရော သူနဲ့ ကျွန်တော်ဟာ အပေါ်ထပ်က သူ့ရဲ့အခန်းထဲက ကျောက်သားမီးလင်းဖိုရှေ့မှာ ထိုင်နေခဲ့ကြတယ်။ ဖရော့(စ်)က သူမွေးထားတဲ့ ကြက်မ

http://www.cherrythitsar.org


တွေကို မြေခွေးတစ်ကောင်က ဘယ်လိုနှောင့်ယှက်နေခဲ့တယ်ဆို တာက စကားစတယ်။ သူက ...

"ကျွန်တော်ကလည်း လျင်လျင်မြန်မြန် မတုံ့ပြန်နိုင်ခဲ့ ဘူးခင်ဗျာ့။ ဆလမ်းမှာ ကျွန်တော် လူငယ်ဘဝနေကတည်းက ဒါမျိုးတစ်ခါမှ မဖြစ်ခဲ့ဖူးဘူး။ အဲ ..."

သူ့စကားတစ်ဝက်တစ်ပျက်မှာပဲ မပြီးဆုံးသေးတဲ့ကိစ္စ က ဘွားခနဲ ပေါ်လာခဲ့တယ်လေ။ "ဆလမ်း"ဆိုတဲ့ နာမည်က သူ့ရဲ့ ရှေးဟောင်းနှောင်းဖြစ်တွေကို သတိရသွားစေပြီး သူ့ရဲ့ မျက်နှာအမူအရာတွေဟာ တစ်မုဟုတ်ချင်း ပြောင်းသွားခဲ့ပါ တယ်။ သူဟာ ရှေ့ကိုကိုင်းပြီး သူ့ရဲ့ညာဘက်လက်ညှိုးကို ကျွန်တော်ရဲ့ နှာခေါင်းအောက်ဘက်မှာ ဟိုဟိုဒီဒီ လှုပ်ရမ်းရင်း က ...

"ခင်ဗျားပဲ ... ခင်ဗျားပဲ ... ခင်ဗျား ကျုပ်ကို ဘာလုပ် ခဲ့သလဲ"လို့ ပြောရင်း ဂျုံးစာကြည့်တိုက်က ဓာတ်ကြောင်းကို ပြန်လှန်ပါတော့တယ်။ သူက စာထုပ်ပေါ်က စာကြောင်းကို မြင်ပြီးတဲ့နောက် မစ္စတာဂရင်းက ကျွန်တော့်နာမည်ကိုလည်း ထုတ်ဖော်ပြောရော ဒီကိစ္စ ကျွန်တော့်လက်ချက်ပဲလို့ သူသိ ကြောင်း၊ သူ့ကိုလည်း ကျွန်တော်က ဘာမှ ကြိုတင် မတိုင်ပင် ခဲ့တော့ ဒေါပွနာကြည်းစိတ်နဲ့ သူဘာလုပ်နေတယ်ဆိုတာကို သဘောမပေါက်ခင်မှာတင် သူဟာ အထုပ်ကို ဆွဲဖြဲပစ်ပြီး နေ ပြီဖြစ်ခဲ့ကြောင်း၊ ဒါပေမဲ့ သူ စပြောလိုက်တဲ့ စကားနဲ့ပဲ သူ့ ရဲ့နာကြည်းစိတ်တွေဟာ လွင့်ပြယ်သွားပြီဆိုတာကို ကျွန်တော်

http://www.cherrythitsar.org



သိလိုက်ရပါပြီ။ "ဩော် ... ချစ်စရာကောင်းလိုက်တဲ့ ဆာဘာရာ"

သူ အဲဒီစာတွေကို ဖတ်နေခဲ့စဉ်တုန်းက သူဟာ ဘယ်လောက်အထိ အတိတ်က သတိရစရာတွေရဲ့ လွှမ်းမိုးမှုအောက်မှာ နစ်မျောနေခဲ့တယ်ဆိုတာကို ဘယ်သူကမှ နားလည်သဘောပေါက်နိုင်လိမ့်မယ် မဟုတ်ဘူးလို့ သူက ပြောပါတယ်။ နောက်ဆုံးစာလည်း ဖတ်ပြီးရော သူ့ရဲ့ မျက်လုံးအိမ်ထဲမှာ ဆွေးမြည့်စိတ်နဲ့ မျက်ရည်တွေဟာ ပြည့်လျှမ်းနေခဲ့တယ်။ မစ္စတာဂရင်းက သူ မျက်ရည်လည်နေတာကိုလည်း မြင်သွားမှာကို သူက စိုးရိမ်နေခဲ့ပြီး သူ ဘယ်သူ့ကိုမှ နောက်ထပ်စကားမပြောနိုင်တော့ဘူး။ ဒါနဲ့ သူလည်း တစ်ချိုးတည်း လစ်ထွက်လာခဲ့တော့တယ်။

ဖရော့ (စ်) က သူ့စကားကို ရပ်လိုက်လို့ တစ်ခန်းလုံးလည်း ငြိမ်သက်တိတ်ဆိတ်သွားရာ ဒီတစ်ခါ မျက်ရည်လည်ရတာက ကျွန်တော်ပါ။

ချက်ချင်းပဲ သူ့အမူအရာတွေ ပြောင်းသွားပြီး သူက ကျွန်တော့်ကို တည့်တည့်ကြီး စိုက်ကြည့်ပြီး ...

"ဒါနဲ့ ခင်ဗျား သူ့ကို တွေ့ခဲ့တယ် ဟုတ်စ"လို့ တည်တည်ငြိမ်ငြိမ်မေးလိုက်ပါတယ်။ ကျွန်တော်က ခေါင်းညိတ်ပြလိုက်ပါတယ်။

"ဘယ်မှာတွေ့ခဲ့တာလဲဗျ"

"ဆလမ်းမှာပါ"

သူက ကျွန်တော့်ကို ဆက်ပြီး စိုက်ကြည့်နေခဲ့တာ

ကျွန်တော်ကလည်း ရှေ့ကို ဆက်ပြီး မပြောရဲတော့ဘူး။ ဆိတ်ဆိတ်နေတာက မသက်မသာ ဖြစ်စေတယ်။ နောက်ဆုံးတော့ သူက သူ့ကိုယ်သူ ပြောသလိုနဲ့ "နှစ်ပေါင်းခြောက်ဆယ်တောင် ရှိခဲ့ပြီ" ကျွန်တော်လည်း သူပြောတာ ကြားရအောင် ကိုယ်ကို ရှေ့ကိုကိုင်းလိုက်တယ်။

"နှစ်ပေါင်းခြောက်ဆယ်လုံးလုံး ကျုပ် သူ့ကို လုံးဝမမေ့ခဲ့ပါဘူး"လို့ ပြောရင်း ကိုယ်ကို ရှေ့ကို ကိုင်းလိုက်ပြီး တည်ငြိမ်တဲ့အသံနဲ့ ကျွန်တော့်ကို ပြောလိုက်တာကတော့ ...

"ခင်ဗျား စပြောနိုင်ပါပြီ။ ကျေးဇူးပြုပြီး သူနဲ့ ပတ်သက်လို့ အစကနေအဆုံး ခရေစေ့တွင်းကျ ကျွန်တော့်ကို ပြောပြပါလား ခင်ဗျာ"

**First Love A Memoir by Lawrance Thompson**



# မျက်နှာချင်းဆိုင်ကအိမ်

သူသည် သူ့အိမ်ပြတင်းပေါက်မှ လမ်းတစ်ဖက် မျက်နှာချင်း ဆိုင်အိမ်သို့ လှမ်းကြည့်မိသည့်အခါတိုင်း ထိတ်လန့်တုန်လှုပ် ခဲ့ရသည်ချည်းပဲ။ ထိုအိမ်မှာကား အရုက်အကြောက်ကင်းမဲ့၍ အကျင့်သိက္ခာမရှိသော မိန်းမတစ်ယောက်နေသည်။ ညနေစောင်း ရောက်ပြီဆိုလျှင် ယောကျ်ားတစ်ယောက်မဟုတ် တစ်ယောက် လာ၍ တံခါးခေါက်မည်။ အတွင်းသို့ ဝင်ရောက်သွားမည်။ ရပ်ကွက်အနီးအနား ပွဲလမ်းသဘင်များ ကျင်းပနေသည့်အခါ ဆိုလျှင် ထိုအိမ်သို့ ပို၍တောင် လူလာသေးသည်။ လာသည်က လည်း ယောကျ်ားသားများချည်း ဖြစ်၏။

သူတို့မှာ တစ်ခါတစ်ရံ ထိုအိမ်ရှေ့သစ်ပင်ရိပ်အောက် ကွပ်ပျစ်ပေါ်တွင် ပျင်းရိလေးတွဲစွာဖြင့် ခြေပစ်လက်ပစ် လဲ လျောင်းနေကြကာ ဆေးလိပ်သောက်လျှင်သောက်၊ ဒါမှမဟုတ် ဘီယာပုလင်းတစ်ပုလင်း၊ နှစ်ပုလင်းခန့် အနားတွင် ချထား

http://www.cherrythitsar.org



ပြီး လောကစည်းစိမ်ကို ခံစားနေတတ်ကြသည်ကို တွေ့မြင်နေရသည်။ ထိုသို့ မြင်ရတိုင်း ဘဝကို အလွန်ခြိုးခြံစွာ နေထိုင်၍ မိသားစုအနှောင်အဖွဲ့ သံယောဇဉ်များ၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုများကို စွန့်လွှတ်ဖြတ်တောက်၍ သမာဓိတရားကို ထူထောင်ပွားများမည်ဟု စိတ်ပိုင်းဖြတ်ထားသော သူ့အတွက်တော့ လွန်စွာမှ မနှစ်မြို့ဖွယ်ရာ ဖြစ်ချေသည်။

မကြာမြင့်မီ ကာလကမှ ဤအိမ်ခန်းတစ်ခုတည်းပါနေအိမ်ကလေးကို သူ့မိတ်ဆွေတစ်ယောက်ထံမှ ငှားရမ်းခဲ့ခြင်းဖြစ်သည်။ အိမ်ကလေးမှာ အိမ်ရှေ့တွင် အုန်းသီးများ အခိုင်လိုက် သီးနေသော အုန်းပင်နှစ်ပင်ရှိကာ အိမ်အနောက်ဘက်တွင် ရေတွင်းငယ်တစ်ခုကလည်း ပါသေးသဖြင့် သူ့အတွက်အဆင်ပြေလှသည်။ ယခင် လမ်းထဲမှ ကလေးငယ်များကလည်း သူ့အပေါ်တွင် ခင်မင်၍ ရှိသေလေးစားကြသည်။ တစ်ခါတစ်ရံ ကလေးငယ်များကို သူ့အိမ်သို့ ခေါ်လာခဲ့ကာ လူမှုကျင့်ဝတ်ဆိုင်ရာ ပုံဝတ္ထုလေးများကို ပြောပြနေခဲ့တတ်သည်။ ကလေးငယ်များမှာလည်း သူပုံပြောပြသည့်အခါတိုင်း သူ့ဘေး၌ ဝိုင်းထိုင်ကာ စိတ်ဝင်တစား နားထောင်နေခဲ့ကြသည်။

ထို့အပြင် ဗုဒ္ဓဘာသာပိပိ၊ ရတနာသုံးပါး၏ အကျိုးကျေးဇူးနှင့် အကျိုးပြုပုံဝတ္ထုများကိုလည်း သူက ပြောပြတတ်ပြန်သေးသည်။ သူ့အခန်းထဲတွင် ချိတ်ဆွဲထားသော နိုင်ငံတစ်ဝန်းမှ နာမည်ကြီး စေတီပုထိုးအမျိုးမျိုး၏ ရုပ်ပုံကားချပ် (ပြက္ခဒိန်များမှဖြစ်ပါသည်) များကိုလည်း ကလေးငယ်များအား ကန်တော့

http://www.cherrythitsar.org


စေပြီးမှ အိမ်သို့ ပြန်စေ၏။ ကျောင်းပိတ်ရက်များတွင် လမ်းထဲမှ ကလေးငယ်များမှာ သူ့ထံလာလိုက်၊ သူ့ဩဝါဒများကို ခံယူလိုက်၊ သူ့ထံမှ သကြားလုံး၊ ကိတ်မုန့် စသည်တို့ စားပြီး ပြန်သွားလိုက်နှင့် သူ့မှာ ပီတိဖြစ်နေရတော့၏။

သူ၏ပြုလုပ်နေမြဲ နိစ္စဓူဝလုပ်ငန်းများမှာ ဘာမျှထူးခြားဆန်းကြယ်သည်ဟူ၍တော့ မဆိုနိုင်။ နံနက် အိပ်ရာထ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး ဘုရားဝတ်ပြုသည်။ ထို့နောက် ရပ်ကွက်ဈေးကလေးရှိရာသို့ သွားကာ တစ်နေ့တာအတွက် သစ်သီး၊ ဟင်းသီးဟင်းရွက်များဝယ် (သူသည် သက်သတ်လွတ်ပင် စားတော့သည်) ပြန်လာချက်ပြုတ်၊ နေ့လယ်စာ စားသောက်ပြီးလျှင် သူ၏ သမာဓိလုပ်ငန်းကို စတင်အားထုတ်လိုက်သည်မှာ ညနေတိုင်သည်အထိ ဖြစ်တော့၏။

ညနေ လေးနာရီမှ ငါးနာရီအကြား ခေတ္တမျှ အနားယူသေး၏။ အနားယူသည်ကလည်း ကြမ်းပြင်ပေါ်မှာ ဦးခေါင်းအောက်မှာ သစ်သားတုံးတစ်တုံးကို ခေါင်းအုံးအနေဖြင့် အခုအခံလုပ်ကာ လဲလျောင်းအိပ်စက်ခြင်း ဖြစ်သည်။ အိပ်ရာမှနိုးလျှင် အိမ်နောက်ဘက်ရှိ ရေတွင်းတွင် ရေငင်၍ ရေချိုး၊ ရေချိုးသန့်ပြီးမှ နံနက်က ချက်ပြုတ်ထားသော ထမင်းနှင့် ဟင်းသီးဟင်းရွက်ကို မီးသွေးမီးဖိုဖြင့် ပြန်နွှေး၍ စားသောက်သည်။ ဟင်းသီးဟင်းရွက်ဟင်းဆိုရာ၌ ခန္ဓာကိုယ်၏ အခြေခံ လှုံ့ဆော်မှုများကို ထကြွစေသည်ဟုဆိုကာ အာလူး၊ ကြက်သွန်နီ စသည်တို့ကို သူ ရှောင်လိုက်သေးသည်။ အများအားဖြင့် စိမ်းလန်း

http://www.cherrythitsar.org



သော ဟင်းသီးဟင်းရွက်များနှင့် ပဲများသာ သူက အစားများ သည်။ ညနေစာ စားသောက်ပြီးလျှင် တစ်ခါတစ်ရံ အပြင် ဘက်သို့ လမ်းလျှောက်ထွက်တတ်သေးသည်။ အပြင်သို့ မထွက် ဖြစ်တော့လျှင်လည်း အိမ်ထဲမှာပင် ထွက်သက်ဝင်သက်ကို ရှူ မှတ်၍ စင်္ကြံလျှောက်နေလိုက်တော့သည်။

ဘုရားစင်ရှေ့တွင် ထိုင်၍ သမာဓိရရှိနိုင်ရန် ဝိပဿနာ အလုပ်ကို လေးလေးနက်နက် ကြိုးစားအားထုတ်နေစဉ်မှာပင် မျက်နှာချင်းဆိုင်အိမ်မှ တစ်ညတာ အပျော်အပါး ကျူးလွန်ပြီး နောက် အိမ်ပြန်ရန် တံခါးဖွင့်လိုက်သော အသံဗလံများက သူ၏ နားထဲသို့ တားမနိုင် ဆီးမရ ဝင်ရောက်လာတတ်မြဲ။ ထိုအခါ ၌ သူ့စိတ်ထဲတွင် တဏှာလောဘဟူသော ဆင်းရဲခြင်းအမှန် ဖြစ် ကြောင်း တရားဟု ဇွတ်မိုတ်နှလုံးသွင်းနေရ၏။ ဒုက္ခသစ္စာ ဆို တာ ဒါပဲ၊ မျက်နှာချင်းဆိုင်အိမ်မှာ လာရောက်ပျော်ပါးနေသူ တွေဟာ တဏှာဆိုတဲ့ အဝိဇ္ဇာ ဖုံးလွှမ်းနေတာကြောင့် ရှိရှိ သမျှ ရုပ်နာမ်တွေမှာ ဆင်းရဲခြင်း ဒုက္ခချည်းသာ ဖြစ်သည်ဟူ သော အမှန်တရား၊ ဒုက္ခသစ္စာကို မသိမမြင်ကြသူတွေပါတကား ဟု စိတ်ထဲက ဆင်ခြင်အောက်မေ့လိုက်မိသည်။

တစ်ညနေ ပြတင်းပေါက်ပေါင်ပေါ်မှ ဖုန်မှုန့်များကို သုတ်ပစ်ရန် တံခါးရွက်ကို သုတ်လိုက်စဉ်မှာပင် မျက်နှာချင်း ဆိုင်အိမ်တံခါးပေါက်ဝတွင် ရပ်လျက် လမ်းဘက်သို့ ငေးကြည့် နေခဲ့သော ‘သူမ’ ကို စတင် တွေ့ဖူးလိုက်ရသည်။ သူ့နားထင် မှ သွေးကြောများထဲသို့ သွေးတွေ ဒလဟော တိုးဝင်လာသလား

http://www.cherrythitsar.org


အောက်မေ့ရသည်။ တဒိတ်ဒိတ် ခုန်နေသည်ကို သူ့ကိုယ်သူ သတိထားလိုက်မိသည်။ သူက ထိုအမျိုးသမီးကို အနုလုံ ပဋိလုံ သေသေချာချာ လေ့လာလိုက်သည်။ အသားအရေမှာ ဖြူဝင်းနူးညံ့နေသည်။ ဒီဖြူဝင်းနူးညံ့နေသော လက်မောင်းသားများကပဲ ပုရိသယောကျ်ားများကို ဆွဲဆောင်နေတာ ဖြစ်မည်။ ကိုယ်လုံးကိုယ်ပေါက်မှာ လုံးကြီးပေါက်လှထဲကပဲဟု ဆိုရမည်။ အရပ်အမောင်းက အမျိုးသမီးတစ်ယောက်အနေဖြင့် ကြည့်ကောင်းသော အရပ်မျိုး၊ သိပ်မမြင့်လွန်း၊ မနိမ့်လွန်း၊ ဘယ်လိုပင်ဖြစ်စေ ယောကျ်ားသားများ ငေးကြည့်ရလောက်သော ဆွဲဆောင်မှုမျိုးက ရှိနေသည့်အပြင် ငယ်ဂုဏ်ကလည်း ရှိနေပြန်သည်။ သူမအား ထိုကဲ့သို့ ခေတ္တမျှ ငေးစိုက်ကြည့်ခဲ့မိသော သူ၏ အာရုံမှာ နဂိုမူလ ထွက်သက် ဝင်သက်ကို မှတ်ရာ နှာဖျားထိပ်သို့ ပြန်လည်၍ ရောက်ရှိမလာတော့ပေ။

"တော်တော်စက်ဆုပ်စရာကောင်းတဲ့ မိန်းမ၊ မကောင်းမှုဒုစရိုက်ရဲ့ စုဝေးရာ ခန္ဓာကိုယ်ကြီးပဲ"ဟု စိတ်ထဲက တွေးလိုက်မိကာ ရုတ်တရက် ဒေါသထွက်ခဲ့မိသည်။ သူမသည် ယခုကဲ့ သို့ သူ့မြင်ကွင်းတွင် ရပ်ကာ အနှစ်နှစ် အလလက တည်ဆောက်လာခဲ့သော သူ၏ သမာဓိအား ကျိုးပေါက်သွားအောင် မပြုသင့်။ ရေစစ်တစ်ခုမှ ရေပေါက်များ ယိုစီးကျသွားခဲ့သလို သူ၏ သမာဓိများကော ရောပါသွားခဲ့ပြီလား။

ပြောရတာတော့ တော်တော်ခက်သည်။ သူမ၏ ပြည့်ဖြိုးသော လက်မောင်းသားများ၊ ရင်သားများ၊ တင်သားများ

http://www.cherrythitsar.org


ဖြင့် မြှူဆွယ်၍ သူလိုယောကျ်ားတွေအား အမှောင်လောကထဲသို့ ပို့ဆောင်ပေးခဲ့သည် ဟုတ်မဟုတ်ကို တွေးတောရင် သူက သက်ပြင်းတစ်ချက် ရှိုက်လိုက်ကာ ပါးစပ်ဟ၍ ရှူးရှူးရှားရှား မြည်တွန်လိုက်သည်။

"ခွေးမ၊ အဲဒီမှာ ရပ်မနေနဲ့။ အိမ်ထဲပြန်ဝင်တော့လေ"

သူမက ရုတ်တရက် အိမ်ထဲပြန်ဝင်သွားပြီး တံခါးကို ပိတ်လိုက်သည်။ တကယ်တော့ သူ့ဆန္ဒနှင့် သူမအပြုအမူ တိုက်ဆိုင်သွားတာမှန်း သိလိုက်တော့လည်း သူက အောင်နိုင်သူကြီး တစ်ယောက်ကဲ့သို့ ခံစားလိုက်ရသည်။ သူကလည်း ပြတင်းပေါက်တံခါးကို ချက်ထိုး၍ သေသေချာချာ ပိတ်လိုက်သည်။ အခန်းတစ်ဖက်၏ ထောင့်စွန်းသို့ ဖြတ်လျှောက်သွားကာ ဖြည်းလေးစွာ ထိုင်ချလိုက်သည်။ နှုတ်မှလည်း တတွတ်တွတ်ဖြင့် "သမာဓိ၊ သမာဓိ၊ သမာဓိကို ပွားမှ ကိလေသာအာသဝေါတွေ ကုန်ခန်းနိုင်မယ်"ဟု ရေရွတ်သည်။

သူသည် နံရံကို ကျောဖြင့်မှီကာ ကတုန်ကယင်ဖြစ်နေသော သူ့စိတ်အာရုံတွေ မပျံ့လွင့်အောင် ကြိုးစားလိုက်သည်။ သို့သော်လည်း ဤတစ်ခါတွင်မတော့ သူ့ကြိုးပမ်းမှုမှာ အလွန်တက်နေသော အဖျားအား ဆေးပျော့ပျော့လေး တိုက်သလို အရာမထင်။ သူက စိတ်တည်ငြိမ်မှု ရရှိအောင် ကြိုးစားလိုက်သေးသော်လည်း ယင်းတည်ငြိမ်မှုမှာ စက္ကန့်ပိုင်းမျှပင် မကြာလိုက်။ အတွေးတစ်ခုက ခေါင်းထဲသို့ ဝင်လာပြန်သည်။

"ငါ မနေ့ညက လမ်းလျှောက်ဖို့ အိမ်ရှေ့ထွက်တုန်း

http://www.cherrythitsar.org


ဒီမိန်းမအိမ်က ထွက်လာတဲ့ တိုက်ပုံအင်္ကျီ နံ့သာရောင်နဲ့လူ ဟာ ဘယ်သူလဲ။ ငါ ဒီလူကို ဘယ်မှာ မြင်ဖူးလဲ။ ဒီလူကို ငါ သိနေပါတယ်။ အို ... အို ... သတိရပြီ။ ဈေးထဲက နာမည် ကျော် အပ်ချုပ်ဆိုင်ရဲ့ ပိုင်ရှင်ပဲ။ ဒီလူက အင်္ကျီတော်တော်အချုပ် ကောင်းပုံရတယ်။ သူ့ဆိုင်ကဆို ပုံဆန်းလို့ အမျိုးသား၊ အမျိုး သမီးတွေကလည်း ဝိုင်းဝိုင်းလည်။ ပိုက်ဆံရှိ သူဌေးတွေ၊ စီးပွားရေးသမားတွေ၊ ကုန်သည်ကြီးတွေကလည်း သူ့ဆိုင်မှာ ပဲ အင်္ကျီလာအပ်ကြတယ်။ ဩော် ... သူက အဲဒီကရတဲ့ ပိုက်ဆံ တွေနဲ့ ညနေခင်းဆို ဒီအိမ်မှာလာပြီး လောကစည်းစိမ်လာခံ နေတာကိုး။ အံ့ပါရဲ့။ မသိတဲ့လူတွေကတော့ဖြင့် ဒီလူလို လူမျိုး ရဲ့ လက်နဲ့များ အတို့အထိခံပြီး အင်္ကျီအတိုင်းခံကြတယ်လို့။ ကိလေသာအညစ်အကြေးတွေလေ၊ တခြားမဟုတ်ဘူး။ လူတွေ ရဲ့ ကိလေသာ အညစ်အကြေးတွေ၊ မစင်ကြယ်တဲ့ ဘဝဆိုတာ ဒါပေါ့”ဟု တွေးတောနေမိရာက “မြတ်စွာဘုရား ကယ်တော် မူပါ”ဟု နှုတ်မှလည်း ရေရွတ်လိုက်သေးသည်။ ဒါပေမဲ့ သူ့ စိတ်တွေကို တည်ငြိမ်ဖို့ ဆိုသည်မှာ ယခုအချိန်တွင် မဖြစ်နိုင် တော့မှန်း သူ့ကိုယ်သူ အားလျော့စွာ ရိပ်မိလာသည်။

သိဒ္ဓိတ္ထ၊ သိဒ္ဓတ္ထ ... ကိလေသာ အညစ်အကြေးတွေကို စွန့်ပယ်၍ တောထွက်တော်မူခဲ့သော ဘုရားအလောင်း၊ ဗုဒ္ဓဝင် မှ ဤအကြောင်းများကို လမ်းထဲမှ ကလေးများကိုလည်း သူ က ပြောပြနေကျ။ သို့သော် ယခုအချိန်တွင် သိဒ္ဓတ္ထကို သတိရ မိသော်လည်း သိဒ္ဓတ္ထမှာ ပါရမီရှင်ဘုရားအလောင်း။ အားလုံး

http://www.cherrythitsar.org



ကို စွန့်ခွာနိုင်သည်။ သူ့မှာမူ သာမန်လူသားတစ်ဦးမျှသာ။ ရာဂ၏ လှုံ့ဆော်မှုများကို အတိုင်းအတာတစ်ခုအထိသာ ခံနိုင်ရည်ရှိသောလူသား။ လှုံ့ဆော်မှုများနှင့် ကင်းဝေးနေချိန်မှာတော့ သူသည် နူးညံ့သော၊ တည်ငြိမ်မှုရှိသော လူကြီးလူကောင်း တန်ခိုးရှင်တစ်ဦးအလား မကောင်းမှုဟူသမျှကို (သိဒ္ဓိ) တန်ခိုးဖြင့် တစ်ခဏအတွင်း ပြေပျောက်အောင် လုပ်နိုင်တော့မလိုလို။ သို့သော် ယခုအချိန်တွင် ဘုရားအလောင်း သိဒ္ဓတ္ထကို သတိရမိခြင်းသည် တစ်ခဏမျှသာ စိတ်၏ တည်ငြိမ်မှု၊ အေးချမ်းမှုကို ဖြစ်ပေါ်စေပြီး နောင် တစ်ခဏအကြာတွင်မတော့ ထိုမိန်းမ၏ အကြောင်းကိုသာ ဆက်၍ တွေးမိနေပြန်သည်။

ညဥ့်ဦးပိုင်းရောက်ပြီဆိုလျှင် သူမ၏ အိမ်တံခါးအား လာခေါက်ကြသူများမှာ ခြောက်ယောက်ထက်မနည်း။ ထိုသူတွေ တစ်ယောက်စီနှင့် သူမပျော်ပါး ချစ်ပွဲဝင်ခဲ့ကြလေသလား။ ထိုအတွေးများအဆုံးတွင် သူက အော်ရယ်လိုက်သေးသည်။ သွားပါပြီ။ သူ့ရဲ့သမာဓိတွေလည်း ဘယ်ဆီ လွင့်ပျောက်ကုန်ပြီမသိတော့။ သူ့နားထင်ကို သူက လက်သီးနှစ်ဖက်ဖြင့် ဖိထားပြီး နာကျင်အောင် ပြုလုပ်ကာ ထိုနာကျင်မှုတွင် အာရုံစူးစိုက်လိုက်စဉ်မှာပင် တစ်ဖက်အိမ်မှ ကျွီခနဲ တံခါးဖွင့်လိုက်သံက သူ့နားထဲ ဝင်လာပြန်သည်။ လာပြန်ပြီ တစ်ယောက်။ ဒီမိန်းမသည် သူမ၏ ကျော့ကွင်းတွင် ယောက်ျားတွေ အားလုံးကို အမိဖမ်း ဖျက်ဆီးနေသော နတ်မိစ္ဆာမ။ ယောက်ျားဆိုလျှင် ကြီးကြီးငယ်ငယ်ရွယ်ရွယ် လတ်လတ်အလွတ်မပေး။ လူတန်း

စား အလွှာမရွေး။

တကယ်တော့ လူသားတိုင်းပင် ဤအခြေခံကျသော ကိလေသာစိတ် ကိန်းအောင်းနေသရွေ့ကတော့ ကမ္ဘာကြီးမှာ လူဦးရေတွေ တိုးပွားနေသည်မှာ အဆန်းမဟုတ်တော့ဟု သူ ထင်သည်။ အင်း ... အဲဒီမိန်းမကတော့ ဒီကမ္ဘာပေါ်မှာ မရှိမှ ပဲ ဖြစ်မည်။ တစ်နေ့နေ့မှာ ဒီမိန်းမကို သူ တဲ့တိုးရင်ဆိုင်၍ ဒီနေရာကထွက်သွားဖို့ ပြောမှဖြစ်မည်။ သူပြောချင်တာက ဒီလို ...

“ခွေးကောင်မ၊ မင်းဟာ ရောဂါတွေ၊ အညစ်အကြေး တွေကို ဖြန့်ဝေနေတဲ့သူပဲ။ မင်း စဉ်းစားကြည့်စမ်း။ အခုဆို ရင် ဟိုအပ်ချုပ်ဆိုင်ပိုင်ရှင်ကနေ လူငယ်လေးတွေအထိ မင်းနဲ့ ဆက်ဆံလို့ ဘယ်လောက်ရောဂါတွေ ကူးစက်ပျံ့နှံ့နေပြီဆိုတာ။ ကြာရင် မင်းတို့လို မိန်းမတွေကြောင့် မျိုးတုံးတော့မယ်။ မင်း လုပ်သင့်တာက မင်းရဲ့ဆံပင်တွေအားလုံး ရိတ်ပစ်ပြီး သီလရှင် ဘဝနဲ့ တစ်သက်လုံး အရိုးထုတ်သွားဖို့ကောင်းတယ်။ ဒါဟာ မင်းဘဝရဲ့ တစ်ခုတည်းသော လွတ်မြောက်ရာလမ်းပဲ၊ ဒါမှ နောင်ဘဝမှာ မွန်မြတ်သန့်စင်တဲ့ လူ့ဘဝကိုရမှာ” ဟူ၍ပင်။

ထိုနေ့တစ်ညလုံး အထက်ပါစကားများက သူ့ရင်ထဲမှာ ပြည့်ကျပ်နေကြကာ ဘယ်ညာလူးလွန့်ရင်း ထိုမိန်းမအကြောင်း ကိုသာ တွေးနေမိခဲ့တော့သည်။ ကောင်းကောင်းအိပ်မပျော်ခဲ့။ အရုဏ်မတက်မီ သူက လဲလျောင်းနေရာမှ ထလိုက်သည်။ သူ တစ်ခုခုကို ဆုံးဖြတ်မှ ဖြစ်တော့မည်။ မြစ်တစ်ဖက် ကမ်းမှ

သူကိုးကွယ်သည့် ဆရာတော်ရှိရာ ဘုန်းကြီးကျောင်းသို့ သူသွားမည်။ သူ့အတွက်က ဘာမျှ အဆောင်အယောင် အခမ်းအနားမလို။ သူ့မှာ တွယ်တာစရာ သားသမီးများ၊ ဆွေမျိုးများလည်း မရှိတော့။ အမိုးအကာမရှိချင်နေပစေ။ မည်သည့် ဘုရားကျောင်းကန်၏အရိပ်၊ သစ်တစ်ပင်၏အရိပ်မှာမဆို သူ နေထိုင်နိုင်သည်သာ။

သူ ဖတ်ဖူးသော အိန္ဒိယ ရှေးဟောင်း ပုံဝတ္ထုလေးတစ်ခုကို သွားသတိရလိုက်မိသည်။ ထိုပုံဝတ္ထုထဲတွင် ပြည့်တန်ဆာမမှာ သေလွန်သည်ရှိသော် နိဗ္ဗာန်သို့ရောက်ကာ ကိုယ့်ကိုယ်ကိုတည့်မတ်၍ လမ်းမှန်သို့ ရောက်ရန် အားထုတ်သူတစ်ဦးမှာမူငရဲသို့လားရသည်။ ထိုဝတ္ထုတွင် ရှင်းပြထားသည်မှာ ပြည့်တန်ဆာမသည် သူမ၏ ကိုယ်ခန္ဓာဖြင့် ရင်းနှီး၍သာ အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ ထိုပြည့်တန်ဆာမနှင့် နီးစပ်မှုရှိ၍ မိမိကိုယ်ကို လမ်းမှန်သို့ရောက်အောင် ကျင့်ကြံခဲ့သူမှာ စိတ်ဓာတ်ရေးရာအရ ကိလေသာအညစ်အကြေးတို့ဖြင့် စွန်းထင် ပျက်ယွင်းခဲ့ရုံမျှသာမကဘဲ ထိုအားထုတ်ခဲ့သော သမထဝိပဿနာလုပ်ငန်းကိုလည်း အာရုံမစူးစိုက်နိုင်ခဲ့တော့သဖြင့် သေသော်ငရဲသို့လားရသည်။ ထိုပုံဝတ္ထုထဲကလို အဖြစ်မျိုးတော့ ဒီတစ်သက်တွင် သူ အဖြစ်မခံနိုင်။ ပျက်ယွင်းစပြုနေပြီဖြစ်သော သူ့သမာဓိ စိတ်အာရုံကို တည်ငြိမ်မှုရရန်မှာ ဤအိမ်မှ သူ ထွက်သွားမှသာ ဖြစ်တော့မည်။

သူသည် များများစားစားမရှိလှသော သူ့အဝတ်အစား

အချို့ကို သေတ္တာထဲတွင် ထည့်ပြီးနောက် ဘုရားစင်ပေါ်မှ ကြေးသားဆင်းတုတော်နှင့် စိပ်ပုတီးတို့ကို ပင့်ယူ သယ်ဆောင်၍ အဝတ်အစားများအပေါ်တွင် ထားလိုက်သည်။ သေတ္တာကို လက်တစ်ဖက်တွင် ဆွဲ၍ အိမ်အပြင်သို့ ထွက်လာလိုက်ကာ အိမ်ရှေ့တံခါးကို ညင်သာစွာ ဆွဲစေ့လိုက်သည်။ နှင်းမှုန်လေးတွေ တဖွားဖွားကျနေသော နံနက်ခင်း၏ အေးမြမှုက သူ့ကို ကြိုဆိုနေသယောင် အလင်းရောင် ပြည့်ဝစွာ မရရှိသေးသော နှင်းမှုန်အောက်မှာ ဈေးတောင်းရွက်၍ လာနေသော ဈေးသည်အချို့ကို လည်းကောင်း၊ စက်ရုံအလုပ်သမားအချို့ကို လည်းကောင်း၊ နွားနို့များ သယ်လာသော နွားလှည်းတစ်စီးကို လည်းကောင်း မသဲမကွဲ တွေ့မြင်နိုင်သည်။ သူက စွန့်ခွာသွားတော့မည့် သူနောက်ဆုံးနေခဲ့သည့် အိမ်ကလေးကို ခေတ္တမျှ ငေးကြည့်နေခဲ့စဉ်မှာပင် "ဦးလေးကြီး၊ ဦးလေးကြီး" ချိုသာသောအသံဖြင့် လမ်းတစ်ဖက်မှ သူ့အား အော်ခေါ်လိုက်သံကို ကြားသိလိုက်ရသည်။

သူ လှည့်ကြည့်လိုက်တော့ ပန်းများနှင့် သစ်သီးများ တင်ထားသော လင်ဗန်းကို ကိုင်လျက် သူ့ထံသို့ လျှောက်လာနေသော မျက်နှာချင်းဆိုင်အိမ်မှ အမျိုးသမီးကို တွေ့လိုက်ရသည်။

သူမက သူ့ရှေ့မှာ ပုဆစ်တုပ်ထိုင်ချလိုက်ပြီး "ဦးလေးကြီးကို ကျွန်မ ကန်တော့ပါရစေနော်။ ဒီနေ့ဟာ ကျွန်မမိခင်ဆုံးတဲ့နေ့ အမှတ်တရပါ။ ကျွန်မမိခင်အတွက် ကောင်းမှုကုသိုလ်

http://www.cherrythitsar.org



ပြုတဲ့အနေနဲ့ ကျွန်မရဲ့ မိဘအရွယ် လူကြီးတွေကို ကျွန်မ ကန်တော့နေကျပါ။ ကျွန်မမှာ အပြစ်တွေ ရှိခဲ့ရင်လည်း ခွင့်လွှတ်ပါ” ဟု ညင်သာပျော့ပျောင်းသောအသံဖြင့် ပြောသံကို ကြားလိုက်သည့် အခိုက်အတန့်တွင် သူ ဤမိန်းကလေးအား မျက်နှာချင်းဆိုင်တွေ့လျှင် ပြောပစ်လိုက်မည်ဟု တေးထားသည်များက ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်တော့သည်။

သူက သူ့အား ဦးချ၍ ကန်တော့နေသော အမျိုးသမီး၏ ကိုယ်ခန္ဓာ ခပ်ဖိုင့်ဖိုင့်ကို ငုံ့ကြည့်လိုက်မိစဉ် သူမ၏ ညိုနေသော မျက်ကွင်းများကို လည်းကောင်း၊ လွင့်ပြယ်စပြုနေသော ဆေးဆိုးထားသည့် ဆံပင်နှင့်အတူ ဆံပင်များ ကျွတ်စပြု၍ ဖြူနေသော ခွဲကြောင်းရာ၊ လျော့ရဲစွာ တွဲကျနေသော စံပယ်ပန်းတစ်ကုံးတို့ကို လည်းကောင်း သတိပြုလိုက်မိပြီး စိတ်ထဲမှာ သနားကရုဏာစိတ်များ တဖွားဖွားပေါ်ပေါက်လာခဲ့မိသည်။

သူက အမျိုးသမီး၏ လက်ထဲမှ လင်ဗန်းကို လက်ဖြင့် အသာတို့ကာ သူမ၏ ရိုသေသမှုကို အသိအမှတ်ပြုလိုက်သည်။ ထို့နောက် သူသည် နှုတ်မှ စကားတစ်ခွန်းမျှ မပြောတော့ဘဲ သူမအား ကျောခိုင်း၍ လမ်းမပေါ်သို့ ထွက်လာခဲ့တော့သည်။

**House - opposite by R.K Narayan.**

http://www.cherrythitsar.org



# မိခင်စိတ်

သူတို့ 'မာဆေးမြို့'သို့ ရောက်ခဲ့သည်မှာ တစ်လပင် ကျော်ခဲ့လေပြီ။ မြို့ပြင်ရှိ အာမေးနီးယန်း စစ်ပြေးဒုက္ခသည်များ စခန်းမှာ ရွာကလေးတစ်ရွာနှင့်ပင် အလားသဏ္ဍာန်တူနေတော့သည်။ စစ်ပြေးဒုက္ခသည်များမှာ သူတို့တတ်နိုင်သမျှ နည်းပေါင်းစုံဖြင့် အခြေချနေထိုင်ကြတော့သည်။ ပိုက်ဆံရှိသူများကတော့ ရွက်ဖျင်တဲထိုး၍သော် လည်းကောင်း၊ အချို့သူများကတော့ ပျက်စီးယိုယွင်းနေသော ပျဉ်ကာတဲများ၌ လည်းကောင်း ဒုက္ခသည်အများ စုကမူ မည်သည့်နေရာမှ မရသည့်အဆုံး ထောင့်လေးထောင့်တွင် သစ်သားတိုင်လေးခုထောင်၍ အပေါ်တွင် ကော်ဇောများတင်ကာ ခိုလှုံနေထိုင်ကြတော့သည်။ အကယ်၍ သူတို့ကနံဘေးမှာ ကာရံစရာ တစ်စုံတစ်ခုကို ရရှိခဲ့လျှင် ကံကောင်းသည်ဟု မှတ်ယူကြပေသည်။ ယောကျ်ားသားများမှာလည်း မည်သည့်အလုပ်ပင်ဖြစ်စေ နေရာမရွေး ဝင်ရောက်လုပ်ကိုင်ကြတော့သဖြင့် သူတို့၏ကလေးများမှာ မည်သည့်အခါမှ ငတ်ပြတ်သည်ဟူ၍ မရှိဘဲ တစ်ခုခုတော့ စားသောက်ဖွယ် ရာရှိနေသည်ပင်။

**စိတ်ကူးချိုချို**

http://www.cherrythitsar.org



သူတို့အားလုံးထဲတွင် ဘာအလုပ်မှ မည်မည်ရရ မရှိသူကတော့ 'မီခါလီ'ပဲ ဖြစ်၏။ အိမ်နီးချင်းများက သနားသဖြင့်ဝေငှသော ပေါင်မုန့်ကိုစား၍ အသက်ရှင်နေသူဖြစ်ပြီး အသက် ၁၄ နှစ်အရွယ် ကျန်းမာသန်စွမ်းသော လူငယ်တစ်ယောက်ဖြစ်ပေသည်။ သို့သော် ကျောကုန်းပေါ်တွင် မွေးကင်းစကလေးငယ်တစ်ယောက်ကို အမြဲကျောပိုးလွယ်ထားရသောသူ တစ်ယောက်အနေဖြင့် ဘယ်မှာလျှင် အလုပ်အကိုင် ကောင်းကောင်းကို ရှာဖွေလုပ်ကိုင်နိုင်အံ့နည်း။ ကလေးငယ်၏မိခင်မှာ သူ့ကိုမွေးဖွားပြီးနောက် သေဆုံးသွားရာ နံနက်မှ ညဉ့်တိုင်ဆာလောင်တိုင်း ငိုကြွေးနေတော့၏။ မီခါလီနှင့် တစ်နယ်တည်းသားတွေကိုယ်နှိုက်ကပင် ထိုကလေးငယ်၏ ငိုကြွေးသံကြောင့် ညဉ့်ရောက်တိုင်း အိပ်ရာမှ လန့်နိုးလာတတ်ကြရာ သည်းမခံနိုင်တော့သည့်အဆုံး သူတို့တန်းလျားမှ နှင်ထုတ်လိုက်ကြတော့သည်။ 'မီခါလီ'ကိုလည်းပဲ မည်သူကမှ အလုပ်လုပ်ရန်အတွက် လက်မခံကြပေ။ မီခါလီကိုယ်တိုင်ပင်လျှင် ကလေးငယ်၏ ငိုသံကို ကြားရဖန်များပြီဖြစ်၍ ထုံပေပေဖြစ်နေခဲ့ကာ ဘာလုပ်ရမှန်းမသိဦးတည်ရာမဲ့ ဟိုဟိုဒီဒီလျှောက်သွားရင်း ဆိုးဝါးလှသော ကံကြမ္မာကိုသာ အပြစ်တင်နေခဲ့မိတော့၏။

ယခုလို ဒုက္ခပင်လယ်ဝေနေသော အချိန်အခါမှာမှ လူဖြစ်လာရသော ကလေးငယ်မှာ ကံဆိုးလှပြီး သူ့အတွက်လည်းဘယ်သွားသွား ကလေးငယ်ကို လွယ်နေရသဖြင့် ပင်ပန်းဆင်းရဲလှချေသည်။ အလိုလိုကမှ ကိုယ့်ဒုက္ခနှင့်ကိုယ် စိတ်ညစ်နေ

http://www.cherrythitsar.org


ကြရသော စစ်ပြေးဒုက္ခသည်အပေါင်းမှာ ကလေးငယ်၏ ငိုသံကို ကြားတိုင်း စိတ်တိုဒေါသထွက်နေခဲ့ကြကာ ဒီကလေးသေသွားရင်လည်း ဝဋ်ကျွတ်တာပဲဟူ၍ သက်ညှာစွာ စဉ်းစားခဲ့ကြသေးသည်။ သို့သော် ကလေးငယ်မှာ အခက်အခဲတွေကြားမှာ ကောင်းစွာ အသက်ရှင်နေနိုင်ခဲ့ပြီး တစ်နေ့တခြားဆာလောင်မှုကြောင့် ငိုကြွေးသံမှာလည်း ပိုမို၍ ကျယ်လောင်လာခဲ့ပြန်သည်။ ငိုသံကို သည်းမခံနိုင်သော မိန်းမများမှာ သူတို့၏ နားများကို ဂွမ်းများဖြင့် ဆို့ထားခဲ့ကြပြီး မီခါလီမှာလည်း အိပ်ရေးတွေပျက်၊ အားအင်ချည့်နဲ့စွာဖြင့် အရက်မူးသမား တစ်ယောက်လို ဟိုဟိုဒီဒီယိမ်းထိုးလျှောက်သွားနေခဲ့သည်။ သူ့အိတ်ထဲမှာလည်း နို့ဝယ်တိုက်စရာ ပိုက်ဆံတစ်ပြားမှမရှိ။ မည်သည့်အမျိုးသမီးကမှလည်း ကလေးကို နို့ခေါ်၍ တိုက်ဖော်မရသဖြင့် အခြေအနေမှာ လူတစ်ယောက် ရူးသွပ်သွားချင်စရာကောင်းလောက်အောင် ဆိုးဝါးလှပေသည်။

တစ်နေ့တွင် ထိုဒုက္ခသည်များကို သည်းမခံနိုင်တော့သည့် အဆုံး မီခါလီမှာ ကလေးငယ်ကို လွယ်လျက် အနာတိုလီယန်လူမျိုးများရှိရာ အခြားတစ်ဖက်သို့ ထွက်ခွာလာခဲ့သည်။ ထိုဒုက္ခသည်များမှာလည်း အေးရှားမိုင်နာဒေသတွင် တူရကီလူမျိုးက ခရစ်ယာန်များအား အစုလိုက် အပြုံလိုက် သတ်ဖြတ်နေရာမှ ထွက်ပြေးလာကြခြင်း ဖြစ်သည်။ ထိုဒေသတွင် ကလေးငယ်အပေါ် သနားကြင်နာတတ်သော သူနာပြုဆရာမတစ်ယောက် ရှိသည်ဟု လူတစ်ယောက်က ပြော၍ မီခါလီက မျှော်

http://www.cherrythitsar.org



လင့်ချက်ကြီးစွာဖြင့် ထွက်လာခဲ့ခြင်း ဖြစ်၏။ သို့သော် ဤနေရာမှာလည်း ယခင်နေရာနှင့် မခြားနားလှဘဲ စိတ်ပျက်ဖွယ်ရာချည်းပင်။

အဘွားအိုများကို ကောက်ရိုးဖြင့် ရက်လုပ်ထားသော အခင်းများပေါ်တွင် လဲလျောင်းနေစေပြီး ဖိနပ်မပါသော ကလေးငယ်များမှာလည်း ညစ်ပတ်သော ရေအိုင်များထဲတွင် ကစားနေခဲ့ကြသည်။ သူအနားကပ်လာသည့်အခါ အဘွားအိုများက ဘာအလိုရှိပါသလဲဟု သူ့ကို ဝိုင်းမေးကြ၏။ သို့သော် သူက "အပျိုစင်မေရီ" ၏ ရုပ်ပုံချိတ်ဆွဲထားသော တဲတစ်ခု၏ အဝသို့ ရောက်အောင် ဆက်လျှောက်လာခဲ့ပြီး ရပ်လိုက်သည်။ တဲအတွင်းမှ ကလေးငယ်တစ်ယောက်၏ အော်ငိုသံကို ကြားလိုက်ရသည်။ သူက ဂရိဘာသာဖြင့် အော်ပြောလိုက်သည်။ "ကျွန်တော်ဟာ ဆင်းရဲတဲ့ အာမေးနီးယန်းလူမျိုး တစ်ယောက်ပါခင်ဗျာ။ သနားသဖြင့် ဟောဒီမိဘမဲ့ လူမမည်ကလေးလေးအတွက် သောက်စရာနို့များရှိခဲ့ရင် ပေးကမ်းကြပါ"

သူ၏ အသနားခံလွှာအပြီးတွင် အသားမည်းမည်းနှင့် ချစ်စရာကောင်းသော အမျိုးသမီးတစ်ဦးအပြင်သို့ ထွက်လာသည်။ မျက်စိလေးများကို မှေးလျက် အရသာခံကာ သူ့နို့စို့နေခဲ့သော ကလေးငယ်တစ်ဦးအား သူမ၏ လက်ထဲတွင် ပွေ့ပိုက်ထားသည်ကို တွေ့မြင်ရ၏။ သူမက ...

"ကဲ ... ကလေးကို ပြစမ်းပါဦး၊ မိန်းကလေးလား ... ယောကျာ်းလေးလားဆိုတာ"

http://www.cherrythitsar.org


မီခါလီမှာ ထိုသို့ ကြားလိုက်ရသောအခါ များစွာမှ ဝမ်းသာသွားပြီး တစ်ကိုယ်လုံးပင် တုန်ယင်၍လာသည်။ အနီးအပါးမှ အမျိုးသမီးများကလည်း အနားသို့ ရောက်ရှိလာကြကာ သူ့ကျောတွင် လွယ်ထားသော အထုပ်ထဲမှ ကလေးငယ်ကို အပြင်သို့ ဆွဲထုတ်နိုင်ရန် ဝိုင်းဝန်း အကူအညီပေးကြလေ၏။ သူတို့ကလည်း စူးစမ်းလိုစိတ်ဖြင့် ကလေးငယ်ကို ကြည့်လိုကြပုံပေါ်သည်။ မီခါလီက ကလေးငယ်အား မြင်သာအောင် အပေါ်မှ အဝတ်ကို လှစ်ပြလိုက်သည်။

အမျိုးသမီးများမှာ ထိတ်လန့်တကြား အာမေဋိတ်သံပြု၍ အော်ဟစ်လိုက်ကြတော့သည်။ တကယ်တော့ ကလေးငယ်၏ ရုပ်သွင်မှာ တိရစ္ဆာန်တစ်ကောင်၏ ပုံပေါက်နေခဲ့လေသည်။ ရှုံ့တွပိန်လှီနေသော ကိုယ်ခန္ဓာတွင် ဦးခေါင်းက အကြီးကြီး။ ဖူးရောင်နေသော လက်မကို တပြွတ်ပြွတ်စုပ်နေခဲ့သော်လည်း လက်မက ပါးစပ်ထဲသို့ မဝင်နိုင်။ မြင်ရသူတိုင်းပင် ထိတ်လန့်ဖွယ်ရာ။ မီခါလီကိုယ်တိုင်ပင်ကြည့်ရင်း ကြောက်လာသည်။

အဘွားအိုကြီးတစ်ဦးက “ဘုရားသခင် တကယ့်ကို ဒီကလေးက မကောင်းဆိုးဝါးကောင်လေးလိုပါပဲလား။ ငါ့မှာ နို့ရည်ရှိခဲ့ရင်တောင် သူ့တော့ မတိုက်ဝံ့ပေါင်အေ”ဟု ပြောလိုက်ပြန်သည်။

တခြားတစ်ယောက်ကလည်း သူမ၏လက်ဖြင့် ကိုယ်ပေါ်တွင် လက်ဝါးကပ်တိုင် ပုံသဏ္ဍာန်ပြုလုပ်ကာ ‘ခရစ်တော်ရဲ့ ရန်သူလေးပဲ၊ တူရကီလူမျိုးတစ်ယောက်ယောက်ရဲ့ သားလေး

http://www.cherrythitsar.org



ဖြစ်မှာပဲ’ဟု မှတ်ချက်ပေးလိုက်သည်။

စုန်းမပုံသဏ္ဌာန်ပေါက်နေသော အမေအိုကြီးတစ်ဦးကမူ ‘မကောင်းဆိုးဝါးလေး’ဟု အော်မြည်ကာ မီခါလီဘက်သို့ လှည့်ပြီး “ဒီနေရာက မြန်မြန်ထွက်သွားကြစမ်း။ နောက်ကို ဘယ်တော့မှ ဒီနေရာကို မလာခဲ့ကြနဲ့တော့။ မင်းတို့နှစ်ယောက်ဟာ ကံဆိုးမိုးမှောင်ကျစေမယ့်သူတွေပဲ”ဟု အော်ဟစ်နှင်ထုတ်လိုက်သည်။ မီခါလီမှာ ဆာလောင်၍ ငိုကြွေးနေသော ကလေးငယ်ကို ပိုက်ကာ သူ့အား ခြောက်လှန့်၍ နှင်ထုတ်လိုက်ကြသော သူများထံမှ ထွက်လာခဲ့တော့သည်။

ဘာမှလုပ်စရာမရှိတော့။ ကလေးငယ်မှာ ဆာလောင်ငတ်မွတ်၍ သေရုံမှတစ်ပါး အခြားမရှိပြီ။ မီခါလီမှာ အားလုံးကို ဆုံးရှုံးပြီး အထီးကျန်ခံစားနေရသည်။ ကြောက်မက်ဖွယ်သတ္တဝါတစ်ကောင်ကို သယ်ဆောင်ထားရသည်ဟူသော အသိက သူ့ကို ကျောချမ်းစေသည်။ သူက သစ်သားတဲငယ်တစ်ခု၏ အရိပ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ရာသီဉတုက ပူပြင်းလှသည်။ တွေ့ရသမျှ မြင်ကွင်းမှာ ညှိုးနွမ်းခြောက်သွေ့နေပြီး နေရာတိုင်း၌ စွန့်ပစ်ထားသော အဟောင်းအနွမ်းပစ္စည်းများသာ ရှိ၏။ တစ်နေရာမှ နေ့လယ် ၁၂ း ၀၀ ထိုးပြီဆိုသည့် အချက်ပေးခေါင်းလောင်းသံ ပျံ့လွင့်လာ၏။ ထိုအခါမှ မီခါလီမှာ ယမန်နေ့က စ၍ ယခုတိုင် လမ်းကြိုလမ်းကြားထဲဝင်၊ သူများစားပြီးသား တစ်ဝက်တစ်ပျက် အစာကျန်များကို လိုက်လံရှာဖွေ၊ ဒါမှမဟုတ် အမှိုက်ပုံထဲမှ ခွေးပင်မစားတော့သည့် အစာ

http://www.cherrythitsar.org



ဟောင်းများကို တူးဆွရှာဖွေစားသောက်ရတော့မည်။ သူ့ဘဝကို တွေးမိပြီး မီခါလီမှာ အထူးပင် တုန်လှုပ်ချောက်ချားသွားမိတော့သည်။ သူ့မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးမိသည်။ သူ ငိုပြီး၍ မျက်နှာကို မော့ကြည့်လိုက်တော့ သူ့ရှေ့တွင် လူတစ်ယောက်ရပ်နေသည်။ ထိုသူက ကရုဏာသက်စွာဖြင့် သူ့ကို ငုံ့ကြည့်နေခဲ့သည်။ ဒုက္ခသည်စခန်းသို့ မကြာခဏ လာရောက်၍ အပေါစားကြွေထည်ပစ္စည်း အတိုအထွာလေးများကို လာရောက်ရောင်းချတတ်သော တရုတ်အမျိုးသားကြီးမှန်း မီခါလီက မှတ်မိလိုက်သည်။ သို့သော် မည်သူကမှ သူ့ထံက ပစ္စည်းကို မဝယ် ယူကြပါ။ တစ်ခါတစ်ရံ သူ့အသားအရောင်နှင့် စွေစောင်းနေသော မျက်စိများကြောင့် အလှောင်အပြောင်ခံရတတ်ပြီး ကလေးများကလည်း သူသွားရာနောက် ဝိုင်းရံလိုက်ပါပြီး အော်ဟစ်နောက်ပြောင်တတ်ကြသေးသည်။

တရုတ်အမျိုးသားကြီးသည် မီခါလီအား ကြင်နာစွာဖြင့် ကြည့်နေခဲ့ကာ နှုတ်ခမ်းများကို လှုပ်၍ စကားစတင်ပြောရန် ကြိုးစားလိုက်သည်။

"မငိုပါနဲ့ ကလေးရယ်၊ လာ ... ကျုပ်နောက်ကို လိုက်ခဲ့"ဟု သိမ်မွေ့သောအသံဖြင့် ခေါ်လိုက်သည်။ မီခါလီက ခေါင်းများကို ယမ်းခါပြီး မလိုက်လိုဟု အဖြေပေးလိုက်သည်။ သူက ထွက်ပြေးချင်စိတ်ပေါက်လာသည်။ အရှေ့တိုင်းသားတွေရဲ့ ရက်စက်တတ်ပုံများကို သူက ကြားဖူးနေခဲ့သည်။ ဒုက္ခသည်

http://www.cherrythitsar.org



စခန်းမှာဆိုလျှင် သူတို့သည် ဂျူးလူမျိုးများကဲ့သို့ အမူအကျင့်များရှိကာ ခရစ်ယာန်ကလေးငယ်များကို ခိုးယူသတ်ဖြတ်၍ သူတို့၏ သွေးများကိုပင် သောက်လေ့ရှိကြောင်း မကြာခဏ ပြောလေ့ပြောထရှိခဲ့ကြသည်။ သို့သော် ထိုလူကြီးမှာ သူ့ရှေ့တွင် တုတ်တုတ်မျှ မလှုပ်ဘဲ ရပ်မြဲရပ်နေခဲ့သည်။

နောက်ဆုံးတော့ သန်းခေါင်ထက် ညဥ့်မနက်နိုင်၊ ဆင်းရဲတွင်းနက်လှပြီ ဖြစ်သဖြင့် မီခါလီသည် သူခေါ်ရာနောက်သို့ လိုက်ခဲ့တော့သည်။ နောက်ထပ်မည်သို့ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာများကို ထပ်မံရင်ဆိုင်ရလေဦးမည်မသိ။ လမ်းလျှောက်လာစဥ် မီခါလီမှာ အားနည်းလွန်း၍ ခလုတ်တိုက်မလိုဖြစ်ပြီး ကလေးနှင့် အတူ လဲကျသွားမလို ဖြစ်သွားသေး၏။ တရုတ်အမျိုးသားကြီးက သူ့ကို ဖေးမကာ သူ့လက်ထဲမှ ကလေးငယ်ကို လှမ်းယူလိုက်ပြီး ရင်ဘတ်ထဲတွင် ကြင်နာစွာဖြင့် ပွေ့ပိုက်ထားသည်။ သူတို့နှစ်ယောက် မြေကွက်လပ်များစွာကို ဖြတ်သန်းလာခဲ့ကြသည်။ ထို့နောက်တော့ ပန်းခြံငယ်လေးတစ်ခုဖြင့် ဝိုင်းရံထားသော သစ်သားအိမ်ငယ်လေးတစ်ခု၏ ရှေ့မျက်နှာစာသို့ ရောက်ရှိလာပါတော့သည်။

တရုတ်အမျိုးသားကြီးက အိမ်ရှေ့တွင်ရပ်ကာ တံခါးအား လက်ဖြင့် နှစ်ချက်ခေါက်လိုက်သည်။ အတွင်းမှ ခြေသံခပ်ဖော့ဖော့လျှောက်လာသံ ကြားရပြီးနောက် တံခါးက ပွင့်သွားသည်။ အမျိုးသမီးမှာ ကိုယ်ခန္ဓာသေးသေးကွေးကွေးပင် ဖြစ်ကာ သူတို့နှစ်ယောက်ကို မြင်တော့ အနည်းငယ် ရှက်ရွံ့ဟန်

http://www.cherrythitsar.org



ဖြင့် မျက်နှာမှာ နီမြန်းသွားသည်။ ထို့နောက် တဖြည်းဖြည်း ပြုံးလာပြီး သူတို့နှစ်ယောက်အား ခေါင်းလေးညွှတ်၊ ဒူးလေးကွေး၍ ခရီးဦးကြို ပြုလိုက်ပါသည်။ မီခါလီက နေရာက မရွေ့ဘဲနေသဖြင့် တရုတ်အမျိုးသားကြီးက သူ့အား "လာလေကွယ် မကြောက်ပါနဲ့၊ သူဟာ ကျုပ်ရဲ့ဇနီးပါ"ဟု ရှင်းပြလိုက်သည်။

မီခါလီက အထဲသို့ ဝင်ရင်း အတော်အတန် ကျယ်ဝန်းသောအခန်းကို သတိပြုလိုက်မိသည်။ အလယ်မှ ဆေးရောင်ခြယ်ထားသော ကတ်ထူစက္ကူစတစ်ခုဖြင့် ပိုင်းခြားထားသည်။ ဆင်းရဲနွမ်းပါးသည့်အသွင် ပုံပေါ်သော်လည်း သပ်ရပ်သန့်ရှင်းမှုကအပြည့်။ အခန်း၏ ထောင့်တွင် ကြိမ်ဖြင့် ပြုလုပ်ထားသော ကလေးပုခက်ငယ်တစ်ခု ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

"ဒါ ကျွန်မရဲ့ ကလေးပါ"မိန်းမပျိုက ညင်သာစွာ ခေါင်းလေးကို ငဲ့၍ ပြုံးရင်းက ပြောလိုက်သည်။

"သားလေးက သေးသေးကွေးကွေးနဲ့ ချစ်စရာပါ။ ဒီဘက်ကိုလာပြီး ကြည့်လှည့်ပါဦးရှင်"

မီခါလီက အနားသို့ တိုးသွားပြီး တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ပုခက်ထဲမှ ကလေးငယ်အား နှစ်သက်သဘောကျဟန်ဖြင့် ကြည့်နေခဲ့သည်။ ဝဝကစ်ကစ် မျက်နှာနှင့် ကလေးငယ်လေးမှာ မိခင်၏ ဝမ်းတွင်းမှ ကျွတ်လွတ်လာခဲ့ပြီးသည့်နောက် နှစ်ခြိုက်စွာဖြင့် အိပ်မောကျနေပေသည်။ ဘုရင်ငယ်လေးတစ်ပါးသဖွယ် ရွှေရောင် ဘရိုကိတ် အဝတ်အထည်ဖြင့် ဖုံးလွှမ်းထားလေသည်။

http://www.cherrythitsar.org



ထို့နောက် သူမ၏ ယောကျ်ားဖြစ်သူက သူမကို ခေါ်လိုက်ကာ ကောက်ရိုးဖျာတစ်ချပ်ပေါ်တွင် ညင်သာစွာ ထိုင်စေသည်။ စကားတစ်ခွန်းမှ မပြောဘဲ အလွန်ဆာလောင်မွတ်သိပ်နေသော ကလေးငယ်ကို သူမ၏ ပေါင်ပေါ်သို့ ချထားလိုက်သည်။ မိန်းမပျိုမှာ အံ့အားသင့်သွားပြီး ကလေးငယ်အား ထုပ်ပိုးကာရံထားသော အဝတ်စကို ဖယ်ရှားလိုက်သည်။ သူမမှာ အရိုးစုတစ်ခုအား တွေ့မြင်လိုက်ရသည့်အလား ရုတ်တရက် ထိတ်လန့်သွားခဲ့သေးသည်။ ထို့နောက် သနားကြင်နာဟန်ဖြင့် နှုတ်မှ စုတ်သပ်ညည်းညူလိုက်ပြီးနောက် ကလေးငယ်အား ရင်ခွင်မှာ ထွေးပိုက်၍ နို့တိုက်လိုက်သည်။ သူမ၏ ဂါဝန်ကြွေကို ထိန်းသိမ်းသည့်အနေဖြင့် သူမပခုံးပေါ်မှ အင်္ကျီစကို နို့ရည်များဖြင့် ဖောင်းကြွနေသည့် သားမြတ်အပေါ်သို့ ဖုံးအုပ်လိုက်ပြီးသည့်နောက်တွင်မတော့ သနားစဖွယ် နို့ငတ်နေခဲ့သော ကလေးငယ်မှာ အားပါးတရနို့စို့လျက် ရှိပေသတည်း။

**Maternity by Lilika Nakos (Greece)**



# ကန်ရေပြင်ရိပ်ဝယ်

အနောက်ဘက် မိုးကုပ်စက်ဝိုင်းတစ်ခုတွင် ပုစွန်ဆီရောင်က စွန်းထင်းဆဲ။ ရေကန်စောင့်ကြီးမှာ ကန်ပေါင်ပေါ်တွင် ရပ်လျက် ဟိုဟိုသည်သည် ကြည့်ရင်း အပြီးသတ်စစ်ဆေးမှု ပြုလုပ်လိုက်သည်။ ညနေခင်း အညောင်းပြေလမ်းလျှောက်လာသူတို့ပင် အိမ်ပြန်ကုန်ကြပြီ။ ကန်မြောက်ဘက်တွင် ဖွဲရှိရှိနှင့် ငါးမျှားနေသူ တစ်ယောက်မှ လွဲလျှင် သက်ရှိဆို၍ ဘာကိုမှ မတွေ့ရတော့။ ခေါင်းမာလှသော ငါးမျှားသူမှာ သူ၏ခြေနှစ်ချောင်းကို ရေထဲတွင် ချထားပြီး ဝမ်းနည်းစွာဖြင့် သူ၏ငါးမျှားတံကို စိုက်ကြည့်နေခဲ့သည်။ သူ့ကို သွားနှောင့် ယှက်၍လည်း အပိုပင်။ သူက ငါး မရမချင်း ထိုနေရာမှ မထဘဲ၊ သန်းခေါင်သန်းလွဲအထိ နေချင်နေမည့်သူ။

မြို့လယ်နာရီစင်မှ ည၉ကိုးနာရီထိုးသံ ကြားလိုက်ရပြန်သည်။ ရေကန်ကို ကာရံထားသော ခြံစည်းရိုးကို တိုးဖောက်၍ မည်သည့် ကျွဲနွားများမှ ဖြတ်သန်းမသွားခဲ့သဖြင့် ရေကန်စောင့်

http://www.cherrythitsar.org


ကြီးမှာ ကျေနပ်နေသည်။ သူ တစ်ဖက်သို့ အလှည့်လိုက်တွင် မတော့ ရေကန်စပ်ဆီသို့ ဦးတည်နေသော အုတ်လှေကားထစ်များကို တစ်ထစ်ချင်းနင်း၍ ဆင်းသွားနေသော သဏ္ဍာန်တစ်ခုကို တွေ့လိုက်ရသည်။ သူက သရဲတစ္ဆေများလားဟု ရုတ်တရက် တွေးလိုက်မိသေးသည်။ နောက်မှ ထိုအတွေးကို ခေါင်းထဲမှ ဖျောက်ပစ်ပြီး စုံစမ်းရန် အနီးသို့ ချဉ်းကပ်လာခဲ့သည်။ ဒီအချိန်ကြီးကျမှ ရေလာချိုးသည့် တစ်ယောက်ယောက်များလား။ လှေကားထိပ်ကို ရောက်တော့ ထိုသဏ္ဍာန်မှာ အမျိုးသမီးတစ်ဦးမှန်း သဲသဲကွဲကွဲ သိလိုက်ပြီး နောက်ဆုံးလှေကားထစ်သို့ ရောက်သည့်အချိန်တွင် အမျိုးသမီးက ကိုယ်ကို ကိုင်းပြီး တစ်ခုခု တင်ထားလိုက်သည်။ စာတစ်စောင်ဖြစ်နိုင်သည်။ ထို့နောက် သူမသည် ဒူးဆစ်လောက်အထိ နက်သော ရေထဲသို့ ဆင်းသွားကာ ထိုနေရာ၌ ခေတ္တရပ်နေခဲ့ပြန်သည်။ လက်နှစ်ဖက်ကို လက်အုပ်ချီ ပုံသဏ္ဍာန်ပြုလုပ်၍ ဆုတောင်းနေဟန် ပြုပြန်သည်။ သေချာပါပြီ။ ဒီကိစ္စမျိုးက နောက်ပိုင်း ရဲတွေလာ၊ မေးခွန်းပေါင်းစုံမေးနှင့် ရေကန်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေတော့မည်။

ရေကန်စောင့်ကြီးက အော်လိုက်သည်။ “မလုပ်နဲ့ မိန်းကလေး မမိုက်နဲ့၊ ဒီကိုလာခဲ့ပါ” ရေကန်စပ်မှ အမျိုးသမီးက အပေါ်သို့ ဆတ်ခနဲ မော့ကြည့်လိုက်သည်။ညစောင့်ကြီးက ဆက်လက်၍ “အဲဒီနေရာမှာ အကြာကြီးရပ်ပြီး ကြည့်မနေနဲ့လေ။ ဒီဘက်ကို တက်လာခဲ့ပါ။ တော်ကြာ အအေးမိနေပါ့မယ်” ဟု

http://www.cherrythitsar.org



ဆက်ပြီး အော်ပြောလိုက်ပြန်သည်။ သူက လှေကားထစ်များ အတိုင်း ပြေးဆင်းသွားပြီး စာကို ကောက်ယူလိုက်သည်။ သူက လက်ထဲမှ မှန်အိမ်ကို လျင်မြန်စွာ မီးထွန်းညှိလိုက်ပြီးနောက် မီးစွဲသွားသော မီးစာမှ အလင်းရောင်ကောင်းစွာရသည်အထိ စောင့်နေလိုက်သေးသည်။ ပါးစပ်မှလည်း "ကျုပ် ဒါမျိုး လုံးဝ မကြိုက်ဘူး။ ဘာဖြစ်လို့ ဒီကနက်ကိုမှ လာရတာလဲ။ သေချင်ရင်လည်း ကားတစ်စီးစီးရှေ့ မှောက်လျက်လှဲချလိုက်ရောပေါ့"ဟု ရေရွတ်ညည်းတွားလိုက်သည်။

သူ့လက်ထဲမှ မီးအိမ်၏ အလင်းရောင်က မိန်းမပျို၏ မျက်နှာပေါ်သို့ ကျရောက်သွားသည်။ မျက်ရည်များဖြင့် ပြည့်လျှမ်းနေသော လှပသည့် မျက်နှာပိုင်ရှင်။ သူ ရုတ်တရက် ကရုဏာသက်သွားခဲ့မိသည်။ သူက ဆက်လက်၍ "ကလေးမ ဒီမှာထိုင်ပါ။ စိတ်အေးအေးထားပါ။ အပေါ်ကို နည်းနည်းတက်ခဲ့ပြီး ဒီမှာထိုင်ပါဦး။ ရေစပ်နားမှာ မထိုင်ပါနဲ့"ဟု ပြောလိုက်သည်။ သူမက သူပြောသည့်အတိုင်း လိုက်နာခဲ့ပါသည်။ သူက မီးအိမ်ကို လှေကားထစ်တစ်ထစ်ပေါ်တွင် ချကာ မိန်းမပျိုနှင့် ရေစပ်အကြား လှေကားထစ်ပေါ်တွင် နေရာယူလိုက်သည်။ အိတ်တဲမှ ဆေးပေါ့လိပ်တစ်လိပ် ထုတ်ယူလိုက်ကာ ပါးစပ်ထဲမှာ ကိုက်ထားလိုက်သည်။ မိန်းမပျိုက မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ကာ တရှုပ်ရှုပ်ငိုကြွေးတော့သည်။ သူတော်တော်လေး စိတ်မကောင်းဖြစ်သွားကာ ဘာလုပ်ရမှန်းမသိတော့။ နောက်မှ "ကဲ ... မိန်းကလေး၊ ကိုယ့်အိမ်ကို ပြန်ရင် ကောင်း

http://www.cherrythitsar.org


မယ်ထင်တယ်”ဟု ပြောလိုက်ပြန်သည်။

သူမက ရိုက်သံများအကြားမှ ဗလုံးဗထွေးဖြင့် ...

“ဒီကမ္ဘာကြီးမှာ ကျွန်မအတွက် အိမ်ဆိုတာ မရှိပါဘူး ရှင်”ဟု ပြောလိုက်သည်။ “ဒီလိုမပြောနဲ့လေ။ မင်းမှာ အိမ်မရှိဘဲနဲ့ အခုလို အသက်အရွယ် ဘယ်လိုရောက်လာမှာလဲကွ“

သူမက “ကျွန်မ ၅ နှစ်သမီးအရွယ်မှာပဲ အမေဆုံးခဲ့တယ်”

“ကျုပ်ထင်သားပဲ။ အဲဒီတော့ မင့်အဖေက နောက်အိမ်ထောင်ပြုပြီး၊ မင်းဟာ မိထွေးရဲ့ အုပ်ထိန်းမှုအောက်မှာ ကြီးပြင်းခဲ့ရတယ်ဆိုပါတော့”ဟု ထင်မြင်ချက်ပေးလိုက်သည်။

“ဟုတ် ... ဟုတ်ကဲ့ပါရှင်၊ ဒါနဲ့ ဒါတွေကို ဦးလေး ဘယ်လိုလုပ်သိပါသလဲ”

“ကျုပ်က ကလေးမရဲ့ ဦးလေးအရွယ်ပါ။ သိတာပေါ့ကွယ်။ ဒါနဲ့ မင်းရဲ့မိထွေးက မင်းအပေါ်မှာ တော်တော်ဆိုးခဲ့သလား”

“မဟုတ်ပါဘူးရှင်၊ ဒီနေရာမှာတော့ ဦးလေးမှားနေပြီ။ သူက ကျွန်မအပေါ် ကောင်းပါတယ်။ မနှစ်ကပဲ အဖေဆုံးသွားတာ။ အဲဒီကတည်းက ကျွန်မအပေါ်မှာ သူစောင့်ရှောက်ခဲ့ပါတယ်။ အဖေထားခဲ့တဲ့ ပိုက်ဆံအနည်းငယ်နဲ့ပဲ ကျွန်မ တာဝန်ကို သူ့ခမျာ ယူရရှာတာပါ”

ညဦးစောင့်ကြီးမှာ ကောင်းကင်ယံမှ ကြယ်များကို ငေးကြည့်နေခဲ့ပြီး ညနေစာလွတ်တော့မည်ကို တွေး၍ သက်ပြင်း

http://www.cherrythitsar.org


ချလိုက်သည်။

"ကဲ ... ညဥ့်နက်လှပါပြီ မိန်းကလေး။ အိမ်ကိုသာ ပြန်ပါတော့"

"ကျွန်မပြောပြီးပါပကော၊ ကျွန်မမှာ အိမ်ရယ်လို့ မရှိပါဘူး"ဟု ဒေါသသံဖြင့် ပြန်ပြောလိုက်သည်။

"မင်းပြောသလိုဆိုရင် မင်းမိထွေးအိမ်က မင်းအိမ်ပဲပေါ့။ ဘာပြဿနာမှလည်း မရှိဘဲနဲ့ဟာ၊ သူကလည်း မင်းအပေါ် ကောင်းသားပဲဆို"

"ဒါပေမဲ့ ကျွန်မဟာ သူ့အတွက် ဝန်ထုပ်ဝန်ပိုးကြီးလို ဖြစ်မနေချင်ဘူးလေ။ ကိုယ့်ဘာသာကိုယ်တောင် ဘယ်သူဘယ်ဝါမှန်း မသိတော့ပါဘူးလေ"

"ဘာပဲဖြစ်နေဖြစ်နေ မင်းဟာ သူ့ယောက်ျားရဲ့ သမီးပဲပေါ့။ ဒီအချက်နဲ့တင် သူဟာ မင်းကို တာဝန်ယူသင့်ပါတယ်"ဟု ညဥ့်စောင့်ကြီးက ထင်မြင်ချက်ပေးလိုက်သည်။

"အို ... ကျွန်မ သူများလုပ်စာကို အလကားထိုင်မစားချင်ပါဘူး။ ဘယ်သူ့အပေါ်မှလည်း မှီခိုပြီး မနေချင်ဘူး"

"ဒါဆိုရင်လည်း သူတို့က မင်းကို အိမ်ထောင်ဖက်တစ်ယောက်ယောက် ရှာပေးတဲ့အထိ စောင့်ရုံပဲပေါ့"

သူမက အမှောင်ထဲမှ သူ့မျက်နှာကို စိုက်ကြည့်ပြီး "အဲဒီဟာ ကျွန်မ မလုပ်ချင်ဆုံး အလုပ်ပဲ။ ကျွန်မ ပညာဆက်သင်ချင်သေးတယ်။ ဘွဲ့ရရင် အလုပ်တစ်ခုခု ရှာပြီး ကိုယ့်ဝမ်းကိုယ်ကျောင်းချင်တယ်။ ကျွန်မ အိမ်ထောင်မပြုချင်သေးပါဘူး။

http://www.cherrythitsar.org



ကျွန်မ မိထွေးနဲ့ သူ့သားအကြီးတို့ ညဉ့်နက်သန်းခေါင်အထိ ကျွန်မ နောင်ရေးနဲ့ အိမ်ထောင်ရေးအတွက် စိတ်ပူနေတဲ့ အကြောင်း မကြာခဏ ပြောဆိုနေကြတာကို ကျွန်မ ကြားရတယ်။ သူတို့ ကျွန်မ တက္ကသိုလ်မှာ ဆက်ပြီး ပညာသင်ဖို့ စရိတ်ကို မတတ်နိုင်ကြတော့ဘူးလေ။ ဒါကို ကျွန်မ သိပါတယ်။ ကျောင်းစရိတ်ကလည်း တစ်လတစ်လကို သွားတာလာတာ စားတာသောက်တာ စာအုပ်ဝယ်ရတာနဲ့တင်ကို ငွေ ၁၀၀၀ နားကပ်နေပြီလေ”

“ဘုရားရေ ... ငွေတစ်ထောင် ဟုတ်လား” ညဉ့်စောင့်ကြီးက အလန့်တကြား ရေရွတ်လိုက်သည်။ သူ့လခတောင် ဒီလောက်မရ။

“ကလေးမရဲ့ ကျောင်းစရိတ်က ကြီးလှချည်လား”

“ဟုတ်တယ်။ ဒီနေ့ရဲ့ အခြေအနေနဲ့ ငွေတစ်ထောင်ဆိုတာ ဘာမှ မများဘူး။ ကျွန်မ စကောလားရှစ် ပညာသင်စရိတ်များ ရမလားဆိုပြီး လျှောက်ကြည့်ခဲ့ပါသေးတယ်။ ဒါလေးရလိုက်ရင်တော့ ကျွန်မ နည်းနည်း အသက်ရှူချောင်သွားမယ်။ ဒါပေမဲ့ ဒီနေ့ပဲ ထွက်လာတဲ့ ပညာသင်ထောက်ပံ့ကြေးရတဲ့သူစာရင်းမှာ ကျွန်မနာမည် မပါပြန်ဘူး”ဟု ပြောကာဝမ်းပမ်းတနည်း ငိုကြွေးပြန်သည်။

ညဉ့်စောင့်ကြီးမှာ အံ့အားသင့်စွာဖြင့် သူမကို ငေးကြည့်နေ ခဲ့မိသည်။ မိန်းကလေး၏ အခြေအနေအားလုံးကို သူနည်းနည်းပဲ နားလည်၍ ဉာဏ်မမီဟု ဆိုရတော့မည်။

http://www.cherrythitsar.org


သူမက ဆက်၍ "ကျွန်မပညာသင်ထောက်ပံ့ကြေး မရတာကို သူတို့ သိသွားခဲ့ရင်တော့ ကျွန်မရဲ့ အိမ်ထောင်ရေး ကိစ္စကို စီမံကြတော့မှာ။ မနက်ဖြန်ကိုပဲ ကျွန်မကို လက်ထပ် ချင်တဲ့လူတစ်ယောက်က လာကြည့်မယ်လို့ ပြောကြတယ်"ဟု ရှင်းပြပြန်သည်။ "အဲဒီသူကို ကလေးမ လက်ထပ်လိုက်ပါ။ သူက မင်းရဲ့နောင်ရေးအတွက် တာဝန်ယူပါလိမ့်မယ်"

သူမက သွေးရူးသွေးတန်းဖြင့် "မယူဘူး ... မယူဘူး၊ ကျွန်မ အိမ်ထောင်မပြုချင်သေးဘူး။ စာပဲ ဆက်သင်ချင်နေတယ်" ဟု အော်ဟစ်လိုက်ပြန်သည်။

တိတ်ဆိတ်သော ညဥ့်မှာ သူမ၏ ရှိုက်သံများဖြင့် ဖုံး လွှမ်းနေခဲ့ပြီး ညဥ့်ငှက်တစ်ကောင်က ကန်ရေပြင်အပေါ်တွင် ရှပ်၍ ပျံသန်းသွားခဲ့သဖြင့် လှိုင်းတွန့်လေးများက ကမ်းစပ် တွင် သာသာလေး ရိုက်ခတ်လာခဲ့သည်။

ညဥ့်စောင့်ကြီးမှာ သူမ ခံစား ငိုကြွေးနေရသည်ကို တွေ့မြင်ရတော့ သူ့ဘဝတစ်လျှောက် ကြုံတွေ့ခဲ့ရသော ဝမ်း နည်းစရာ အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်လာပါ သည်။ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ ဆင်းရဲနွမ်းပါးလှသော သူတို့၏ ရွာကလေးတွင် "ကာလဝမ်းရောဂါ"ရတ်တရက် ဖြစ် ပွားတော့ တစ်နေ့တည်း အဖေရော အမေရော ညီလေးတွေပါ လျင်မြန်စွာ သေဆုံးကုန်ကြသည်။ သူ့မှာသာ တစ်ကောင်ကြွက်၊ အထီးကျန်၊ နောက်ဆုံး အဖေတို့ အမေတို့ထားခဲ့သည့် အိမ် မှာလည်း အမှဲ့မောင်ဝမ်းကွဲတစ်ယောက်၏ ကလိမ်ကကျစ်ကျ

http://www.cherrythitsar.org


မှုကြောင့် အပိုင်စီးခံရပြီး သူ့မှာ အိမ်ထဲမှ ကန်ထုတ်ခံရသလို အဖြစ်ဆိုး မိဘမဲ့ အိမ်ရာမရှိသူဘဝဖြင့် သူ့ဘဝမှာ ငတ်တစ်လှည့် ပြတ်တစ်လှည့်။ ထမင်းနပ်မမှန်ခဲ့ရသော နေ့ပေါင်းများစွာ။

သူက ငိုကြွေးနေသော မိန်းကလေးအား ဆက်၍ ပြော ပြန်သည်။

"လူတိုင်းမှာ ပူဆွေးဝမ်းနည်းစရာဆိုတာ ရှိကြစမြဲပါ။ ဝမ်းနည်းစရာ ကြုံတွေ့တိုင်းသာ လူတွေဟာ ကိုယ့်ကိုယ်ကို သတ်သေကြရမယ်ဆိုရင် ဒီကမ္ဘာပေါ်မှာ ဘယ်သူမှတောင် ကျန်မှာ မဟုတ်တော့ဘူး" သူသည် ဘဝ၏ ဝမ်းနည်းဖွယ် ရာများကို ထပ်မံသတိရမိပြီး အသံမှာလည်း ကြေကွဲမှုဖြင့် တုန်ယင်နေသည်။

"ကလေးမဟာ သိပ်ပြီးငယ်ပါသေးတယ်ကွယ်။ တကယ့် ဝမ်းနည်းစရာဆိုတာကို ကလေးမ မသိသေးပါဘူး" ဟု ပြော ရင်းက ခေတ္တမျှ အသံတိတ်ဆိတ်ငြိမ်သက်သွားပြီး ရှိုက်သံ တစ်ချက် ထွက်ပေါ်လာကာ ဆက်ပြောပြန်သည်။

"ကျုပ်တို့ဇနီးမောင်နှံမှာ သားသမီးမရခဲ့လို့ ဆုတောင်း ခဲ့ရတာလည်း အကြိမ်ကြိမ်ပဲ။ ကျုပ်ဇနီးက သားသမီးငါးယောက် တောင် မွေးပေးခဲ့ပါတယ်။ ဒါပေမဲ့ မွေးလာတဲ့ ကလေးတွေက ကျန်းမာရေးချူချာပြီး သက်ဆိုးမရှည်ကြဘူး။ နောက်ဆုံးတော့ သမီးလေးတစ်ယောက်ပဲ အဖတ်တင်ကျန်ခဲ့တယ်။ ကျန်တဲ့ ကလေးတွေကတော့ အသက် ၁၀ နှစ်ပြည့်အောင်တောင် နေ မသွားကြရှာဘူး"

http://www.cherrythitsar.org



မိန်းကလေးက အံ့ဩထိတ်လန့်ဟန်ဖြင့် သူ့အား လှမ်းကြည့်လိုက်သည်။

နာရီစင်မှ နောက်ထပ် နာရီချက်တီးသံများ ထွက်ပေါ်လာပြန်သည်။

“အချိန်တွေလည်း နှောင်းလှပြီ မိန်းကလေးရေ။ အိမ်ကိုသာ ပြန်ပါတော့ကွယ်”ဟု ဖျောင်းဖျလိုက်သည်။

“ကျွန်မမှာ ပြန်စရာ အိမ်မရှိပါဘူးလို့ ဆိုနေမှ”ဟု မိန်းကလေးက ပြန်ပြောလိုက်ပြန်သည်။

သူက နည်းနည်း စိတ်တိုလာခဲ့ကာ “မင်းဟာ ဘာမှ အဓိပ္ပာယ်မရှိတာတွေကို လုပ်နေတာပဲ။ အခုလောက် ခေါင်းမမာသင့်ဘူးလို့ ကျုပ်ထင်တယ်”

“ရှင် ... ကျွန်မရဲ့ ဒုက္ခကို နားမလည်ပါဘူး”

သူက လှေကားထစ်ပေါ်တွင် ချထားသော မီးအိမ်ကို ကောက်ယူလိုက်သည်။ စာအိတ်ကိုလည်း နဂိုတွေ့ရှိသောနေရာမှာ ပြန်ချထားလိုက်သည်။

“ကဲ ... မိန်းကလေး ဒီလောက်တောင် အပြောရခက်နေရင်လည်း ကျုပ် မင်းကို ဒီနေရာမှာ ထားရစ်ခဲ့တော့မယ်။ ကျုပ်တာဝန်တော့ ကုန်ပြီ။ ဒီအတွက်လည်း ကျုပ်ကို ဘယ်သူမှ အပြစ်တင်မှာ မဟုတ်တော့ဘူး”သူက ခေတ္တမျှ သူမကို စိုက်ကြည့်နေလိုက်ပြီး နောက်ထပ် ဘာတစ်ခွန်းမှ နှုတ်မှ မပြောတော့ဘဲ လှေကားထစ်များအတိုင်း အပေါ်သို့ တက်သွားတော့သည်။

နောက်တစ်နေ့နံနက် သူ့တာဝန်အရ ရေကန်ဆီသို့

http://www.cherrythitsar.org



ပြန်လာတော့ လေ့ကားထစ်များအတိုင်း အပြေးအလွှား ကန်စပ် သို့ ဆင်းလာမိသည်။ စာအိတ်ကလေးက မနေ့ညဦးကထားခဲ့ သည့် နေရာအတိုင်း ပုံမပျက်။ သူက ကောက်ယူလိုက်ပြီး မနေ့ညဦးက ဤနေရာတွင် သူထားရစ်ခဲ့သော မိန်းကလေး၏ ကံကြမ္မာကိုများ ပြောပြနိုင်လေမလားအထင်ဖြင့် အားငယ်စွာ ငေးကြည့်နေခဲ့မိတော့သည်။

သူက စာကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ဆုတ်ဖြဲ ပစ်လိုက်ပြီး ရေထဲသို့ ကြဲချလိုက်သည်။ လှိုင်းတွန့်လေးများ နှင့်အတူ ရေပေါ်တွင် ဝဲ၍ ပေါ်နေသော ဆုတ်ဖြဲလိုက်သည့် စာ၏ အပိုင်းအစများကို ငေးကြည့်ရင်း၊ ယမန်နေ့ညဦးက မိန်းကလေးအား ဤနေရာတွင် တစ်ယောက်တည်း ထားခဲ့မိ သည့် မိမိကိုယ်ကို အကြီးအကျယ် အပြစ်တင်နေခဲ့မိတော့သည်။

"အင်း ... သူ့ကိုယ်သူသာ သတ်သေသွားခဲ့လို့ကတော့ ဒါဟာ ငါ့တာဝန်ပဲ"ဟု မကြာခဏ ထိုကဲ့သို့ တွေးမိတတ်သည်။ ကန်ရေပြင်ပြာပြာကို ငေးကြည့်မိတိုင်း ကြောင့်ကြစိတ်ဖြင့် စိတ်သက်သာမှုကို ဘယ်တော့မှ မရနိုင်ခဲ့။ လပေါင်းများစွာ ကြာမြင့်သွားသည့်တိုင်အောင် ရေအောက်မှ တစ်စုံတစ်ရာများ ရုတ်တရက်ရေပြင်ပေါ် ပေါ်လောပေါ်လာမလားဟု စိတ်တထင့် ထင့်ဖြင့် မသေချာ၊ မရေရာ။ ဘယ်သူသိနိုင်မလဲ။ ခန္ဓာကိုယ် ဟာ ရေနက်ထဲမှာ တစ်ခုခုနဲ့ ငြိနေပြီး ပေါ်မလာနိုင်တာကို။ ထိုသို့ အကြိမ်ပေါင်းများစွာ စိုးရိမ်ကြောင့်ကြခဲ့ရပါသည်။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပေါ်လာခဲ့ပြီးနောက်

နှစ်အတန်ကြာ တစ်ညနေခင်း အိပ်မပြန်မီ ခါတိုင်းလိုပင် ကန်ပေါင်ပေါ်မှာ ရပ်လျက် သူသည် နောက်ဆုံးအကြိမ်စစ်ဆေးမှု ပြုနေဆဲ။ အောက်ဘက် ကားလမ်းမပေါ်မှာ ကားတစ်စီး ထိုးရပ်လိုက်သည်ကို တွေ့မြင်လိုက်ရသည်။ လူတစ်ယောက်၊ အမျိုးသမီးနှင့် ကလေးငယ် (၃) ယောက် ကားထဲမှ ထွက်လာကြကာ ကန်ပေါင်ရိုးအတိုင်း အပေါ်သို့ တက်လာကြသည်။ သူတို့ တဖြည်းဖြည်းနီးလာတော့ ညဥ့်စောင့်ကြီးမှာ နှလုံးခုန်သံမြည်လာသည်။

အမျိုးသမီး၏ မျက်နှာနှင့် ရပ်သွင်မှာ အကျွမ်းတဝင် သိမြင်ဖူးသလိုလို သူ ခံစားရသည်။ နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့မှု၊ တောက်ပြောင်သော အဝတ်အစားများက အမျိုးသမီး၏ ရုပ်သွင်ကို အတန်ပြောင်းလဲစေခဲ့သော်လည်း မီးအိမ်၏ အလင်းရောင်အောက်တွင် တွေ့မြင်ခဲ့ရသော သူမ၏ မျက်နှာကိုတော့ သူ ကောင်းကောင်းကြီး မှတ်မိနေသည်ဟု ထင်သည်။ ပြန်လည်တွေ့ဆုံမှုအတွက် စိတ်လှုပ်ရှားသည်မှာ အမှန်ပင်။ သူ့မှာ သူမကို မေးစရာ မေးခွန်းတွေ တသီချည်း ရှိနေခဲ့သည်။ အနားရောက်လာတော့ သူမကို သူက စတင်ခရီးဦးကြိုပြုလိုက်မိသည်။ သူမ ခေတ္တမျှရပ်၍ သူ့ကို နှုတ်ဆက်စကားပြောလိမ့်မည်ဟု မျှော်လင့်ခဲ့မိသည်။ သို့သော် လှုပ်ရှားမှုမရှိသော မျက်နှာပေးဖြင့် သူ့ကို တစ်ချက်မျှသာ ကြည့်ရုံသာ ကြည့်ကာ သူ့ရှေ့မှ ဖြတ်လျှောက်သွားခဲ့သည်။ သူသည် ဝေခွဲမရစွာဖြင့် အမျိုးသမီး၏ ကျောပြင်ကို ငေးကြည့်နေခဲ့မိသည်။

http://www.cherrythitsar.org



"ဒါဟာ ဒီပြင်တစ်ယောက်ဖြစ်မှာပါလေ"ဟု ပါးစပ်မှ ရေရွတ်လိုက်ရင်း ဖြစ်ပျက်ခဲ့သမျှ အားလုံးကို မေ့ပစ်လိုက်ရန် ကြိုးစားရင်း သူ့အိမ်ရှိရာသို့ ဦးတည်ခဲ့မိပါတော့သည်။

**The Watchman by R.K. Narayan.**

http://www.cherrythitsar.org



# စေတနာရောင်ပြန်

လူတစ်ဦးတစ်ယောက်မှာ ပစ္စည်းဥစ္စာ မချမ်းသာဘဲ ရုပ်ရည်ချောမောနေရုံမျှဖြင့် အချည်းနှီး အလကားပင်။ ချစ်မှုရေးရာများသည်လည်း လူချမ်းသာတို့အတွက်သာ အခွင့်ထူးခံတစ်ရပ်အနေဖြင့် တည်ရှိကာ၊ အလုပ်လက်မဲ့ လူမွဲတို့အတွက် လက်လှမ်းမမှီနိုင်။ မရှိဆင်းရဲသူများမှာ ကဗျာဆန်နေ၍မဖြစ်။

လက်တွေ့ကျကျ အလုပ်လုပ်နိုင်ကြမှ တော်ကာကျသည်။ ရုပ်ရည်ရူပကာဆွဲဆောင်မှုရှိဖို့ထက် ပုံမှန်ဝင်ငွေရှိနေဖို့က အဓိကကျလှသည်။ အထက်ဖော်ပြပါ အချက်အလက်များမှာ ခေတ်မီလူ့အဖွဲ့အစည်းတစ်ခု၏ တကယ်အမှန်တရားကြီးများဖြစ်သည်ကို ဟူဂျီအတ်(စ်)ကင်းတစ်ယောက် ဘယ်တုန်းကမှ သဘောမပေါက်ခဲ့။ နှိုင်းနှိုင်းချိန်ချိန် ပြောရလျှင်ဖြင့် သူသည် အရေးကြီးပုဂ္ဂိုလ်တစ်ယောက်မဟုတ်သည်ကို ကျွန်ုပ်တို့ ဝန်ခံရပေမည်။ သူသည် အကြောင်းအရာတစ်ခုခုကို အလွန်ထူးချွန်ပြောင်မြောက်စွာဖြင့်သော် လည်းကောင်း (သို့တည်းမဟုတ်)

http://www.cherrythitsar.org



အလွန်ညှံ့ဖျင်းစွာဖြင့်သော် လည်းကောင်း သူ၏ ဘဝတစ်သက်တာ တစ်လျှောက်တွင် မည်သည့်အခါကမှ ဖော်ပြနိုင်စွမ်းမရှိခဲ့။ သို့သော် သူ့ရုပ်သွင်က အံ့သြဖွယ်ကောင်းလောက်အောင်ကို ကြည့်ကောင်းလှသည်။ ရစ်ခွေနေသော အညိုရောင်ဆံကေသာ၊ မီးခိုရောင်မျက်လုံးများနှင့် အလွန်မှ တိကျပြတ်သားသော ရုပ်သွင်ကို ပိုင်ဆိုင်ထားပြီး အမျိုးသမီးများအထဲတွင် ပေါ်ပြူလာဖြစ်ရုံမျှမက အမျိုးသားများအထဲတွင်လည်း ရေပန်းစားသူတစ်ဦးဖြစ်၏။

ဤသို့ ရုပ်ရည်ရူပကာအားဖြင့် အဖက်ဖက်က ပြည့်စုံသော်လည်း ချို့ယွင်းချက်က ငွေရှာမကောင်း။ သူ့ဖခင်ထံမှ သူမြင်းတပ်ဖွဲ့တွင် အမှုထမ်းခဲ့စဉ်က ရရှိထားခဲ့သော ဓားတစ်လက်နှင့် ပီနင်ဆူလာစစ်ပွဲသမိုင်းစာအုပ်အတွဲပေါင်း ၁၅ တွဲတိတိကို အမွေအဖြစ် ရရှိထားခဲ့သည်။ ဟူဂိုက ဓားကို သူ့ကြည့်မှန်၏ အထက်တွင် ချိတ်ဆွဲထားခဲ့ပြီး သမိုင်းစာအုပ်များကိုတော့ ဘေလီမင်္ဂဇင်းနှင့် ရုပ်၏ လမ်းပြစာအုပ်များအကြား စာအုပ်စင်ပေါ်တွင် နေရာပေးထားလိုက် သည်။ သူ့အန်တီအဘွားကြီးတစ်ဦးက သူ့အား နှစ်စဉ်ထောက်ပံ့သောငွေနှစ်ရာနှင့် သူက အသက်ဆက်နေရသည်။ ငွေရဖို့ လမ်းမှန်သမျှ သူက ကြိုးစားကြည့်ပြီးပြီ။ စတော့အိတ်ချိန်းတွင် ခြောက်လ၊ သို့သော် နွားသိုးကြီးများနှင့် ဝက်ဝံကြီးများအကြားတွင် လိပ်ပြာငယ်တစ်ကောင်အတွက်က နေရာမရှိ။ လက်ဖက်ခြောက်ကုန်သည်ဘဝနှင့်ကလည်း အချိန်အတန်ကြာ။ နောက်ပြီး ရှယ်ရီအရက်ရောင်းဖို့ ကြိုးစားလိုက်

သေးသည်။ ရှယ်ရီ အရက်က ခြောက်သွေ့သလို သူ့ဘဝ အတွက်က အဖြေရှာမရခဲ့။ နောက်ဆုံးတွင် သူသည် နှစ်သက် ဖွယ်ရာ ရုပ်ရည်ရူပကာကို ပိုင်ဆိုင်ပြီး ဘာမှ အစွမ်းအစမရှိ အသက်မွေးဝမ်းကျောင်းမရှိသော လူငယ်တစ်ဦးသာ ဖြစ်နေခဲ့ တော့သည်။ ဒီကြားထဲ ပိုဆိုးသည်က သူက မိန်းကလေးတစ်ဦး နှင့် ချစ်ကျွမ်းဝင်နေခဲ့ခြင်းပင် ဖြစ်၏။ အမည်မှာ "လော်ရာမာ တန်"အိန္ဒိယပြည်တွင် မင်းမှုထမ်းခဲ့စဉ်ဘဝ စိတ်တိုင်းမကျ ဖြစ် ခဲ့သော အငြိမ်းစား ဗိုလ်မှူးကြီးတစ်ဦး၏သမီး၊ လော်ရာက သူ့ ကို ချစ်မြတ်နိုး၍ သူကလည်း လော်ရာ၏ ဖိနပ်ကြိုးများကိုပင် ကုန်းနမ်းရန် ဝန်မလေးသူ။ လန်ဒန်မြို့တွင် သူတို့နှစ်ယောက် အတွဲက အလိုက်ဖက်ဆုံးနှင့် အချောဆုံးဖြစ်ကာ သူတို့နှစ်ဦး၏ အကြားတွင် ငွေကြေးနှင့် ချည်နှောင်ထားမှု ဘာမှမရှိ။ ဗိုလ်မှူးကြီး ကလည်း ဟူဂျီကို တော်တော်သဘောကျသည်။ သို့သော် သူတို့ နှစ်ယောက် စေ့စပ်ပွဲဖြစ်ဖို့ကတော့ လုံးဝမလွယ်။ အဘယ်ကြောင့် ဆိုသော် "မောင်ရင့်အစွမ်းအစနဲ့ စတာလင်ပေါင်တစ်သောင်း ရှာနိုင်ရင် ကျုပ်သမီးနဲ့ ကိစ္စကို စဉ်းစားမယ်"ဟု ဗိုလ်မှူးကြီးက ပြောလေ့ရှိသောကြောင့် ဖြစ်ပြီး ထိုသို့အပြောခံရတိုင်း ဟူဂျီ တစ်ယောက် ညှိုးငယ်စိတ်ဓာတ်ကျဆင်းကာ အနှစ်သိမ့်ခံဖို့ အတွက် လော်ရာဆီသို့ သွားရလေ့ရှိ၏။

တစ်နံနက်ခင်း သူ့ချစ်သူ နေထိုင်ရာအရပ် ဟော်လန် ပါ့(ခ်) ရပ်ကွက်သို့ အသွား၊ သူငယ်ချင်း အလန်ထရီဗာထံသို့ လမ်းကြုံ၍ ဝင်လိုက်သည်။ အလန်ထရီဗာမှာ ပန်းချီအနုပညာရှင်

http://www.cherrythitsar.org


တစ်ဦးဖြစ်၏။ ထိုခေတ်အခါက ပန်းချီအနုပညာရှင်များမှာ ရှားပါးလှသည်။ အလန်မှာ ရုပ်ရည်က ခပ်ကြမ်းကြမ်း ထူးဆန်းသော သူတစ်ဦးဖြစ်ပြီး မျက်နှာပေါ်တွင် မှဲ့ခြောက်များဖြင့် ပြည့်နှက်နေသော နီရဲကြမ်းတမ်းသော မုတ်ဆိတ်ကျင်စွယ်များ ထားရှိ၏။ သို့သော် သူသည် စုတ်တံကို ကိုင်လိုက်ပြီဆိုသည်နှင့် တကယ့်ကို အရှင်သခင်တစ်ဦးဖြစ်ကာ သူ့ပန်းချီကားမှာလည်း ရောင်းစွံလှသည်။ သူက ဟူဂျီ၏ ရုပ်ရည်သန့်ပြန့်မှုအပေါ် မူတည်၍ စိတ်ဝင်စားခင်မင်မိခဲ့သည်။

"ပန်းချီဆရာတစ်ယောက်အနေနဲ့ သိကျွမ်းခင်မင်သင့်တဲ့ သူတွေ အထဲမှာ အနုပညာမျက်စိနဲ့ ကြည့်ပြီး ကြည်နူးနေနိုင်လောက်အောင် ချောမောလှပတဲ့သူတွေ၊ အေးအေးဆေးဆေး စကားစမြည်ပြောလို့ ကောင်းမယ့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်တဲ့သူတွေက ထိပ်ဆုံးက ပါဝင်နေတယ်လေ"ဟု သူက မကြာခဏ ပြောလေ့ရှိသည်။ ထရီဗာကဟူဂျီနှင့် ခင်မင်သွားခဲ့ပြီးသည့်နောက်တွင် ဟူဂျီ၏ ကြည်လင်ပေါ့ပါးသော စိတ်ဓာတ်၊ ရက်ရက်ရောရောရှိမှုနှင့် အလုပ်တစ်ခုကို မဖြစ်မနေ တဇောက်ကန်းလုပ်တတ်မှုတို့ကို ပို၍ သဘောကျမိလာကာ သူ၏စတူဒီယိုသို့ အချိန်မရွေး ဝင်ထွက်ခွင့်ပေးထားသည်။

ဟူဂျီက စတူဒီယိုခန်းမထဲသို့ ဝင်လိုက်သည်နှင့် ပန်းချီဆရာထရီဗာမှာ အံ့သြစရာကောင်းလောက်အောင် လူပုံအရွယ်ကြီးမားသော သူတောင်းစားကြီးတစ်ဦး၏ ပုံတူအား အပြီးသတ်ရေးခြယ်နေသည်ကို တွေ့လိုက်ရသည်။ ပန်းချီအဆွဲခံနေသော

http://www.cherrythitsar.org



သူတောင်းစားကြီးမှာ စတူဒီယို၏ ထောင့်တစ်ထောင့်ရှိ ပလက်ဖောင်းအမြင့်ပေါ်တွင် မတ်တတ်ရပ်လျက် ရှိ၏။ အဘိုးအို၏ မျက်နှာမှာ သားရေချပ်တစ်ခုကဲ့သို့ တွန့်နေပြီး၊ သနားစဖွယ် မျက်နှာထားနှင့် ဖြစ်၏။ စုတ်ပြတ်၍ ကြမ်းတမ်းသော အညိုရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး သူ၏ ဖိနပ်များမှာလည်း ဖာထေးရာများဖြင့် ပြည့်နှက်နေ၏။ လက်တစ်ဖက်က တုတ်ခပ်ကြမ်းကြမ်းတစ်ခုကို ကိုင်၍ မှီထားပြီး အခြားလက်တစ်ဖက်က ဦးထုပ်ခပ်နွမ်းနွမ်းတစ်လုံးကို ဆုပ်ကိုင်ထား၏။

ဟူဂျီက သူ့သူငယ်ချင်း ပန်းချီဆရာနှင့် လက်ဆွဲနှုတ်ဆက်လိုက်ရင်းက "အင်း ... တော်တော်ကို အံ့သြစရာကောင်းတယ်။ ဟုတ်လား။ ကျုပ်လည်း အဲသည်လို ထင်သင့်တယ်။ သူ့လို သူတောင်းစားမျိုးက နိစ္စဓူဝတွေ့ဖို့ မလွယ်ဘူးလေ။ နာမည်ကျော်ပန်းချီဆရာ ရမ်းဘရန့်(တ်)သာဆိုရင် သူ့ရဲ့ပုံကို ဘယ်လိုဆွဲမလဲ မသိဘူး"ဟု ပြန်ပြောလိုက်သည်။

ဟူဂျီက "တကယ့်ကို သနားစရာ အဘိုးအိုကြီးပဲနော်။ သူ့ကို ကြည့်ရတာ တော်တော်ဒုက္ခရောက်ခဲ့ပုံရတယ်။ အဲ ... ဒါပေမဲ့ မင်းတို့လို ပန်းချီဆရာတွေအတွက်ကတော့ သူ့ရဲ့ မျက်နှာဟာ သူ့ရဲ့ စည်းစိမ်ပဲလို့ ငါယူဆတယ်"ဟု ပြန်ပြောလိုက်ပြန်သည်။

ထရီဗာက "အသေအချာပေါ့ကွာ။ ဩော် ... ဒါနဲ့ မင်းရော သူတောင်းစားတစ်ယောက်ကို စိတ်ပျော်ရွှင်သွားအောင်လုပ်ချင်မှာပဲ မဟုတ်လား"ဟု ပြန်ပြောလိုက်ပြန်သည်။

ဟူဂျိုက "အခုလိုပန်းချီဆွဲဖို့ ကိုယ်ဟန်ပြပေးရင် ဘယ်လောက်ရသလဲကွ"ဟု မေးရင်း ဆိုဖာတစ်ခုပေါ်မှာ ထိုင်ချလိုက်သည်။

"တစ်နာရီကို တစ်သျှီလင်ရတယ်"

"မောင်ရင် ပန်းချီကားပြီးသွားလို့ ရောင်းရင်ကော ဘယ်လောက်ရသလဲအလန်"

"အို ... တစ်ကားကို နှစ်ထောင်ရတယ်"

"ပေါင်စတာလင်လား"

"မဟုတ်ဘူး။ ဂီနီရွှေပြား နှစ်ထောင်ကို ပြောတာ။ ပန်းချီဆရာတွေ၊ ကဗျာဆရာတွေ၊ အထူးကုသမားတော်ကြီးတွေဟာ သူတို့ရဲ့ လုပ်ခကို ဂီနီရဲ့ ရကြတယ်"

"ဒီလိုဆိုရင် ကိုယ်ဟန်ပြသူတွေကလည်း ရာခိုင်နှုန်းနဲ့ ရသင့်တယ်လို့ ကိုယ်ထင်တယ်။ သူတို့လည်း မင်းတို့ ပင်ပန်းသလို ပင်ပန်းကြတာပဲကွ"ဟု ဟူဂျိုက ရယ်ရယ်မောမောဖြင့် အော်ပြောလိုက်သည်။

"အဓိပ္ပာယ်မရှိတာကွာ။ တို့ကိုလည်း ကြည့်ပါဦး။ တစ်နေ့လုံး ပန်းချီကားရှေ့မှာ မတ်တတ်ရပ်ပြီး ဆွဲနေလိုက်ရတာ။ မောင်ရင်ကပြောတော့ လွယ်တယ်ဟူဂျို။ ဒါပေမဲ့ ကိုယ်တစ်ခုပြောချင်တာက ကာယအလုပ်သမားတွေရဲ့ ဂုဏ်သိက္ခာကို အနုပညာက အားလုံးနီးပါး ပြည့်ဝစေတဲ့အချိန် အခိုက်အတန့်တွေ ရှိနေသေးတယ်ဆိုတာကိုပဲ။ ဒီအကြောင်းကို ဆွေးနွေးရအောင်လည်း ကိုယ် သိပ်အလုပ်များနေသေးတယ် ဟူဂျို။

http://www.cherrythitsar.org



ကဲ ... စီးကရက်သောက်လိုက်ပါဦး။ ပြီးတော့ ငြိမ်ငြိမ်နေနော်” ဟု အလန်က ပြောလိုက်သည်။

တစ်ခဏမျှ အကြာတွင် အိမ်စေတစ်ဦးဝင်လာကာ ပန်းချီကားပေါင် ပြုလုပ်သူက ထရီဗာအား တွေ့လိုကြောင်း ပြောလိုက်သည်။

“မင်း မပြန်နဲ့ဦး ဟူဂျီ။ ကိုယ်ခဏနေရင် ပြန်လာမှာပါ”ဟု ပြောရင်း သူအပြင်သို့ ထွက်သွားသည်။

သူတောင်းစားအဘိုးအိုက ထရီဗာထွက်သွားသည်ကို အခွင့်ကောင်းယူ၍ သူ့နောက်ဘက်ရှိ သစ်သားခုံတန်းပေါ်တွင် ခေတ္တထိုင်၍ အနားယူလိုက်သည်။ အဘိုးအိုမှာ အထီးကျန် ဒုက္ခရောက်နေပုံရသဖြင့် ဟူဂျီ မှာ သူ့ကို ကြည့်ပြီး သနားစိတ် ဖြစ်ပေါ်လာကာ သူ့အိတ်ထဲ ပိုက်ဆံ မည်မျှ ရှိသည်ကို လက်ဖြင့် စမ်းကြည့်လိုက်သည်။ သူရှာတွေ့သမျှမှာလည်း ငွေအကြွေများသာ ဖြစ်၏။

“အင်း ... သနားစရာအဘိုးအို သူက ငါ့ထက် ငွေလိုမှာပဲ”ဟု တွေးရင်း စတူဒီယိုတစ်ဖက်သို့ ဖြတ်လျှောက်သွားကာ သူတောင်းစားကြီး၏ လက်ဆီသို့ ငွေအကြွေကို ထည့်လိုက်သည်။

အဘိုးအိုက သူ၏ ရှုံ့တွနေသော နှုတ်ခမ်းလေးများကို တွန့်၍ သဲ့သဲ့လေး ပြုံးလိုက်ပြီး “ကျေးဇူးတင်ပါတယ် ဆရာ၊ ကျေးဇူးတင်ပါတယ်” ဟု ပြောလိုက်သည်။

ထို့နောက် ထရီဗာပြန်ရောက်လာသဖြင့် သူပြုလုပ်ခဲ့

သော အမှုအတွက် နည်းနည်းလေး ရက်သွေးဖြန်းလျက် ဟူဂျီလည်း ထိုနေရာမှ ထွက်လာခဲ့တော့သည်။

သူက သူ့ချစ်သူလော်ရာနှင့် တစ်နေ့လုံး အချိန်ဖြုန်းနေလိုက်ရာ အသုံးအစွဲကြီးမှုအတွက် ချစ်စဖွယ် ဆူပူမှုလေးကို ခံခဲ့ရပြီးနောက် အိမ်သို့ ပြန်လာခဲ့တော့သည်။

ထိုနေ့ညဉ့် ၁၁ း ဝဝ နာရီခန့်တွင် ပလက်ကလပ်အတွင်းသို့ သူဝင်ရောက်လာခဲ့ရာ သူ့သူငယ်ချင်း "ထရီဗာ"ကို ဆေးလိပ်သောက်ရန် သီးသန့်ခန်းအတွင်း၌ အရက်သောက်နေသည်ကို တွေ့လိုက်ရ၏။

သူက စီးကရက်ကို မီးညှိလိုက်ရင်း ...

"ဘယ်လိုလဲ အလန်၊ မောင်ရင့် ပန်းချီကားပြီးသွားပြီလား"ဟု မေးလိုက်သည်။

"ဆွဲပြီးသွားလို့တောင် ပေါင်တပ်လိုက်ပြီ။ ဒါနဲ့ ကိုယ့်ဟန်ပြမောင် အဘိုးအိုကြီးက မင်းကို တော်တော်အထင်ကြီးသွားပြီကွ။ မင်းပိုင်တာပဲကွ။ ငါက သူ့ကို မောင်ရင်ရဲ့အကြောင်းကို ပြောပြခဲ့ပါတယ်။ မောင်ရင်က ဘယ်သူ၊ ဘယ်မှာနေတယ် အစပေါ့လေ။ ဒါနဲ့ မင်းရဲ့ ဝင်ငွေက ဘယ်လောက်လဲ။ နောက် အလားအလာတွေကရော ဘယ်လိုလဲ"

ဟူဂျီက "သူငယ်ချင်းအလန်၊ ကိုယ် အိမ်ပြန်တဲ့အချိန် ကိုယ့်ကို သူစောင့်မျှော်နေမလားမသိဘူးနော်။ မောင်ရင် နောက်နေတာပဲနဲ့ တူတယ်။ သနားစရာ အဘိုးအိုကြီးပါ။ ကိုယ် သူ့အတွက် တစ်ခုခု လုပ်ပေးချင်တယ်။ ဆင်းရဲတာဟာ သိပ်

ကြောက်စရာကောင်းတာပဲလို့ ကိုယ် ထင်တယ်။ ကိုယ့်အိမ်မှာ အဝတ်အစားဟောင်းတွေ တစ်ပုံကြီးပဲ။ အဲဒီထဲက တစ်ခုခုကို သူသဘောကျလိမ့်မယ်လို့ မောင်ရင် မထင်ဘူးလား။ အင်း … သူ့အဝတ်အစားတွေကလည်း ဟောင်းလွန်းလို့ မြေပေါ်ကို ပြုတ်ကျလုမတတ်ပဲ”ဟု အော်၍ ပြောလိုက်သည်။

ထရိဗာ က “ဒါပေမဲ့ အဲဒီအဝတ်အစားတွေနဲ့မှ သူက ခံ့တာ။ သူ့ကို ဒီပြင်အဝတ်အစားကောင်းတွေ ဝတ်ပေးလိုက်ရင် ကိုယ် ပန်းချီဆွဲဖြစ်မှာ မဟုတ်ဘူး။ မောင်ရင် က အစုတ်အပြတ်တွေလို့ ထင်ပေမဲ့ ကျုပ်ကတော့ ဒါဟာ နှစ်သက်စရာလို့ ထင်တယ်။ မောင်ရင်က ‘ဆင်းရဲခြင်း’လို့ ယူဆတာကို ကျုပ်က ရုပ်ပုံကားချပ်တစ်ခုလို့ပဲ မြင်နေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လေ မောင်ရင့်စေတနာကိုတော့ သူ့ကို ပြောပြပေးပါမယ်” ဟု ပြောလိုက်သည်။

ဟူဂျီက အရေးတကြီးအသံဖြင့် “မင်းတို့ ပန်းချီဆရာတွေဟာ အသည်းနှလုံးကင်းမဲ့တဲ့သူတွေပဲကွ”

ထရိဗာက “ပန်းချီဆရာတစ်ယောက်ရဲ့ အသည်းနှလုံးဟာ သူ့ရဲ့ဦးနှောက်ပဲကွ။ နောက်ပြီး တို့ရဲ့ အလုပ်က ကမ္ဘာကြီးကို ကျုပ်တို့ မြင်တဲ့အတိုင်း သဘောပေါက်ဖို့ပဲ။ ကျုပ်တို့အသိနဲ့ ကမ္ဘာကြီးကို ပြန်ပုံဖော်ဖို့ မဟုတ်ဘူး။ အဲဒါနဲ့ မောင်ရင့်ကောင်မလေး ‘လော်ရာ’ရော ဘယ်လိုလဲ။ ဟို … ကိုယ်ဟန်ပြ မောင် အဘိုးကြီးက သူ့ကို သိပ်စိတ်ဝင်စားနေတယ်လေ”

ဟူဂျီက “မောင်ရင်က အဘိုးကြီးကို သူ့အကြောင်း

ပြောပြလိုက်ပြီလို့ ဆိုလိုတာလား”ဟု မေးလိုက်သည်။

“သေချာတာပေါ့ကွာ။ ကိုယ်အားလုံးကို ပြောပြလိုက်ပြီ။ သူက အကြင်နာကင်းမဲ့တဲ့ သူ့အဖေ ဗိုလ်မှူးကြီးအကြောင်းကို အားလုံးသိတယ်မောင်။ နောက်ပြီး ချစ်စရာကောင်းတဲ့ လော်ရာနဲ့ ဟိုပေါင် ၁၀၀၀၀ ကိစ္စရောလေ”

ဟူဂျိကာ “မောင်ရင်က ကိုယ့်ကိုယ်ရေး ကိုယ်တာကိစ္စတွေကို ဘာဖြစ်လို့ သူတောင်းစား အဘိုးကြီးကို သွားပြောပြလိုက်ရတာလဲကွ”ဟု ဒေါကြီးမောကြီးနဲ့ ပြန်လှန်အော်လိုက်သည်။

ထရီဗာက ခပ်ပြုံးပြုံးဖြင့် “ဒီမယ် သူငယ်ချင်း မောင်ရင်ခေါ်ခေါ်နေတဲ့ သူတောင်းစား အဘိုးကြီးဆိုတာဟာ ဥရောပတိုက်မှာ အချမ်းသာဆုံး သူဌေးကြီးတစ်ဦးပဲ။ ဘဏ်မှာ အပ်ထားတဲ့ သူ့ငွေစာရင်းထဲက တစ်ပြားမှ ထပ်ထုတ်စရာမလိုဘဲ မနက်ဖြန်မှာ လန်ဒန်တစ်မြို့လုံးကို သူဝယ်နိုင်တယ်။ ကမ္ဘာပေါ်က မြို့တော်ကြီးတိုင်းမှာ သူ့ရဲ့အိမ်တစ်လုံးစီ ရှိတယ်။ ညစာစားရင်လည်း ရွှေပန်းကန်နဲ့ပဲ စားတယ်။ သူလုပ်ချင်ရင် ရုရှားတိုင်းပြည်ကြီးကိုတောင် ကမ္ဘာစစ်ထဲ မဝင်ရအောင် သူ တားဆီးနိုင်တယ်မောင်”

“ဘုရားရေ ... မောင်ရင် ဘာကို ဆိုလိုတာလဲ”ဟု ဟူဂျိကာ ထိတ်လန့်တကြား ရေရွတ်လိုက်သည်။ ထရီဗာက “ဒီနေ့ မောင်ရင်တွေ့လိုက်တဲ့ အဘိုးကြီးရဲ့ နာမည်က ဘေရွန်ဟို့(စ်) ဘတ် (ဂျ်) လို့ ခေါ်တယ်။ သူက ကျုပ်ရဲ့ ဖောက်သည်

ကြီးလေ။ ကျုပ်ရဲ့ ပန်းချီကားတွေ အားလုံးကို သူဝယ်ခဲ့ပြီး လွှန်ခဲ့တဲ့ တစ်လလောက်ကပဲ သူ့ရဲ့ ပုံတူကို သူတောင်းစား ကြီး တစ်ယောက်အသွင်နဲ့ ပုံတူဆွဲပေးဖို့ ကျုပ်ထံမှာ အလုပ် အပ်ခဲ့တယ်။ အဝတ်အစား စုတ်စုတ်ပြတ်ပြတ် ဝတ်ထားတဲ့ သူ့ရဲ့ရုပ်သွင်ဟာ တကယ့်ကို ခံ့ညားတယ်လို့ ကျုပ် ထင် တယ်။ အဲဒီအဝတ်အစားတွေက စပိန်နိုင်ငံက ကျုပ်ရခဲ့တဲ့ အဝတ်အစားဟောင်းတွေလေ"

ဟူဂျီက "ဘေရွန်ဟို့(စ်) ဘတ် (ဂ်) ဟုတ်လား။ မြတ် စွာဘုရား။ ကျုပ် သူ့ကို အကြွေတစ်ပြားပေးခဲ့မိတယ်"ဟု ထိတ်လန့်တကြား ရေရွတ်လိုက်ကာ စိုးရိမ်ကြောက်ရွံ့ဟန်ဖြင့် ပက်လက်ကုလားထိုင်တစ်ခုံထဲသို့ ထိုင်ချလိုက်သည်။

"အကြွေတစ်ပြားပေးခဲ့တယ် ဟုတ်လား"ဟု ထရီဗာက အော်ဟစ်လိုက်ကာ ဟက်ဟက်ပက်ပက် အသံထွက်၍ ရယ်မော လိုက်သည်။

"သူငယ်ချင်း အခုလို မောင်ရင် နောက်ထပ် ဘယ်တော့ မှ ကြုံမှာ မဟုတ်တော့ဘူး"ဟု ပြောလိုက်သည်။

ဟူဂျီက "မောင်ရင် အစကတည်းက ကျုပ်ကို ဒီ အကြောင်းတွေ ပြောခဲ့ဖို့ ကောင်းတယ်ကွာ။ အခုတော့ ကိုယ် ပဲ အရူးဖြစ်ရပြီပေါ့"ဟု စိတ်ကောက်သည့်အသံဖြင့် ပြန်ပြော လိုက်သည်။

ထရီဗာက "အင်း ... အစက ပြန်ကောက်ရရင်တော့ မောင်ရင်ဟာ အခုလို ပေါ့ပေါ့ဆဆ မဆင်မခြင်နဲ့ အလှူဒါန

http://www.cherrythitsar.org



တွေ စွန့်ကြဲပေးကမ်းတတ်လိမ့်မယ်လို့ ကျုပ်ရဲ့ စိတ်ထဲမှာ ထင်ကို မထင်ခဲ့မိလို့ပါ။ စံပြမယ်လုလုလေးတစ်ယောက်ကို မွေးမွေးပေးလိုက်တာမျိုးဆိုရင်တော့ နားလည်နိုင်ပါတယ်လေ။ ဒါပေမဲ့ အရုပ်ဆိုးဆိုးကြီးတစ်ယောက်ကို ငွေအကြွေသွားပေးတာမျိုးကတော့ နောက်ပြီး မောင်ရင်ရောက်လာတဲ့အချိန်မှာ အဘိုးကြီးက သူ့နာမည်အမှန် ဟို့(စ်)ဘတ်(ဂ်)ကို အမှန်အတိုင်း ထုတ်ဖော်ပြောတာကို ကြိုက်မကြိုက်ဆိုတာကလည်း ရှိသေးတယ်။ အဲဒီအချိန်တုန်းက သူက အဝတ်အစားပြည့်ပြည့်စုံစုံ ဝတ်ထားတာလည်း မဟုတ်ဘူး"ဟု ရှင်းလင်းလိုက်သည်။

ဟူဂျီက "သူ ကျွန်တော့်ကို ဘယ်လိုထင်သွားမလဲ မသိဘူးနော်"

"ဘယ်လိုမှ မထင်ပါဘူး။ မောင်ရင် ပြန်သွားတော့ သူက တော်တော်လေး စိတ်ဓာတ်တက်ကြွနေတာ။ နောက်ပြီး အရေပြားတွေ တွန့်နေတဲ့လက်တွေကို ပွတ်ရင်း သူ့ဘာသာ ကျိတ်ပြီး ရယ်နေခဲ့တာ။ မောင်ရင့်အကြောင်းတွေ အားလုံးကို သူ စိတ်ဝင်တစား သိချင်တာကို ကျုပ် စဉ်းစားလို့ မရဘူး။ ဒါပေမဲ့ ခုတော့ ကိုယ်နည်းနည်း ရိပ်မိလာပြီ။ မဟုတ်မှလွဲရော မင်းပေးလိုက်တဲ့ ပိုက်ဆံကို သူအရင်းအနှီးလုပ်မယ်။ (၆)လ တစ်ကြိမ် မင်းကို သူ အတိုးပေးမယ်။ ညစာစားပြီးရင် ပြောဖို့ ဇာတ်လမ်းတစ်ပုဒ် ရသွားတာပေါ့လေ"

ဟူဂျီက "ကျွန်တော်ဟာ ကံမကောင်းတဲ့ မိစ္ဆာပဲ၊ အကောင်းဆုံး ကျွန်တော် လုပ်နိုင်တာကတော့ အိပ်ရာဝင်လိုက်

http://www.cherrythitsar.org


ဖို့ပဲ ရှိတော့တယ်။ မောင်ရင် ဒီအကြောင်းတွေကို ဘယ်သူမှ လျှောက်မပြောနဲ့နော်။ ကျုပ် ဘယ်သူ့ကိုမှ မျက်နှာမပြရဲအောင် ဖြစ်နေပါဦးမယ်"ဟု သတိပေးလိုက်သည်။

"အခိပ္ပာယ်မရှိတာ။ ဒါ မောင်ရင့်ရဲ့ ပေးကမ်းစွန့်ကြဲချင်စိတ်အပေါ်မှာ ရောင်ပြန်ဟပ်တာပဲကွ။ ကဲ ... ဘယ်ကိုမှ ထွက်မပြောပါနဲ့ကွာ။ စီးကရက်လေးသောက်ပြီး လော်ရာရဲ့ အကြောင်းကို မင်းကြိုက်သလောက် ပြောနိုင်ပါတယ်"

မည်သို့ပင် ဆိုစေကာမူ၊ ဟူဂျီတစ်ယောက် စိတ်မသက်မသာဖြင့် မိမိအိမ်သို့ ပြန်ခဲ့တော့သည်။ အလန်ထရီဗာတစ်ယောက်ကဖြင့် အူတက်မတတ် ရယ်မောပြီး ကျန်ရစ်ခဲ့သည်။ နောက်တစ်နေ့ နံနက် သူ နံနက်စာစားရန် ပြင်နေစဉ် "မွန်စီယာဘောရွန်ဟို့(စ်)ဘတ် (ဂ်)"ဟု ရေးသားထားသော ကတ်တစ်ခုကို အိမ်စေက ယူဆောင်လာသည်။ ဟူဂျီက "အင်း ... သူ အတောင်းပန်ခံချင်လို့ လာတာနဲ့တူတယ်"ဟု အောက်မေ့လိုက် မိသည်။ သူက အိမ်စေကို ဧည့်သည်အား ခေါ်လာရန် ပြောလိုက်သည်။ ရွှေရောင်မျက်မှန်းကိုင်းတပ်ထားပြီး ဆံပင်ဖြူဖြူနှင့် အသက်အရွယ်ကြီးကြီး လူကြီးလူကောင်းတစ်ဦး အခန်းတွင်းသို့ ဝင်လာကာ ပြင်သစ်သံအနည်းငယ်ဝဲဝဲဖြင့် "မွန်စီယာ အတ်(စ်)ကင်းကို နှုတ်ခွန်းဆက်ပါတယ်ခင်ဗျာ"ဟု နှုတ်ဆက်လိုက်ရာ၊ ဟူဂျီက ခေါင်းညိတ်၍ အသိအမှတ်ပြုလိုက်သည်။

အဘိုးကြီးက "ကျွန်တော့်ကို ဘောရွန်ဟို့(စ်)ဘတ် (ဂ်)က လွှတ်လိုက်တာပါ။ ဘောရွန်မိသားစုပါ"

http://www.cherrythitsar.org


ဟူဂျီက “ကျွန်တော် သူဌေးကြီးကို အင်မတန်မှ ရိုးသားဖြူစင်စွာနဲ့ တောင်းပန်လိုက်တယ်ဆိုတာကို ပြောပေးပါ”ဟု ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောလိုက်သည်။

လူကြီးလူကောင်း အဘိုးအိုက ပြုံးရွှင်စွာဖြင့် “မစ္စတာ ဘောရွန်က လူလေးဆီ ဒီစာကို ယူဆောင်သွားပေးဖို့ ဦးကို တာဝန်ပေးလိုက်ပါတယ်”ဟု ပြောရင်း ပိတ်ထားသော စာအိတ် တစ်လုံး ဟူဂျီအား လှမ်းပေးလိုက်သည်။


စာအိတ်အပေါ်တွင် “သူတောင်းစားအိုကြီးထံမှ ဟူဂျီ အာတ်(စ်)ကင်းနှင့် လော်ရာမာတန်တို့အတွက် မင်္ဂလာလက်ဖွဲ့” ဟု ရေးသားထားပြီး စာအိတ်အတွင်း၌ ပေါင်စတာလင် ၁၀၀၀၀ တန် ချက်လက်မှတ်တစ်စောင် ပါလာသည်။

သူတို့နှစ်ဦး လက်ထပ်သောအခါ ပန်းချီဆရာ အလန် ထရီဗာက လူပျိုရံလုပ်၍ သူဌေးကြီး ဘောရွန်က မင်္ဂလာနံနက် စာကျွေးသည့် အခမ်းအနား၌ မင်္ဂလာစကားပြောကြားပေးသည်။ “မီလျံနာကိုယ်ဟန်ပြမောင်မယ်တွေက ရှားတာတော့ အမှန်ပဲ။ ဒါပေမဲ့ ကိုယ်ဟန်ပြမောင်မယ်တွေကနေ မီလျံနာ (သန်းကြွယ် သူဌေး) ဖြစ်သွားတာက ပိုရှားသေးတယ်နော်”ဟု ပန်းချီဆရာ အလန်က မှတ်ချက်ပြုခဲ့ကြောင်းပါ။

**The Model - Millionaire by Oscar Wilde**

**စိတ်ကူးချိုချို**

http://www.cherrythitsar.org



http://www.cherrythitsar.org

# ဘုရားသခင်သို့ ပေးစာတစ်စောင်

တောင်စောင်းတစ်ခု၏ နံဘေးမှာ တည်ရှိနေခဲ့သည့် ဤအိမ်ကလေးမှာ ချိုင့်ဝှမ်းကြီးတစ်ခုလုံး၏ တစ်လုံးတည်းသော အိမ်ကလေး။ ဤအမြင့်မှ မျှော်ကြည့်လျှင် သွင်သွင်စီးဆင်းနေသော မြစ်ကြောင်းနှင့် နွားခြံများ၏ နံဘေးတွင် ကျောက် ကပ်ပုံသဏ္ဍာန် ပန်းပွင့်များနှင့် ဝင်းမှည့်နေသော ပြောင်းခင်းကြီးများကို တွေ့မြင်ရသည်မှာ ဒီနှစ်တော့ သီးနှံများ ဖွံ့ဖြိုးအောင် မြင်သည်ဟု ပြောဆိုနေသယောင်ယောင်။ အဲ ... တစ်ခုပဲလို နေသည်ကတော့ 'မိုး' ရွာဖို့ပဲ ဖြစ်သည်။ သဲကြီးမဲကြီး မဟုတ်တောင် ရွာရုံမျှဆိုလျှင် တော်ပြီ။ ထိုနေ့တစ်နံနက်လုံး သူ့ ယာခင်းနှင့် ပတ်သက်လျှင် နှောကြေနေအောင် သိသည့် လယ်သမားကြီး "လင်ချို" မှာ ဘာအလုပ်မှ မလုပ်နိုင်ဘဲ အရှေ့မြောက်ဘက် မိုးကောင်းကင်ဆီသို့သာ ငေးမျှော်ကြည့်နေမိခဲ့သည်။

"မိန်းမရေ ... တကယ်ကိုပဲ မိုးကတော့ လာနေပြီကွ"

ညဉ့်စာကို ပြင်ဆင်နေသော သူ့ဇနီးက ...

**စိတ်ကူးချိုချို**

"ကောင်းပါလေ့ရှင်၊ ဘုရားသခင်ရဲ့ အလိုတော်အတိုင်းပဲပေါ့"ဟု ပြန်ပြောလိုက်သည်။ သားအကြီးများက ယာထဲမှာ အလုပ်လုပ်နေခဲ့ကြရာ၊ သူတို့၏ မိခင်က ညစာစားဖို့ လှမ်းခေါ်လိုက်သည်။ သူတို့မိသားစု ညစာစားနေခိုက်မှာပင် လယ်သမားကြီး လင်ချို နိမိတ်ဖတ်ခဲ့သလို မိုးသီးမိုးပေါက်များက ကောင်းကင်ယံမှ ကျလာခဲ့ကြပြီ။ အရှေ့မြောက်မိုးကောင်းကင်မှာလည်း တိမ်စိုင်တိမ်ခဲများက တလိပ်လိပ်ချဉ်းကပ်လာကြသည်ကို အတိုင်းသား တွေ့မြင်ပေသည်။ တိုက်ခတ်လာသော လေမှာ အေးမြလန်းဆန်းနေသည်။

လင်ချိုက မည်သည့်အကြောင်းမျှ မည်မည်ရရ မရှိဘဲ ခြံထဲရှိရာသို့ ထွက်လာခဲ့မိသည်။ တကယ်တော့ သူက ကောင်းကင်မှ ကျလာသော မိုးစက်မိုးပေါက်များက သူ့ခန္ဓာကိုယ်အားလာရောက်ထိမှန်သည်ကို အရသာခံရန်သက်သက်။

အိမ်ထဲပြန်ဝင်လာတော့ သူက ပြောလိုက်သေးသည်။

"တကယ်တော့ ကောင်းကင်ကကျလာတာတွေက မိုးရေစက်တွေ မဟုတ်ဘူးကွ၊ ရွှေပြား ငွေပြားကွ။ ကြီးတဲ့မိုးပေါက် ၁၀ ပြားတန်ရင် သေးတဲ့မိုးပေါက်က ၅ ပြားတန်ပေါ့ကွာ ဟဲ ... ဟဲ"

မိုးကာလကြားတွင် ရေးရေးပေါ်နေသော မှည့်ဝင်းနေသည့် ပြောင်းခင်းများကို သူအလွန်အားရကျေနပ်သော မျက်နှာဖြင့် ကြည့်နေမိခဲ့သည်။ ရုတ်တရက် ချက်ချင်း လေပြင်းတစ်ချက်သုတ်ခနဲ တိုက်ခတ်လာခဲ့ပြီး မိုးစက်မိုးမှုန်များအစား

http://www.cherrythitsar.org


ကြီးမားသောမိုးသီးခဲများ ကျရောက်လာခဲ့တော့သည်။ ထိုမိုးသီးများကမှ တကယ့်ကို ငွေပြားအသစ်များအလား ထင်ရသည်။ ကလေးများ မိုးရေချိုးရင်း ပုလဲရောင်တောက်ပနေသော မိုးသီးများကို ထွက်ကောက်ကြသည်။ လယ်သမားကြီး လင်ချိုက စိုးရိမ်ကြီးစွာဖြင့် ...

"အခြေအနေ တော်တော်ဆိုးလာပါလားကွာ။ မြန်မြန်ဒီမိုးတိတ်သွားမှဖြစ်မယ်"ဟု ညည်းတွားလိုက်သည်။ သို့သော်သူ၏ ဆုတောင်းမပြည့်ခဲ့ဟု ဆိုရမည်။ နောက်ထပ် တစ်နာရီမျှ မိုးသီးများက သူ့အိမ်ပေါ် ပန်းခြံတောင်ကုန်းများ၊ ပြောင်းခင်းအပေါ်နှင့် ချိုင့်ဝှမ်းတစ်လျှောက်လုံးပေါ်သို့ သဲကြီးမဲကြီး ကျရောက်နေခဲ့တော့သည်။ ယာခင်းများအားလုံး ဆားပွင့်များဖြင့် ဖုံးအုပ်လိုက်သလို ဖြူဖွေးသွားခဲ့သည်။ သစ်ပင်များအပေါ်၌လည်း သစ်ရွက်များ တစ်ရွက်မှ မရှိတော့။ အားလုံး ကြွေကျကုန်သည်။ ပြောင်းခင်းများအားလုံး ပျက်စီးသွားခဲ့ချေပြီ။ ပင်စည်အားလုံးမှ ကျောက်ကပ်ပုံသဏ္ဍာန် ပန်းပွင့်များလည်း အားလုံး ကြွေကျကုန်သည်။ လယ်သမားကြီးလင်ချိုမှာ ဝမ်းနည်းပက်လက်ဖြစ်ကာ အကြီးအကျယ် စိတ်ထိခိုက်ရတော့သည်။ မုန်တိုင်းလွန်သော် ယာခင်းအလယ်မှာရပ်ပြီး သူက သူ့သားများကို –

"ကျိုင်းကောင်တွေ အုပ်စုလိုက်လာပြီး အပင်တွေကို ဖျက်ဆီးတာကမှ ကျန်တဲ့ဟာတွေ ကျန်ဦးမယ်။ ဒီမိုးသီးတွေက ဘာမှတောင် ချန်မထားခဲ့ဘူးကွာ၊ ဒီနှစ်တော့ ဘာသီးနှံမှ တို့အတွက် မရှိတော့ဘူး"ဟု ပြောလိုက်သည်။

http://www.cherrythitsar.org



ထိုညဥ့်မှာ သူတို့မိသားစုအတွက် ဝမ်းနည်းဖွယ်ရာပင်။

"လုပ်ခဲ့သမျှ ဘာမှ အဖတ်မတင်ဘူး"

"တို့ကို ဘယ်သူမှ မကယ်နိုင်တော့ဘူး"

"ဒီတစ်နှစ်လုံး တို့တစ်တွေ အငတ်ဘေးဆိုက်တော့မယ်"

သို့သော် လှျိုမြောင်ချိုင့်ဝှမ်းအလယ်ရှိ တစ်လုံးတည်းသော အထီးကျန်အိမ်တွင် နေထိုင်ခဲ့ကြသူ၊ သူတို့အားလုံး၏ အသည်းနှလုံးထဲမှာတော့ မျှော်လင့်ချက်တစ်ခုတော့ဖြင့် ရှိနေခဲ့ကြပါသည်။ ထိုအရာကား အခြားမဟုတ်၊ ဘုရားသခင်ထံမှ ကူညီမစမှုပင် ဖြစ်ချေသည်။

"သိပ်လည်း စိတ်ဓာတ်ကျမနေပါနဲ့။ အားလုံး ဆုံးရှုံးသွားပြီဆိုပေမဲ့လို့ ဘယ်သူမှတော့ အစာငတ်လို့ မသေနိုင်ဘူးဆိုတာကို သတိရကြစမ်းပါ"

"ထမင်းငတ်လို့ သေတဲ့မသာမရှိသေးပါဘူး"

သို့သော် ထိုတစ်ညလုံး လယ်သမားကြီး လင်ချိုခမျာမှာ ဘုရားသခင်ထံမှ အကူအညီဆိုသည်ကိုသာ မျှော်လင့်နေခဲ့မိသည်။ ဘုရားသခင်၏ မျက်လုံးများဆိုသည်မှာ အရာရာကို သိမြင်နိုင်ပြီး တစ်ဦးတစ်ယောက်၏ စိတ်အတွင်းပိုင်းကို နက်နက်ရှိုင်းရှိုင်း ထိုးဖောက်သိမြင်နိုင်စွမ်းရှိသည်ဟု သူကြားဖူးသည်။

လယ်သမားကြီးလင်ချိုခမျာမှာ ယာထဲတွင် ကျွဲလို နွားလို ရုန်းကန်အလုပ်လုပ်ခဲ့ရသော်လည်း စာတစ်စောင်ကို ဘယ်လို ရေးရမည်ဆိုသည်ကိုတော့ သူသိသည်။ ထိုအပတ် တနင်္ဂနွေနေ့ နေ့လယ်အားလပ်ချိန်၌ မည်သို့ပင် ဖြစ်စေ

http://www.cherrythitsar.org



သူ့ကို ကူညီမစမည့် နတ်ကောင်းနတ်မြတ်များ ရှိနေမှာပဲဟု ယုံကြည်မှုအပြည့်ဖြင့် သူကိုယ်တိုင် စာတစ်စောင်ကို စရေးတော့၏။ ထိုစာရေးပြီးလျှင် မြို့သို့ သွားကာ သူကိုယ်တိုင် စာတိုက်ပုံးထဲသို့ ထည့်ရန်ဖြစ်၏။ သူရေးသောစာမှာ ဘုရားသခင်ထံသို့ လိပ်မူ၍ ဖြစ်သည်။

သူ၏စာထဲတွင် "အရှင်ဘုရားသခင် ...အရှင်မှ မကယ်တင်လျှင်တော့ဖြင့် ကျွန်တော်တို့ တစ်မိသားစုလုံး ယခုနှစ်အငတ်ဘေးနှင့် ရင်ဆိုင်ကြရပါတော့မည်။ မုန်တိုင်းကျရောက်သည့်အတွက် ပျက်စီးသွားသော ယာမြေတွင် စိုက်ပျိုးမှု အသစ်တစ်ဖန် ပြန်လည်ပြုလုပ်ရန်အတွက်နှင့် သီးနှံအသစ်များ ပြန်လည်ဖြစ်ထွန်းသည့်တိုင် စောင့်ဆိုင်းရန် ကျွန်တော် ပီဆိုငွေတစ်ရာခန့် လိုနေပါသည်" စသည်ဖြင့် ထိုစာကို စာအိတ်ထဲတွင်ထည့်ကာ စာအိတ်ပေါ်၌ "ဘုရားသခင်ထံသို့"ဟု လိပ်စာရေးကာ မြို့သို့ ထွက်လာခဲ့တော့သည်။ စာတိုက်သို့ ရောက်လျှင် စာအိတ်ပေါ်၌ တံဆိပ်ခေါင်းတစ်လုံးကပ်ကာ စာကို စာတိုက်ပုံးထဲသို့ ထည့်လိုက်သည်။

စာပို့လုလင်လည်းဖြစ်၊ စာတိုက်ဝန်ထမ်းတစ်ဦးလည်းဖြစ်သူက ထိုဘုရားသခင်ထံသို့ စာကို ဖောက်ဖတ်ပြီး အူလှိုက်သည်းလှိုက် ရယ်မောကာ စာတိုက်မှူးကြီးထံသို့ ပြရန်ယူလာခဲ့သည်။ သူ၏ စာပို့လုလင်သက်တမ်းတစ်လျှောက် တစ်ခါမှ မတွေ့ခဲ့ဖူးသော လိပ်စာဖြစ်နေ၍ပင်။ စာတိုက်မှူးမှာ ခပ်ဝဝ၊ သဘောကောင်းပုံ ရုပ်ရည်ရှိကာ ထိုစာကို ဖတ်ပြီး ခွက်ထိုး

http://www.cherrythitsar.org



ခွက်လန် ရယ်တော့၏။ သို့သော် ရုတ်တရက် ချက်ချင်းဆိုသလို အရေးတယူ စာကို သူ၏ စားပွဲပေါ်၌ တဒေါက်ဒေါက် ခေါက်နေလိုက်ပြီး မှတ်ချက်ပေးလိုက်ပုံမှာ ...

"ဒါဟာ ယုံကြည်မှုပဲကွ။ ဒီစာကို ရေးတဲ့လူရဲ့ ယုံကြည်မှုကို ငါ့ရင်ထဲမှာ ကိုယ်ချင်းစာမိပါတယ်။ သူယုံကြည်ချင်သလို ယုံကြည်တာဟာ အပြစ်မဟုတ်ပါဘူး။ သူ ဘာကို မျှော်လင့်ရမယ်ဆိုတာကိုလည်း သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိနေခဲ့လို့ ဘုရားသခင်ထံကို စာနဲ့ ဆက်သွယ်တာပဲကွ"

သို့အတွက် ထိုစာမှာ ဖော်ပြပါ လိပ်စာအတိုင်း ဝေငှခြင်း မပြုနိုင်သည်ကို သိသွားခြင်းဖြင့် သူ၏ ဘုရားသခင်အပေါ် စွဲမြဲစွာ ယုံကြည်နေမှုအား မပျက်ပြားသွားစေလိုသော စေတနာဖြင့် စာတိုက်မှူးကြီးမှာ တစ်စုံတစ်ရာကို ကြံစည်ရတော့၏။ အဖြေမှာ ထိုစာကို ပြန်ကြားရန်သာ ဖြစ်ပြီး ပြန်ကြားသည့်အခါတွင်လည်း စက္ကူပေါ်တွင် မင်ဖြင့် ရေးသား၍ မိမိတို့၏ စိတ်ကောင်းရှိမှုကို ဖော်ပြရုံဖြင့် မလုံလောက်ကြောင်း သူ့စာကို ဖတ်ခြင်းဖြင့် သိလာရသည်။ မည်သို့ပင်ဖြစ်စေကာမူ စာတိုက်မှူးမှာ သူ့အကြံအစည်အတိုင်း အကောင်အထည်ဖော်တော့၏။ စာတိုက်ဝန်ထမ်းများထံမှ စေတနာ့ဝန်ထမ်း အလှူတစ်ရပ်အနေဖြင့် ငွေကောက်ခံခြင်း၊ မိမိလခထဲမှ ဖဲ့၍ ငွေကြေးထည့်ဝင်ခြင်းနှင့် မိမိနှင့် ရင်းနှီးခင်မင်သော မိတ်ဆွေများထံမှ ထောက်ပံ့ငွေများကို စုစည်းလိုက်သောအခါ လယ်သမားကြီး လင်ချိုလိုအပ်နေသော ငွေကြေးပမာဏ (ပီဆို – ၁၀၀) မက

http://www.cherrythitsar.org


ရရှိသည်။ သို့နှင့် ထိုစုဆောင်းရရှိသော ပီဆိုငွေ ၅၀ ကျော်ကျော်ကို စာအိတ်တစ်ခုထဲတွင် ထည့်၊ စာရွက်လွတ်တစ်ရွက်ပေါ်တွင် "ဘုရားသခင်"ဟူသော စကားလုံးတစ်ခုတည်းသာ လက်မှတ်ရေးထိုးပြီး လယ်သမားကြီးလင်ချို၏ လိပ်စာကပ်၍ထားလိုက်သည်။

သို့နှင့် တနင်္ဂနွေနေ့သို့ ရောက်လာရာ၊ သာမန်ထက်အနည်းငယ် အချိန်စော၍ လယ်သမားကြီးလင်ချိုက စာတိုက်သို့ ရောက်လာခဲ့ပြီး၊ သူ့အတွက် စာတစ်စောင်ရောက်မရောက်မေးမြန်းစုံစမ်းသည်။ စာပို့လုလင်က ငွေနှင့် စာထည့်ထားသော စာအိတ်ကို သူ့အား ထုတ်ပေးလိုက်သည်။ စာတိုက်မှူးမှာ ကောင်းမှုတစ်ခုကို ပြုလုပ်လိုက်ရ၍ လွန်စွာမှ ပီတိဖြစ်နေသော မျက်နှာထားဖြင့် သူ့ရုံးခန်းတံခါးဝမှ လှမ်းကြည့်နေခဲ့မိသည်။

လင်ချိုက ရေးဦးမဆွကပင် သူယုံကြည်မျှော်လင့်ထားပြီးဖြစ်သဖြင့် စာအိတ်ကို ဖောက်လိုက်၍ ပီဆိုငွေများကို တွေ့ရသောအခါ သိပ်အံ့ဩဟန်မပြပါချေ။ သို့သော် ပိုက်ဆံများကို ရေတွက်ပြီးသောအခါ၌မူကား သူ ဒေါသထွက်ရတော့သည်။ ဘုရားသခင်ကတော့ ဘယ်လိုမှ မမှားနိုင်ဟု သူယူဆသည်။ လင်ချိုက တောင်းခံသည့်ငွေကို သူက မငြင်းမဆန် အပြည့်အဝပေးမှာက သေချာသည်။

ချက်ချင်းဆိုသလိုပင် လင်ချိုက စာတိုက်ပြတင်းဝတစ်ခုမှ စာရေးစက္ကူနှင့် မင်ကို တောင်းခံလိုက်သည်။ အများပြည်သူများ စာရေးဖို့အတွက်ထားသော စားပွဲပေါ်တွင် သူ၏ တံတောင်

http://www.cherrythitsar.org



ဆစ်များ ပွန်းလုမတတ် သူ၏ စိတ်ကူးကို ဖော်ပြနိုင်ရန် စတင်၍ ရေးသားခြင်းအမှုကို အားကြိုးမာန်တက် ပြုတော့သည်။ ထိုစာရေးပြီးသည်နှင့် စာတိုက်မှ တံဆိပ်ခေါင်းတစ်လုံးကပ်ခါ နောက်ကျောတွင် တံတွေးဖြင့် စွတ်ပြီး စာအိတ်ပေါ်တွင် လက်သီးဖြင့်ထု၍ ကပ်လိုက်သည်။

မကြာခင် ထိုစာက စာတိုက်ပုံးထဲသို့ ရောက်ရှိသွားပြီးနောက် စာတိုက်မှူးက ထိုစာကို ဖွင့်ဖတ်လိုက်သည်။

စာထဲတွင် ရေးသားထားသည်ကတော့ ...

**ဘုရားသခင် ...**

ဘုရားသခင်ထံမှ ကျွန်တော် တောင်းခံထားသော ငွေ ၁၀၀ အနက် ပီဆို (၇၀) သာ ကျွန်တော်ထံ ရောက်လာပါသည်။ ကျန်ငွေ (၃၀) ထပ်မံပေးတော်မူပါ။ ကျွန်တော့်မှာ အလွန်ပင် လိုအပ်နေ၍ ဖြစ်ပါသည်။ သို့သော် နောက်တစ်ကြိမ် ငွေပို့လျှင် စာတိုက်မှတစ်ဆင့် မပို့စေလိုပါ။ အဘယ်ကြောင့်ဆိုသော် စာတိုက်ဝန်ထမ်းများမှာ အားလုံးသူခိုးချည်း ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

**လင်ချို**

**Aletter to God by Gregorio Lopez Fueates (Mexico)**

http://www.cherrythitsar.org



# အမှန်တရား

တကယ်တော့ အမှန်တရားဆိုသည်မှာ "နေမင်း"နှင့် အလားသဏ္ဌာန်တူသည်ဟု 'ကိုကျော်စွာ'၏ စိတ်ထဲမှာ အောက်မေ့လိုက်မိသည်။ မည်သူတစ်ဦးတစ်ယောက်ကမှ မျက်တောင်မခတ်၊ မျက်စိတွေ ပြာဝေမသွားဘဲနှင့်တော့ ကောင်းကင်က နေမင်းကြီး၏မျက်နှာကို တည့်တည့်စိုက်၍ မကြည့်နိုင်။ တစ်စစ သူသဘောပေါက်လာခဲ့သည်ကတော့ နေ့စဉ်နေဝင်မှ မိုးချုပ်သည့်တိုင် မှသားမပါ လင်္ကာမချောဆိုသလို လူတို့၏ ကူးလူးဆက်ဆံရေးတွင် အမှန်တရားအချို့ကို ဖုံးကွယ်၍ လှုပ်ရှားရုန်းကန်နေကြရသည်ဟူ၍ပင်။ မည်သို့ပင်ဖြစ်စေ"သည်တစ်နေ့"ကိုတော့ သူ့ဘဝမှာ စံပြဖြစ်စေရမည်။ တစ်နှစ်ပတ်လုံး နေလာခဲ့သည့်အနက် သည်တစ်နေ့ကိုတော့ မှန်တာကိုပဲပြော၊ မှန်တာကိုပဲ လုပ်တော့မည်ဟု သူက ဆုံးဖြတ်ချက်ချလိုက်သည်။ လူ့ဘဝတစ်နှစ်နေလို့မှ တစ်ရက်လောက်မှာ အမှန်တရားကို မခံယူ၊ မကျင့်ကြံနိုင်ဘူးဆိုလျှင် ဘာအဓိပ္ပာယ်ရှိတော့မှာလဲဟု စိတ်ထဲက အတွေးပေါက်မိ

http://www.cherrythitsar.org



သည်။ ယခုအိပ်ရာမှ နိုးလာပြီးနောက်ပိုင်း ရှေ့လျှောက်ကြုံတွေ့ရတော့မည့် တစ်နေ့တာသည် အမှန်တရားအတွက် သူ့မှာ လေးလေးနက်နက် တာဝန်ရှိသည်ဟု ခံယူလိုက်ပြီးသား။ ဒါကိုတော့ သူ မည်သူ့ကိုမှ ဖွင့်မပြောဘဲ လျှို့ဝှက်စမ်းသပ်မှုတစ်ခု ပြုလုပ်ရန် စာချုပ်ချုပ်ဆိုပြီးသကဲ့သို့ သန္နိဋ္ဌာန်ချထားပြီး ဖြစ်၏။

ပထမဆုံး စမ်းသပ်မှုကတော့ သူ၏ ဇနီးက သူ့အတွက် နံနက်စာပြင်ပေးချိန်မှာပဲဖြစ်သည်။ သူမက သူ့အတွက် ကောင်းနိုးရာရာ အကောင်းဆုံး ချက်ပြုတ်ထားသော နံနက်စာကို ချကျွေးချိန်၌ ပါးစပ်ထဲ၌ ကောင်းကောင်းအရသာမတွေ့လှပဲ တုံ့ဆိုင်းဆိုင်းဖြစ်နေခဲ့မိသည်။

သူ၏ဇနီးက "ဘာဖြစ်လို့လဲမောင် ကျွန်မ ချက်ထားတာ မကောင်းလို့လားဟင်" ဟု မေးခွန်းထုတ်လာခဲ့သည်။ တခြားအချိန်မှာဆိုလျှင်တော့ သူ့ဇနီးစိတ်မကောင်းဖြစ်သွားမှာ ကိုယ်ချင်းစာပြီး "ကောင်းပါတယ်၊ မောင် ... ဗိုက်ထဲက မအီမသာဖြစ်နေလို့ သိပ်မစားနိုင်တာပါ"ဘာညာ စသဖြင့် ညာဝါးဖြီးဖြန်းဖြေလိုက်မိမည်သာ။ ဒါပေမဲ့ ဒီကနေ့ကတော့ သည်လိုနှင့်မရ "ဟုတ်တယ်၊ စားလို့မကောင်းဘူး၊ ငါ မျိုမကျဘူး"ဟုသာ မှန်မှန်နှင့် တုံးတိတိအဖြေပေးလိုက်မိတော့သည်။ သူ့ဇနီး၏ မျက်နှာကွက်ခနဲ ပျက်သွားတာမြင်လိုက်တော့ စိတ်ထဲက "မတတ်နိုင်ဘူးလေ၊ အမှန်တရားဆိုတာ နေမင်းလိုပဲ"ဟုသာ အောက်မေ့လိုက်ရတော့သည်။

ထိုနေ့နံနက် ကျောင်းသို့ရောက်တော့ လုပ်ဖော်ကိုင်ဖက်

http://www.cherrythitsar.org


ဆရာတစ်ဦးက သူတို့အသိတစ်ယောက် ဆုံးသွားသည့် သတင်းကြားပြီးပြီလားဟု မေးသည်။ ပြီးတော့ ထိုဆရာက "ခုလို ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးသွားတာ သနားစရာနော်"ဟု မှတ်ချက်ပြုရာ ကိုကျော်စွာက "ကျုပ်တော့ မသနားပေါင်"ဟု ပြန်ပြောလိုက်သည်။ ထိုဆရာကပင် "ဒီလူက လူကောင်းပါဗျ"ဟု ရှေ့နေလိုက်ပြန်သဖြင့် ကိုကျော်စွာကပင် "အလကားပါဗျာ၊ ကျုပ်ကို အမြဲတမ်းချိုးနှိမ်ဆက်ဆံပြီး တစ်ကိုယ်ကောင်းလည်း ဆန်တတ်တဲ့လူ"ဟု စကားရှည်နေမည်ကို စိုး၍ ပိတ်ပြောလိုက်တော့သည်။

ကျောင်းမဆင်းမီ နောက်ဆုံးအချိန်၊ အတန်းထဲတွင် ပထဝီဝင်ဘာသာရပ်ကို သင်ကြားနေချိန် သူက ကျောင်းအုပ်ဆရာကြီးထံမှ အကြောင်းကြားချက်တစ်ခုကို လက်ခံရရှိလိုက်သည်။ "ခင်ဗျား အိမ်မပြန်မီ ကျွန်တော်နဲ့ လာတွေ့ပါ"ဟူ၍ ဖြစ်၏။ ကိုကျော်စွာ စိတ်ထဲကတော့ ...

"အင်း ... ဒီစိတ်ပျက်စရာ စာမေးပွဲအဖြေလွှာတွေစစ်ဖို့ကိစ္စပဲနေမှာပဲ"ဟု ကောက်ချက်ချလိုက်မိသည်။ တောင်ခြစ်မြောက်ခြစ်၊ လက်ရေးပေါင်းစုံရာနှင့် ချီပြီး ရှိသည့် အဖြေလွှာတွေကို အပတ်စဉ် စစ်ဆေးလာခဲ့ရသည်မှာ ဦးခေါင်းပေါ် ဓားတစ်ချောင်းချိတ်ဆွဲထားသလို ခေါင်းကြိမ်းရသည်မှာ အမှန်။

ကျောင်းဆင်းခေါင်းလောင်းသံထိုးသည်နှင့် ကျောင်းသားလူရွယ်လေးများက အတန်းထဲက ပြေးထွက်သွားကြသည်။

ကိုကျော်စွာက ကျောင်းအုပ်ကြီး၏ အခန်းရှေ့မှောက်

http://www.cherrythitsar.org


တွင် သူ့အင်္ကျီကြယ်သီးများကို သေချာစွာတပ်ပြီး အပေါ်က တိုက်ပုံအင်္ကျီကို ဝတ်လိုက်သည်။ ဒါကလည်း ကျောင်းအုပ်ဆရာကြီးက ဆရာတွေကို ချမှတ်ထားသော စည်းကမ်း။ သူက အခန်းထဲသို့ အလွန်ယဉ်ကျေးသော အမူအရာဖြင့် ဝင်ရောက်သွားခဲ့ကာ "မင်္ဂလာပါဆရာကြီး"ဟု နှုတ်ခွန်းဆက်လိုက်သည်။

ကျောင်းအုပ်ဆရာကြီးက သူ့ကို အလွန်ရင်းနှီး ခင်မင်ဟန်ဖြင့် မော့ကြည့်လိုက်ကာ "ခင်ဗျား ဒီညနေအားသလားဗျ"ဟု မေးလိုက်သည်။

ကိုကျော်စွာက "အင်း ... ကလေးတွေကို အပြင်လိုက်ပို့မယ်လို့ ကတိပေးထားခဲ့တာတော့ ရှိတယ်"ဟု ပြန်ဖြေလိုက်သည်။

"ခင်ဗျားကလေးတွေကို နောက်နေ့မှပို့ဗျာ၊ အခု ကျွန်တော်နဲ့ အိမ်ကိုလိုက်ခဲ့ဗျာ"ဟု ခေါ်လိုက်သည်။

"ဟုတ် ... ဟုတ်ကဲ့ပါခင်ဗျာ၊ ဒါနဲ့ ကိစ္စအထူးအထွေများ ရှိပါသလား ဆရာကြီးခင်ဗျာ"ဟု ယဉ်ကျေးစွာ မေးလိုက်သည်။

ဆရာကြီးက ခပ်ပြုံးပြုံးဖြင့် သူ့ကို ကြည့်ကာ "ရှိတယ်ဗျာ၊ ဒါနဲ့ ကျွန်တော် ဂီတကို တော်တော်ဝါသနာပါတာ ဆရာကျော်စွာ သိတယ်နော်"ဟု မေးခွန်းထုတ်လိုက်သည်။

"ဟုတ်ကဲ့ပါဆရာကြီး ကျွန်တော် သိပါတယ်"

"ကျုပ် ဂီတပညာကို ကျိတ်ပြီး လေ့လာလိုက်စားခဲ့တာ ကြာလှပေါ့။ဒီညနေတော့ ကျုပ်ရဲ့ အနုပညာကို ခင်ဗျား အကဲ

http://www.cherrythitsar.org


ဖြတ်စေချင်တယ်လေ။ ကျုပ်အိမ်မှာလည်း ဒီညနေပဲ စန္ဒရားဆရာ တစ်ယောက်နဲ့ တယောဆရာတစ်ယောက်ကို ချိန်းထားပြီးပြီ။ ဒါဟာ ပထမဆုံးအကြိမ် ဝတ်စုံပြည့် လေ့ကျင့်တဲ့သဘောပဲ။ ခင်ဗျားရဲ့ အကြံဉာဏ်ကိုလည်း လိုချင်တယ်လေ။ ကျုပ်က ခင်ဗျားရဲ့ ဝေဖန်ချက်ကို တန်ဖိုးထားမှာပါ”ဟု ဆရာကြီးက ရှင်းပြလိုက်သည်။

ကိုကျော်စွာ ဂီတပညာတွင် တော်တော်လေး တီးမိ ခေါက်မိသည်ကိုတော့ လူတိုင်းအသိပင်။ ဒီမြို့လေးမှာဆိုလျှင် ကိုကျော်စွာ၏ ဂီတဝေဖန်ချက်များကို တော်တော်အလေးထား တတ်ကြသည်။ ဒါပေမဲ့ ဒီနေ့လို နဖူးတွေ့ ဒူးတွေ့ သူ၏ ဂီတ ဝေဖန်ချက်ကို အစမ်းသပ်ခံရလိမ့်မည်ဟု ဘယ်တုန်းကမှ မမျှော် လင့်မိခဲ့။

ဆရာကြီးက “ဘယ့်နှယ်လဲ ခင်ဗျား အံ့သြနေပြီလား” ဟု မေးရင်းဆက်ပြောသည်က “ကျုပ်မှာ ဒီဂီတကိစ္စတွေအတွက် အိမ်ထဲမှာ ပိတ်ပြီး လေ့ကျင့်ခဲ့ရတာ တော်တော်ပိုက်ဆံကုန် သွားတယ်ဗျာ” သူတို့နှစ်ယောက် ဆရာကြီးအိမ်ရှိရာသို့ ထွက် လာခဲ့ကြသည်။

လမ်းလျှောက်ရင်း ဆရာကြီးက “ကျုပ်တို့လင်မယားမှာ သားသမီးကလည်းမရှိတော့ ဒီဂီတဟာ ကျုပ်အတွက် အဖော် ပဲဗျာ”ဟု စကားတွေ ဆက်နေခဲ့ရာက သူ မည်သို့မည်ပုံ ဂီတ ဘက် စိတ်ရောက်လာခဲ့ပုံ၊ တစ်ကိုယ်တည်း အထီးကျန်ပျင်းရိ မှုကို မခံနိုင်တော့သည့်အဆုံး ပထမအကြိမ် ဂီတဆရာတစ်ဦး

http://www.cherrythitsar.org



ထံတွင် တပည့်ခံခဲ့စဉ်က အရယ်အမောခံခဲ့ရပုံ၊ သို့သော် စိတ်ဓာတ်မကျဘဲ ဆက်ကြိုးစားခဲ့ရာမှ သူ့ဘဝတစ်ခုလုံးလိုလို ဂီတလောကထဲမှာ နှစ်မြှုပ်ထားခဲ့ရပုံ စသည်ဖြင့် လမ်းလျှောက်ရင်း ကိုကျော်စွာကို ရှင်းပြလာခဲ့ပေသည်။

ဆရာကြီးအိမ်ကို ရောက်တော့ ကိုကျော်စွာမှာ အရေးတယူ နေရာပေးခြင်းခံရသည်ဟု ဆိုရမည်။ ဆရာကြီးက သူ့ကို ဧည့်ခန်းထဲရှိ အနီရောင်ကတ္တီပါစခင်းထားသော ဆိုဖာပေါ်မှာ ထိုင်စေသည်။ အမူအရာကလည်း သူ့သမီးကို လက်ထပ်ယူထားသည့် သမက်ကို အရေးတယူဂရုစိုက်ပုံမျိုး။ ရှေ့က စားပွဲပေါ်မှာလည်း စပျစ်သီး၊ ပန်းသီးတွေ အလျှံပယ်နှင့်။ နောက်ပြီး ကိုကျော်စွာကို ပြောလိုက်သေးသည်။ "ခင်ဗျား စိတ်အေးချမ်းသာစွာနဲ့သာ နားဆင်ပေရော့၊ ဟိုအဖြေလွှာတွေကိစ္စလည်း ခေါင်းထဲမှာ ထားမနေနဲ့။ ခင်ဗျားကို ကျုပ် နောက်တစ်ပတ်တိတိ အချိန်ပေးလိုက်ဦးမယ်"ဟူ၏။

ကိုကျော်စွာက "ဆယ်ရက်ထားပါဆရာရယ်"ဟု ဈေးဆစ်လိုက်ပြန်ရာ၊ ဆရာကြီးက သဘောကောင်း ရက်ရောစွာဖြင့် "ကောင်းပြီလေ ကျုပ် ခွင့်ပြုပါတယ်"ဟု ပြောလိုက်သဖြင့် ကိုကျော်စွာမှာ ယခုမှ ရင်ထဲက အလုံးကြီး ကျသွားခဲ့ကာ စိတ်ထဲမှာလည်း "အင်း ... ငါ တစ်နေ့ကို အဖြေလွှာ (၁၀) ခု စစ်ရင် ဒီစိတ်ရှုပ်စရာကောင်းလှတဲ့ အလုပ်တော့ ပြီးပါတယ်လေ"ဟု အောက်မေ့လိုက်မိသည်။

ဆရာကြီးက ဧည့်ခန်းထဲကို အမွှေးနံ့သာများ ပက်ဖျန်း

လိုက်ကာ ...

"ဒါမှ ပိုပြီး ကျက်သရေမင်္ဂလာရှိသွားတာပေါ့ဗျာ"ဟု လည်း ကိုကျော်စွာကို ရှင်းပြလိုက်သေးသည်။

ဧည့်ခန်းထဲမှာတော့ စန္ဒရားဆရာနှင့် တယောဆရာက ရောက်နှင့်နေကြပြီး မကြာမီ စန္ဒရားဆရာက ဧည့်ခန်းထဲရှိ စန္ဒရားခုံတွင် ထိုင်၍ ဆရာကြီးက စည်းဝါးကို လက်ကကိုင်ကာ စန္ဒရားနံဘေးတွင် နေရာယူလိုက်သည်။ တယောဆရာကလည်း အသင့်အနေအထားဖြင့် စန္ဒရားဆရာနှင့် မလှမ်းမကမ်းမှာ။ ဆရာကြီး၏ ဟန်ပန်မှာ တကယ်ပွဲကြီးများတွင် သီဆိုတော့မည့် အဆိုတော်တစ်ဦး၏ ပုံစံဖြင့် လည်ချောင်းရှင်းလိုက်ပြီး "ချစ် သမျှကို" ပတ်ပျိုးကို စဆိုတော့သည်။ ပထမသီချင်းကြီးတစ်ပုဒ် ပြီးဆုံးသွားသည်နှင့် ဆရာကြီးက ကိုကျော်စွာကို လှမ်းမေး လိုက်သည်။

"ဘယ့်နှယ်လဲ ကျုပ်ဆိုတာ ကောင်းရဲ့လား ကိုကျော်စွာ"

ကိုကျော်စွာက ထိုမေးခွန်းကို မကြားချင်ယောင်ဆောင် နေလိုက်သည်။

ထို့နောက် ဆရာကြီးက ရေဒီယိုသီချင်းတွေထဲက စန္ဒရား လှထွတ်၏ "တိမ်တမန်" ကိုသန်းလှိုင်၏ "သည်နွေမိုးဆောင်း ပြောင်းသော်လည်း" စသည့် နာမည်ကြီးသီချင်းကောင်းများကို ချည်း ရွေး၍ဆိုသည်။ ဆရာကြီး သီချင်းဆိုနေသည့် တစ်ချိန် လုံးမှာ ကိုကျော်စွာက နားထောင်နေခဲ့ပြီး စိတ်ထဲက မှတ်ချက် ချမိသည်ကတော့ "အင်း ...တစ်ခါတစ်ခါလည်း ဖားတွေအော်

http://www.cherrythitsar.org



နေတဲ့အသံလိုလို၊ တစ်ခါတစ်ခါလည်း နွားသိုးကြီး အော်သလို အော်ရဲ့။ ဟော ... အခုတော့လည်း လေမုန်တိုင်းတိုက်နေတုန်း ပြုတ်နေတဲ့ တံခါးရွက်တွေ မြည်သံမျိုးပါလား”ဟူ၍ပင်။

ကိုကျော်စွာမှာ အခန်းထဲတွင် ပက်ဖျန်းထားသော အမွှေးနံ့သာတွေကို ရှူရင်း သူ၏ နားထဲသို့ မိနစ်ပေါင်းများစွာ စဉ်ဆက်မပြတ် ဝင်ရောက် ရိုက်ခတ်လာခဲ့သော မညီမညာဂီတသံစဉ်တွေကြောင့် ခေါင်းတစ်ခုလုံး နောက်ကျိ၍ လာခဲ့သည်။ ဆရာကြီးမှာလည်း သီဆိုရလွန်း၍ အသံပင် ပြာနေချေပြီ။ ဆရာကြီးက သီချင်းတစ်ပုဒ်အပြီးတွင် ရပ်၍ “ဆက်ပြီး နားထောင်ဦးမလား ကိုကျော်စွာ”ဟု မေးလိုက်ရာ ...

“ကျေးဇူးပြု၍ တော်ပါတော့ခင်ဗျာ၊ ဒီလောက်ဆိုရင် လုံလောက်ပါပြီ”ဟု ပြန်ဖြေလိုက်ရာ ဆရာကြီးမှာ လုံးဝအံ့သြသွားဟန် မျက်နှာဖြင့် ချွေးသီးချွေးပေါက်များကလည်း ကျလာသည်။ ကိုကျော်စွာမှာ ဆရာကြီးကို ကြည့်ပြီး သနားသွားမိသည်။ ဒါပေမဲ့ သူ ဘာမှမတတ်နိုင်။ မီးဖိုချောင်အဝင်ဝ လိုက်ကာများအကြားမှ ဆရာကြီး၏ ဇနီးဖြစ်သူမှာ သိလိုစိတ် အပြည့်ဖြင့် ချောင်းကြည့်နေခဲ့သည်ကို ကိုကျော်စွာ သတိပြုလိုက်မိသည်။

စန္ဒရားဆရာနှင့် တယောဆရာတို့မှာလည်း ယခုမှ စိတ်သက်သာရာ ရသွားဟန်ဖြင့် ခေတ္တအနားယူလိုက်ကြသည်။ ဆရာကြီးက သူ၏ မျက်မှန်ကို ချွတ်၊ လက်များဖြင့် သူ၏ မျက်စိများကို ပွတ်သပ်လိုက်ပြီး “ကဲ ... ဆရာကျော်စွာ ခင်ဗျား ထင်မြင်ချက်လေး ပေးပါဦးခင်ဗျာ”ဟု တောင်းဆိုလိုက်သည်။

http://www.cherrythitsar.org



ကိုကျော်စွာ တုံ့ဆိုင်းစွာဖြင့် "ထင်မြင်ချက်ကို မနက်ဖြန်မှ ပေးလို့ မရဘူးလားဆရာ"ဟု ပြန်မေးလိုက်သည်။

"ဟင့်အင်း ... အခုချက်ချင်း ခင်ဗျားရဲ့ ထင်မြင်ချက်ကို သိချင်တယ်။ ပွင့်ပွင့်လင်းလင်း ဝေဖန်ပါလေ။ ကောင်းရင် ကောင်းတယ်၊ မကောင်းရင် မကောင်းဘူးပေါ့"ဟု ဆရာကြီးက ပြန်ပြောလိုက်ပြီး ကိုကျော်စွာ၏ မျက်နှာကို မျှော်လင့်ချက်ကြီးစွာဖြင့် ကြည့်နေခဲ့သည်။ ကိုကျော်စွာက "အဲ ... အဲ ... သိပ်မကောင်းဘူးခင်ဗျာ"ဟု မှတ်ချက်ပေးလိုက်ရတော့သည်။

"အို ... ဒီလိုဆိုရင် ကျုပ် ဒီဂီတသင်ခန်းစာတွေကို ဆက်လေ့လာနေဖို့ မလိုတော့ဘူးပေါ့"

"ဟုတ်ပါတယ် ဆရာ။ လုံးဝ မလိုတော့ပါဘူး"ဟု ကိုကျော်စွာက အသံတုန်တုန်ယင်ယင်ဖြင့် အဖြေပေးလိုက်ရင်းက သူ့စိတ်ထဲမှာ တော်တော်လေး မကောင်းဖြစ်သွားခဲ့ရသည်။ ဒီထက်လည်း သူက ပိုမိုသာယာညင်းပျောင်းစွာဖြင့် မပြောနိုင်။ "အမှန်တရားပဲ"လေ။ အမှန်တရားဆိုတာ ခံယူဖို့တင်မကဘဲ ပေးအပ်နိုင်ဖို့အတွက်လည်း ခွန်အားသတ္တိဆိုတာ ရှိရမည်ဟု ကိုယ့်ကိုယ်ကို မဲတင်းလိုက်ရသည်။

အိမ်အပြန်လမ်းတစ်လျှောက်မှာတော့ သူ့ရင်ထဲမှာ စိုးရိမ်သောကအပြည့်။ ဒီနောက်ပိုင်း သူ့ရဲ့ဝန်ထမ်းဘဝကကော အဆင်ချောပါ့မလားဟူ၍ စိုးရိမ်နေခဲ့မိသည်။ နောက်ပိုင်းလခတိုးဖို့ကိစ္စတွေ၊ ရာထူးတိုးဖို့ ကိစ္စတွေမှာ ထောက်ခံဖို့ရာ ကျောင်းအုပ်ဆရာကြီးအပေါ်မှာ လုံးလုံးလျားလျား တည်နေခဲ့သည်။

http://www.cherrythitsar.org



ဒီသောကတွေ အားလုံးက သူ့ရင်ထဲမှာ စုပြုံ၍နေခဲ့သည်။ သူ ဖတ်ဖူးသည့် နိုင်ငံခြားဝတ္ထုတစ်ခုထဲကလို ဘာပဲဖြစ်ဖြစ် အမှန်တွေကိုပဲ ပြောသည့်အတွက် ထီးနန်းတွေ၊ စည်းစိမ်တွေ၊ ဇနီးနှင့် သားသမီးများကိုပါ စွန့်ခဲ့ရသည့် ရှင်ဘုရင်တစ်ပါးအကြောင်းကို သတိရနေခဲ့မိသည်။

အိမ်ပြန်ရောက်တော့လည်း မျက်နှာသုန်သုန်မှုန်မှုန်နှင့် ဇနီးမယား၏ ဆီးကြိုမှုကို ခံရပြန်သည်။ ဒီနေ့မနက် သူ့ရဲ့ မှတ်ချက်အတွက် စိတ်ဆိုးနေတုန်းပဲဆိုသည်ကို သူရိပ်မိသည်။ ဒီနေ့အတွက်တော့ ထိခိုက်နစ်နာဆုံးရှုံးရတာ နှစ်ခုရှိသည်ဟု ကောက်ချက်ချမိသည်။ ငါ ဒီအတိုင်းသာ တစ်ပတ်လောက် ဆက်လုပ်လိုက်လို့တော့ မိတ်ဆွေသူငယ်ချင်းတောင် တစ်ယောက်မှ ကျန်မှာမဟုတ်ဘူးဟု တွေးလိုက်မိသည်။

နောက်တစ်နေ့ရောက်တော့ ကျောင်းအုပ်ဆရာကြီးက သူ့ကို လာတွေ့ပါဟု အကြောင်းကြားသည်။ သူက စိုးရိမ်ကြီးစွာဖြင့် သွားတွေ့ခဲ့သည်။

ဆရာကြီးက "ခင်ဗျားရဲ့ အကြံပေးချက်ဟာ သိပ်ကို အသုံးဝင်ပါတယ်။ ကျုပ် ဂီတဆရာကို ကျသင့်တာပေးပြီး အဆက်ဖြတ်လိုက်ပြီ။ ကျုပ်ရဲ့ ဂီတနဲ့ ပတ်သက်လို့ ခင်ဗျားလို ဘယ်သူမှ အမှန်ကို ပြောခဲ့တာ မဟုတ်ဘူးဗျ။ ကျုပ်က လည်း ဒီအသက်အရွယ်ကြီးကျမှပဲ အရူးထမိတာကိုး။ ခင်ဗျားကို ကျေးဇူးတင်ပါတယ်။ ဩော် ... ဒါနဲ့ဟို ... အဖြေလွှာတွေကိစ္စရော ပြောပါဦး"

http://www.cherrythitsar.org



"ဆရာကြီးပဲ ကျွန်တော့်ကို အဖြေလွှာတွေစစ်ဖို့ (၁၀) ရက် အချိန်ပေးထားတယ် မဟုတ်လား"


"အိုး ... အဲဒါ ကျုပ် ပြန်စဉ်းစားရလိမ့်မယ်။ ကျုပ် အဲဒီအဖြေလွှာတွေ အားလုံး စစ်ပြီး မနက်ဖြန်မနက်ပဲ လိုချင်တယ်"

"အဖြေလွှာတစ်ရာလုံး တစ်ရက်အတွင်း လိုချင်တယ် ဟုတ်လား။ ဒါဆို ကျွန်တော် ဒီနေ့တစ်ညလုံး အိပ်ရမှာတောင် မဟုတ်ဘူး။ နောက်ထပ် နှစ်ရက်လောက်တော့ အချိန်ပေးပါဦးဆရာ"

"မဖြစ်ဘူး၊ ကျုပ် အဲဒါတွေ အားလုံး မနက်ဖြန်မနက် ရမှ ဖြစ်မယ်။ အဖြေလွှာတိုင်းကိုလည်း သေသေချာချာ စစ်ဆေး အမှတ်ပေးထားရမှာနော်"

ကိုကျော်စွာကတော့ နောက်ဆုံး "ဟုတ်ကဲ့ပါ"ဟု ကတိပေးလိုက်ရင်းက "အမှန်တရား"ကို ဦးစားပေးလေ့ကျင့်ခဲ့မှုအတွက် တစ်ညလုံး မအိပ်ဘဲ အဖြေလွှာများကို စစ်ဆေးခြင်းဖြင့် ပေးဆပ်ရတော့မည်ဟု စိတ်ထဲက အောက်မေ့ခံစားလိုက်ရတော့သည်။

**(ဝန်ခံချက် – R.K Narayan ၏ Like the Sun ကို မှီငြမ်းပါသည်)**



# ထီးနှင့်လူ

မနေ့ညနေက ကျွန်မနှင့် အမေကြုံတွေ့ခဲ့ရသော အဖြစ်အပျက်မှာ ရယ်စရာကောင်းသည်ဟု ဆိုရမည်။ ကျွန်မမှာ ၁၂ နှစ်အရွယ် မိန်းကလေးတစ်ဦးမျှသာ ဖြစ်ပြီး၊ အမေက ၃၄ နှစ်ဖြစ်၏။ သို့သော် ကျွန်မအရပ်က အမေ့ကို မီလုနီးပါး ဖြစ်နေပြီ။

သွားဆရာဝန်နှင့်တွေ့ရန်အတွက်၊ မနေ့ညနေက အမေက ကျွန်မကို လန်ဒန်မြို့ကြီးသို့ ခေါ်သွားခဲ့သည်။ သွားဆရာဝန်က ကျွန်မ၏ အံသွားတစ်ချောင်းကို နာကျင်မှု သိပ်မရှိစေဘဲ ဖာထေး၍ပေးခဲ့ပါသည်။ ထို့နောက် အမေနှင့် ကျွန်မ၊ ကဖေးဆိုင်တစ်ဆိုင်သို့ သွားခဲ့ကြပါသည်။ အမေက ကော်ဖီတစ်ခွက်မှာသောက်ပြီး ကျွန်မက ငှက်ပျောသီးမုန့်တစ်ခုစားသည်။ ကျွန်မတို့ ဆိုင်ထဲမှ ထွက်လာချိန်မှာတော့ ညနေ ၆ း ၀၀ နာရီ ထိုးခါနီးပြီ ဖြစ်၏။

**စိတ်ကူးချိုချို**

ကဖေးဆိုင်ထဲမှ ထွက်လာချိန်တွင် မိုးက တဖွဲဖွဲရွာနေသည်။

အမေက တို့တက္ကစီငှားမှ ဖြစ်မယ်ဟု ပြောလိုက်သည်။ ကျွန်မတို့မှာ သာမန်ဦးထုပ်နှင့် ကုတ်အင်္ကျီရိုးရိုးကိုသာ ဝတ်ဆင်ထားခဲ့ကြပြီး မိုးကလည်း သဲသဲမဲမဲ ရွာချလာနေသည်။

ကျွန်မက "အမေ ကျွန်မတို့ ဆိုင်ထဲကို ပြန်ဝင်ပြီး မိုးတိတ်အောင် စောင့်ကြရအောင်လား၊ ကျွန်မ ငှက်ပျောသီးမုန့်ထပ်စားချင်သေးတယ်။ အဲဒီမုန့်က သိပ်ကောင်းတယ်"ဟု အကြံပေးလိုက်ရာ ...

အမေက "မိုးက တော်တော်နဲ့ ရပ်မှာ မဟုတ်ဘူး။ အိမ်ကိုပဲ ပြန်ကြရအောင်သမီး"ဟု ပြန်ပြောလိုက်သည်။ ကျွန်မတို့ မိုးထဲမှာပင် ရပ်၍ တက္ကစီတစ်စီးအလာကို စောင့်နေလိုက်သည်။ လာသမျှ တက္ကစီကားများမှာလည်း လူအပြည့်နှင့်ဖြစ်နေသည်။ အမေက "အင်း ... ဒရိုင်ဘာတစ်ယောက်နဲ့ ကားတစ်စီးလောက် ရှိစမ်းစေချင်တယ်ကွယ်"ဟု ညည်းတွားလိုက်သည်။

ထိုစဉ်မှာပင် လူတစ်ဦး ကျွန်မတို့ အနားသို့ ကပ်လာသည်။ ထိုသူမှာ ကိုယ်ခန္ဓာခပ်သေးသေးနှင့် အသက်အတန်ကြီးပြီဖြစ်၏။ အသက် ၇၀ ထက်တော့ မနည်းဟု ထင်မိသည်။ သူက ယဉ်ကျေးပျူငှာစွာနှင့် ဦးထုပ်ကို မြှောက်၍ နှုတ်ဆက်လိုက်ပြီး ...

"တစ်ဆိတ်ခင်ဗျာ၊ ခွင့်ပြုပါခင်ဗျာ..."ဟု အမေ့ကို

http://www.cherrythitsar.org


ပြောလိုက်သည်။ ထိုသူ၏ မျက်ခုံးမွေး၊ နှုတ်ခမ်းမွေးများမှာ ဖြူဖွေးနေပြီး မျက်နှာမှာ ပါးရေများ တွန့်ကာ ပန်းရောင်သန်းနေ၏။ သူ့ဦးခေါင်းပေါ်မှာ မိုး၍ ထီးတစ်လက်ကို ကိုင်ထားသည်။ အမေက "ဟုတ်ကဲ့"ဟု စိတ်မပါတပါ၊ အေးစက်စက်ခွန်းတုံ့ပြန်လိုက်သည်။

ထိုသူက "တစ်ဆိတ် ကျေးဇူးပြုပြီး အကူအညီလေးတစ်ခု တောင်းပါရစေခင်ဗျာ"ဟု ပြောလိုက်ရာ အမေက သူ့ကို သင်္ကာမကင်း လှမ်းကြည့်လိုက်သည်ကို ကျွန်မ မြင်လိုက်ရသည်။ ကျွန်မ မေမေက "သင်္ကာမကင်းဖြစ်တတ်သူ" အထူးသဖြင့် သူမ မယုံသင်္ကာဖြစ်တတ်သည့်အရာနှစ်ခု ရှိသည်။ ယင်းတို့မှာ သူမသိသော "လူစိမ်းများ"နှင့် "ပြုတ်ထားသော ကြက်ဥ"များ ဖြစ်ကြ၏။ ဥပမာ ပြုတ်ပြီးသား ကြက်ဥတစ်လုံး၏ ထိပ်ပိုင်းကို ဖြတ်လိုက်ပြီးနောက် ကြက်ဥအတွင်းပိုင်းတွင် ကြွက်တစ်ကောင် သို့မဟုတ် တစ်ခုခုများ ရှိနေသည့်အလား ဇွန်းကလေးဖြင့် မွှေ၍ စူးစမ်းတတ်သည်မှာ အမေ့အကျင့်တစ်ခု ဖြစ်၏။ လူစိမ်းများနှင့် ပတ်သက်၍လည်း သူမ၏ ရွှေဥပဒေမှာ "ပိုပြီးချိုသာ၍ သဘောကောင်းလေ ထိုသူမှာ ပို၍ မသင်္ကာဖွယ်ရာကောင်းလေ"ဟူ၍ ဖြစ်၏။

ယခု ဤအဘိုးအို လူညှက်ကလေးမှာ အလွန်ယဉ်ကျေး၍ ပျူပျူငှာငှာရှိလှ၏။ အဝတ်အစားကို ကောင်းမွန်စွာ သပ်သပ်ရပ်ရပ် ဝတ်စားထားပြီး လေယူလေသိမ်းကလည်း ကောင်းလှ၏။ တကယ့်ကို လူကြီးလူကောင်းတစ်ဦးပါပေ။ အဘယ့်ကြောင့်

http://www.cherrythitsar.org


ထိုသို့ ပြောနိုင်သနည်းဆိုသော် သူဝတ်ဆင်ထားသော ရှူးဖိနပ်များကို ကြည့်၍ဖြစ်၏။ လူတစ်ယောက်၏ ရှူးဖိနပ်များကို ကြည့်၍ ထိုသူသည် လူကြီးလူကောင်း ဟုတ်မဟုတ် ဆုံးဖြတ်နိုင်သည်ဟု ကျွန်မ မေမေက ကျွန်မကို ကောင်းကောင်း သွန်သင်ထား၏။ ယခု ဤလူမှာ အဖိုးတန်လှပသော အညိုရောင် ရှူးဖိနပ်များကို စီးထားပါသည်။ သူက ဆက်လက်၍ ...

"ကျွန်တော် အခက်အခဲလေးတစ်ခု တွေ့နေလို့ အကူအညီလိုလို့ပါခင်ဗျာ။ သိပ်များများစားစားကြီး မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော့် အခက်အခဲက ကြီးကြီးမားမားကြီးလည်း မဟုတ်ပါဘူးခင်ဗျာ။ ဒါပေမဲ့ ကျွန်တော် ခင်ဗျားရဲ့ အကူအညီကို တကယ်ပဲ လိုနေပါတယ်။ ဒီက ညီမသိတဲ့အတိုင်းပါပဲ၊ ကျွန်တော့်လို အဘိုးအိုတွေဟာ ရံဖန်ရံခါ အလွန်အမင်း မေ့တတ်ပါတယ်" အမေက ဦးခေါင်းကို မော့မော့လေး ထားလိုက်ပြီး ထိုအဘိုးအိုအား စူးစူးဝါးဝါးစိုက်ကြည့်လိုက်သည်။ သူမ၏ အကြည့်မှာ စူးရှလှသဖြင့် အချို့သူများဆိုလျှင် ကစဥ့်ကလျားဖြစ်သွားနိုင်သည်။ သို့သော် ထိီးနှင့် ထိုအဘိုးအိုမှာ မျက်တောင်တစ်ချက်မခတ်ဘဲ အလွန်ညင်သာပျော့ပျောင်းသောအပြုံးဖြင့် စကားဆိုလိုက်ပြန်သည်။

"ကျွန်တော်ဟာ အခုလို လမ်းပေါ်မှာ အမျိုးသမီးတွေကို တားပြီး၊ ကျွန်တော့်အခက်အခဲတွေကို အကူအညီတောင်းတတ်တဲ့အကျင့်ရှိတယ်လို့ မထင်စေချင်ပါဘူးခင်ဗျာ"

"ဟုတ်ကဲ့ အဲဒီလို မထင်ပါဘူးရှင်"

ဟု အမေက ပြန်ပြောလိုက်သည်။

ကျွန်မက အမေ၏ ခပ်ပြတ်ပြတ်ပြောသံကို ကြား၍ စိတ်အနှောင့်အယှက်ဖြစ်သွားခဲ့မိသည်။

"အို ... မေမေရယ် ဒီအဘိုးကြီးက ယဉ်ကျေးပါတယ်။ သူ့အခက်အခဲရှိနေလို့နေမှာပါ။ သူ့ကို သိပ်ပြီး ခပ်ကြမ်းကြမ်း မဆက်ဆံပါနဲ့"ဟု ကျွန်မက အမေ့အား ပြောလိုက်ချင်ပါသည်။ သို့သော် ကျွန်မနှုတ်မှ ထိုစကားများ ထွက်မလာခဲ့ပါ။

အဘိုးအိုက သူ့ထီးကို လက်တစ်ဖက်မှ တစ်ဖက်သို့ ပြောင်းကိုင်လိုက်ပြီးနောက် "ကျွန်တော် အရင်က အခုလို တစ်ခါမှ မေ့မထားခဲ့ဖူးဘူး"

"ရှင်က ဘာကို မေ့ထားခဲ့လို့လဲ"ဟု လေသံခပ်မာမာဖြင့် ပြန်မေးလိုက်သည်။

"ကျွန်တော့်ပိုက်ဆံအိတ်လေ၊ ဒီပြင် တခြားအပေါ်အင်္ကျီတစ်ခုထဲမှာ မေ့ထားခဲ့လို့ ဖြစ်မယ်၊ ဒါ တော်တော်လေး ဆိုးတာပဲဗျ"

"ဘာလဲ၊ ရှင်က ကျွန်မဆီမှာ ပိုက်ဆံတောင်းနေတာလား"

"အို ... မဟုတ်ရပါဘူး ခင်ဗျား၊ ကျွန်တော် အခုလို မလုပ်ဖို့ ဘုရားသခင်က တားမြစ်ထားပါတယ်"

ထိုအခါ အမေက "ဒါဆိုရင် ရှင် ဘာလိုလို့လဲ၊ မြန်မြန်ပြော ကျွန်မတို့ မိုးရေထဲမှာ တစ်ကိုယ်လုံးရွှဲကုန်ပြီ"ဟု အမေက ပြန်ပြောလိုက်သည်။

http://www.cherrythitsar.org



သူက "ကျွန်တော် သိပါတယ်လေ၊ ဒါကြောင့်လည်း ခင်ဗျားတို့ ဆောင်းဖို့ ကျွန်တော့်ထီးကို ပေးချင်လို့ပါ။ ထီးကိုလည်း အပိုင်ယူထားလိုက်ပါ။ အဲ ... ဒါပေမဲ့ တစ်ခုတော့ ..."

"ဘာ ... တစ်ခုတော့လဲ" အမေက။

"တစ်ခုပဲ ကျွန်တော့်ကို ကူညီပါခင်ဗျာ၊ ကျွန်တော် တက္ကစီကားငှားပြီး အိမ်ပြန်နိုင်အောင် ငွေတစ်ပေါင်လောက် ပေးစေချင်ပါတယ်"ဟု သူက အခက်အခဲကို တင်ပြလိုက်သည်။

အမေကတော့ သူ့ကို သင်္ကာမကင်းဖြစ်ဆဲ။

"တကယ်လို့ ရှင့်မှာ ပိုက်ဆံမရှိခဲ့ရင် အခု ဒီနေရာကို ရှင်ဘယ်လိုလုပ်ရောက်လာသလဲ"ဟု မေးခွန်းထုတ်လိုက်သည်။

သူက "ကျွန်တော် လမ်းလျှောက်လာတာပါ။ နေ့တိုင်း ကျွန်တော် အခုလို လမ်းကြာကြာထွက်လျှောက်ပြီး အပြန်တော့ တက္ကစီငှားပြန်ပါတယ်၊ တစ်နှစ်ပတ်လုံး ကျွန်တော် နေ့စဉ် အဲသလို လုပ်ပါတယ်"ဟု ပြန်ဖြေခဲ့သည်။

"ဒါဆိုရင် ရှင် အိမ်ကို လမ်းလျှောက်ပြန်လည်း ရတာပဲ ဥစ္စာ"ဟု ပြန်မေးလိုက်သည်။ အမေက အတွန့်တက်လိုက်ပြန်သည်။

သူက "ဟုတ်ကဲ့ ကျွန်တော် ခင်ဗျားပြောသလို လုပ်ချင်ပါတယ် ခင်ဗျာ။ ဒါပေမဲ့ ကျွန်တော့်ခြေထောက်တွေက သိပ်အားကိုးလို့ မရတော့ဘူး။ ဒီနေရာအထိကို တော်တော်ဝေးဝေး လျှောက်လာခဲ့ပြီးပြီလေ"ဟု ရှင်းပြပြီး သူက ဆက်၍ "ဒီထီးက အင်မတန်ကောင်းပါတယ်"ဟု စကားဆက်လိုက်

http://www.cherrythitsar.org



သည်။

အမေက "ဟုတ်ပါတယ် ကျွန်မလည်း သတိပြုမိပါတယ်"ဟု ပြန်ဖြေလိုက်သည်။

သူက "ထီးရွက်က ငွေနဲ့ ထိုးထားတာပါ"

"ဟုတ်ကဲ့ ကျွန်မ သတိပြုမိပါတယ်"

သူက "ဒါဆိုရင် ဒီထီးကို ဘာဖြစ်လို့ မယူနိုင်ရမှာလဲ မိန်းကလေးရယ်။ ဒီထီးက ပေါင် ၂၀ တောင်ပေးပြီး ဝယ်ထားခဲ့ရတာ။ ဒါပေမဲ့ အခုချိန်မှာ အိမ်ပြန်ပြီး ကျုပ်ရဲ့ခြေထောက်အိုတွေကို အနားပေးဖို့ကလွဲပြီး ဘာမှ အရေးမကြီးဘူး"ဟု ပြောလိုက်ပြန်သည်။

မေမေက သူမပိုက်ဆံအိတ်ခလုတ်ကို လက်နှင့်စမ်းလိုက်သည်ကို ကျွန်မ သတိပြုလိုက်မိသည်။ ကျွန်မ ထိုသို့စောင့်ကြည့်နေသည်ကို အမေက သတိပြုမိသွားပါသည်။ ကျွန်မကလည်း ဤတစ်ကြိမ်တွင် အမေ့အား အခိပ္ပာယ်ပါပါ စိုက်ကြည့်လိုက်ခဲ့ရာ အမေက ကျွန်မ ပြောချင်သည်ကို ရိပ်မိသွားပုံရသည်။

"အမေနားထောင်နော်၊ မောပန်းနေတဲ့ အဘိုးအိုကြီးတစ်ယောက်ဆီက အခွင့်အရေးမယူပါနဲ့ ဒီလိုလုပ်တာ မကောင်းပါဘူး" အမေက သူ့လှုပ်ရှားမှုကို ရပ်ပြီး ကျွန်မကို ပြန်ကြည့်လိုက်သည်။ ထို့နောက် အမေက ထိုသူ့အား ...

"ပေါင် ၂၀ တောင်တန်တဲ့ ထီးကို ရှင့်ဆီက ကျွန်မယူလို့ မသင့်တော်ဘူးလို့ ထင်ပါတယ်၊ ရှင်လိုတဲ့ တက္ကစီခကို

http://www.cherrythitsar.org



ပေးလိုက်ရင် ပြီးတာပဲ မဟုတ်လား”ဟု ပြောလိုက်ပြန်ပါသည်။

သူက “အိုး ... ဒီလိုမဟုတ်ပါဘူး၊ ကျွန်တော် မမျှော်လင့်ပါဘူး၊ ကျွန်တော် အခုလိုနည်းမျိုးနဲ့ ခင်ဗျားဆီက ပိုက်ဆံကို လက်မခံပါရစေနဲ့။ ထီးကို ယူပြီးတော့သာ မိုးလုံအောင်ဆောင်းပါတော့ခင်ဗျာ”ဟု အော်ပြောလိုက်သည်။

အမေက အနိုင်ယူသည့်မျက်နှာပေးဖြင့် ကျွန်မကို ငဲ့စောင်းကြည့်လိုက်ပြီး၊ ကဲ ဘယ့်နှယ့်ရှိစဟု ကျွန်မအား ပြောလိုက်ဘိသကဲ့သို့ပင် သမီးထင်တာမှားနေပြီ၊ သူက ထီးကို ယူစေချင်နေတာ။ အမေက ပိုက်ဆံအိတ်ထဲမှ ငွေတစ်ပေါင်တန်တစ်ရွက်ကို ထုတ်လိုက်ပြီး ထိုလူကြီးအား ပေးလိုက်ပါသည်။ သူက ငွေစက္ကူကို ယူပြီး အမေ့အား ထီးကို ကမ်းပေးလိုက်သည်။ ငွေစက္ကူကို အင်္ကျီအိတ်ထဲသို့ ထည့်ပြီး ဦးထုပ်ကို မြှောက်၊ခါးကိုကိုင်း၍ နှုတ်ဆက်လိုက်ကာ “ကျေးဇူးတင်ပါတယ်၊ မဒမ်။ ကျေးဇူးတင်ပါတယ်”ဟု ပြောပြီး ထိုနေရာမှ ထွက်ခွာသွားတော့သည်။

အမေက ကျွန်မအား လာ၊ ဒီထီးအောက်ကို။ လာလေ။ တို့ကံကောင်းတာပဲနော်။ တစ်ခါမှ အခုလို ပိုးထီးမျိုး မကိုင်ဖူးသေးဘူး။ ဝယ်လည်း မဝယ်နိုင်ခဲ့ပါဘူးတော်ဟု ပြောလိုက်ရာ...

ကျွန်မက အမေက အစက ဘာဖြစ်လို့ ဒီလောက် စိုးရိမ်နေရတာလဲဟု မေးလိုက်ရာ ...

အမေက “သူဟာ လူလိမ်တစ်ယောက်မဟုတ်ဘူးဆို

http://www.cherrythitsar.org


တာ သေချာချင်တယ်သမီး။တကယ်တော့ သူဟာ တကယ့်ကို လူကြီးလူကောင်းတစ်ယောက်ပါ။ သူ့လိုလူမျိုးကို ကူညီလိုက်ရတာ အမေ ဝမ်းသာပါတယ်”

“ဟုတ်ကဲ့ပါ မာမီ”ဟု ကျွန်မက ပြန်ပြောလိုက်သည်။

အမေက “တကယ့်ကို လူကြီးလူကောင်းတစ်ယောက်ပဲ” ဒီလို ပိုးထီးမျိုးကို ကိုင်နိုင်တယ်ဆိုကတည်းက ချမ်းသာတဲ့သူပဲပေါ့။ ဒီလူဟာ ဆာဟင်နရီ ဂိုးဝေါသီတို့လို ဂုဏ်သရေရှိလူကြီးမျိုးထဲက ဖြစ်နေရင်လည်း မအံ့ဩပေါင်တော်။

“ဟုတ်ပါတယ် မာမီ”

အမေက “အခု အဖြစ်အပျက်ဟာ သမီးအတွက် သင်ခန်းစာပဲ။ ဘာဖြစ်ဖြစ် အလောသုံးဆယ်မလုပ်နဲ့။ တစ်ယောက် ယောက်နဲ့တွေ့ရင် အချိန်ယူပြီး လေ့လာ။ ဒါမှ အမှားကို မလုပ်မိမှာ”ဟု ပြောလိုက်သည်။

ကျွန်မ “အမေ ဟိုမှာကြည့်စမ်း”

“ဘာလဲ သမီး”

“ခုတင်က အဘိုးကြီးလမ်းကို ဖြတ်ကူးသွားပြီ။ ဘုရားရေ ... သူဘာလို့ အခုလောက်များ အမြန်လိုနေပါလိမ့်”

မော်တော်ယာဉ်များအကြား၊ ဟိုဟိုဒီဒီ ရှောင်တိမ်းရင်း သွားနေသောသူ့ကို ကျွန်မတို့ သားအမိ စောင့်ကြည့်နေလိုက်ကြသည်။ ထိုစဉ်မှာပင် သူက လမ်းတစ်ဖက်သို့ရောက်သွားခဲ့ပြီး ဘယ်ဘက်သို့ ကွေ့၍ မြန်မြန်လျှောက်သွားနေသည်။

“သူ့ကြည့်ရတာ သိပ်ပင်ပန်းပုံ မပေါ်ဘူး။ အမေရော

http://www.cherrythitsar.org


ဘယ်လိုထင်သလဲဟင်”

အမေက ဘာမှ ပြန်မဖြေဘဲ ဆိတ်ဆိတ်နေသည်။

အမေက “သူ့ကြည့်ရတာ တက္ကစီငှားမယ့်ပုံ မပေါ်ဘူး”

အမေက လမ်းတစ်ဖက်မှ ထိုအဘိုးကြီးကို ကြည့်ရင်း တစ်ကိုယ်လုံး တောင့်သွား၏။

ကျွန်မတို့ သူ့ကို သေသေချာချာ မြင်နေရသည်။

သူ့မှာ အထူးပင် အလျင်စလို ဖြစ်နေပုံရသည်။ ပလက်ဖောင်းတစ်လျှောက် လမ်းသွားလမ်းလာတွေကို တိုးဝှေ့ရင်း စစ်သားတစ်ယောက် လမ်းလျှောက်လျှင် လက်လွှဲပုံမျိုးဖြင့် အလျင်အမြန် ချီတက်နေသည်။

အမေက “တစ်ခုခုတော့ တစ်ခုခုပဲ”ဟု မျက်နှာထား တင်းတင်းဖြင့် ပြောလိုက်သည်။

“ဘာလဲ အမေ”

“အမေတော့မသိဘူး”

“လာ ... တို့နည်းနည်း စူးစမ်းကြည့်ကြရအောင်” ဟု ပြောပြီး ကျွန်မလက်ကို ဆွဲ၍ လမ်းကို အတူကူးခဲ့ကြသည်။ ထို့နောက် ဘယ်ဘက်သို့ ကွေ့လိုက်ကြကာ အမေက ...

“သမီး သူကို့ တွေ့လား”

“တွေ့တယ် အမေ။ သူ ညာဘက်ကို ကွေ့ပြီးနောက် လမ်းအတိုင်း သွားနေတယ်”

ကျွန်မတို့ သားအမိလည်း ပြောပြောဆိုဆိုဖြင့် လမ်းကွေ့သို့ ရောက်လာကာ တစ်ဖက်သို့ ချိုးဝင်လိုက်သည်။ အဘိုးအို

http://www.cherrythitsar.org



လူပုလေးမှာ ကျွန်မတို့ရှေ့ကိုက် ၂၀ ခန့် အကွာတွင် ရှိ၏။ သူက ယုန်တစ်ကောင်လို လျင်မြန်လှသဖြင့် သူ့ကို မီရန် နောက်မှ အမြန်လိုက်လျှောက်ရသည်။ မိုးမှာ ပိုသည်းလာပြီ၊ အဘိုးအို၏ ဦးထုပ်မှ မိုးရေစက်များ သူ့ပခုံးပေါ်သို့ ကျနေသည်ကိုပင် ကျွန်မ မြင်နေရသည်။ သို့သော် ကျွန်မတို့ သားအမိနှစ်ယောက်မှာမူ ကြီးမားသော ဖဲထီးကြီး၏ အောက်တွင် မိုးမစိုဘဲ လုံလုံခြုံခြုံပင်။

အမေက "သူ ဘာလုပ်မလို့လဲ မသိဘူး"

ကျွန်မက "သူနောက်ပြန်လှည့်ကြည့်ပြီး၊ ကျွန်မတို့ကို မြင်သွားဦးမယ်"

"သူမြင်လည်း အမေက ဂရုမစိုက်ပါဘူး။ သူက လိမ်ပြောခဲ့တာပဲဥစ္စာ။ သူပြောတော့ သူ သိပ်ပင်ပန်းနေလို့ လမ်းတောင် ဆက်မလျှောက်နိုင်ဘူး။ တကယ့်လက်တွေ့မှာတော့ သူတို့ဆီက ထွက်ပြေးနေတယ်။ တော်တော် မျက်နှာပြောင်တိုက် လိမ်ပြောတဲ့သူပဲ။ ဒီလူဟာ လူလိမ်၊ လူညာ"

"သူဟာ ဂုဏ်သရေရှိ လူကြီးလူကောင်း မဟုတ်တော့ဘူးလို့ အမေဆိုလိုတာပေါ့"ဟု ကျွန်မက မေးလိုက်သည်။

အမေက "တိတ်တိတ်နေစမ်း" နောက်လမ်းဆုံတစ်ခုတွင် အဘိုးအိုက ညာဘက်သို့ ကွေ့ပြန်သည်။

ထို့နောက် ဘယ်ဘက်သို့လည်းကောင်း၊ ညာဘက်သို့လည်းကောင်း ထပ်ကွေ့ပြန်သည်။

"အမေတော့ အလျှော့မပေးသေးဘူး"

http://www.cherrythitsar.org



"သူပျောက်သွားပြီ အမေ၊ ဘယ်ကို သွားသလဲ မသိဘူး"

အမေက "သူက ဟိုတံခါးကို ဖွင့်ပြီး ဝင်သွားတယ်လေ"အိမ်ထဲကို ရောက်သွားပြီ။ ဘုရားရေ ...အဲဒါက အရက်ဆိုင်ပဲ"

မှန်ပါသည်။ ယင်းမှာ အရက်ဆိုင်တစ်ခုဖြစ်ပြီး "အနီရောင်ခြင်္သေ့"ဟု စာလုံးကြီးများကို ရှေ့တွင် ရေးထားသည်။

"အထဲကို ဝင်လိုက်သွားမှာလား မာမီ"

"မလိုက်ပါဘူး၊ တို့အပြင်က စောင့်ကြည့်ရအောင်"

ဆိုင်ရှေ့မျက်နှာစာတွင် မှန်ချပ်ကြီးတစ်ခုရှိပြီး အတွင်းဘက်တွင် မီးခိုးငွေ့များ ရှိနေသော်လည်း မှန်အနားကပ်သွားလျှင် အတွင်းသို့ ကောင်းစွာ မြင်နေရ၏။ ကျွန်မက အမေ့လက်မောင်းကို ဆုပ်ကိုင်ရင်း အပြင်ဘက်မှ စောင့်ကြည့်နေလိုက်သည်။ မိုးစက်များက ကျွန်မတို့၏ ထီးပေါ်သို့ကျ၍ တဖြောက်ဖြောက်အသံတွေ မြည်နေသည်။ ကျွန်မက "တွေ့ပြီ ... တွေ့ပြီ၊ ဟိုမှာ အမေ"ဟု ပြောလိုက်သည်။

အခန်းတစ်ခုလုံးမှာ လူများ စီးကရက်မီးခိုးငွေ့များဖြင့် ပြည့်နှက်နေပြီး ယင်းတို့၏ အလယ်တွင် ကျွန်မတို့၏ လူအားတွေ့မြင်နေရ၏။ သူက ယခုတော့ ဦးထုပ်ရော၊ အပေါ်အင်္ကျီကိုပါ ချွတ်ထားလိုက်ပြီး လူအကြားမှ တိုးဝှေ့ကာ၊ အရက်ကောင်တာဆီသို့ သွားနေ၏။ ကောင်တာကို ရောက်ရှိပြီးနောက် သူ့လက်နှစ်ဖက်စလုံးကို ဘားပေါ်တင်၍ ကောင်တာမှ လူနှင့်စကားပြောနေပြန်၏။ သူ၏နှုတ်ခမ်းများကို လှုပ်၍၊ သူအော်

http://www.cherrythitsar.org



ဒါမှာလိုက်သည်။ အရက်ရောင်းသူက စက္ကန့်အနည်းငယ်မျှ ထွက်ခွာသွားပြီးနောက် အညိုရောင် ဖျော့ဖျော့အရည်များ အပြည့် ဖြည့်ထားသောဖန်ခွက်တစ်ခုကို ယူဆောင်၍ ပြန်ရောက်လာသည်။ ကျွန်မတို့ လူက ကောင်တာပေါ်သို့တစ်ပေါင်တန် ငွေစက္ကူတစ်ရွက် ချပေးလိုက်သည်။

အမေက "ဟော့ဟော့ ဒါ တို့ရဲ့ ပိုက်ဆံပဲကွ"ဟု အံ့သြတကြီး အော်မြည်လိုက်သည်။ ကျွန်မက "ဖန်ခွက်ထဲက ဘာရည်လဲ အမေ" အမေက "ဝီစကီလေ၊ အကောင်းစားဝီစကီပေါ့"ဟု ပြန်ဖြေလိုက်သည်။ ကျွန်မတို့ လူက ဖန်ခွက်ကိုကိုင်ပြီး နှုတ်ခမ်းမှာတေ့လျက် ညင်သာစွာ စောင်းငဲ့လိုက်ကာ ဖြည်းဖြည်းချင်း အချိန်ယူ၍ တစ်ကျိုက်တည်း မော့ချလိုက်သည်။

အမေက "အင်း ... အင်း တော်တော် ဈေးကြီးတဲ့ အရက်ပဲ"

အရက်တစ်ခွက် အပျော်သောက်ဖို့အတွက် ငွေ တစ်ပေါင်ပေးလိုက်ရတာဟာ အဓိပ္ပာယ်မရှိဘူးဟု အမေက မှတ်ချက်ချလိုက်ပါသည်။ ကျွန်မက "ဒီလိုလုပ်တာဟာ သူ့အတွက် တစ်ပေါင်မက ပိုကုန်တာပေါ့။ ဟိုပေါင် ၂၀ တန် ထီးကလည်း ရှိသေးတယ်လေ"

အမေက "သူ ဒီလိုလုပ်တာ စိတ်မှ နှံ့ရဲ့လား မသိဘူးနော်"

အရက်မရှိတော့သော ဖန်ခွက်ကို ကိုင်၍ ကျွန်မတို့လူ

http://www.cherrythitsar.org



အဘိုးအိုက ဘားကောင်တာနံဘေးမှာ ရပ်နေသည်၊ သူ၏ ပန်းနုရောင် မျက်နှာဝိုင်းဝိုင်းမှာ ပြုံးယောင်သန်းနေပြီး ကျေနပ်မှုအပြည့်နှင့် ဖြစ်၏။ သူ၏ အဖြူရောင် နှုတ်ခမ်းမွေးများကို လျှာနှင့် ယက်နေလိုက်သည်မှာ ထိုအဖိုးတန်လှသော ဝီစကီ တစ်စက်ကလေးများ ကျန်နေဦးမှာလားဟု လိုက်ရှာနေသယောင်။

သူက ဘားကောင်တာမှ ဖြည်းညင်းစွာလှည့်၍ လူများကို တိုးဝှေ့ကာ သူ၏ ဦးထုပ်နှင့် အင်္ကျီချိတ်ထားရာ နေရာသို့ လျှောက်လာခဲ့သည်။ သူက သူ့ဦးထုပ်ကို ဆောင်းလိုက်သည်။ ကုတ်အင်္ကျီကို ပြန်ဝတ်လိုက်သည်။ ထို့နောက် မည်သူမျှ ဂရုမပြုမိလိုက်အောင်၊ အလွန်အေးဆေးတည်ငြိမ်သော အမူအရာဖြင့် မိုးစိုနေသော ထီးများစွာ ချိတ်ဆွဲထားရာနေရာမှ ထီးတစ်ချောင်းကို ဖြုတ်ယူပြီး ဆိုင်အပြင်သို့ ထွက်လာခဲ့လေသည်။

အမေက "သမီး ... သမီး ... သူ ဘာလုပ်တယ်ဆိုတာ မြင်ပြီမဟုတ်လား"ဟု အော်ပြောလိုက်သည်။

ကျွန်မက "ရှူး ... တိုးတိုး မာမီ၊ သူ အပြင်ကို ထွက်လာနေပြီ"

ကျွန်မတို့ သားအမိမျက်နှာများကို မမြင်စေရန် ထီးနှင့်ကွယ်ထားလိုက်ပြီး ထီးအောက်မှ အသာလေး ချောင်းကြည့်နေကြသည်။ သူ အပြင်သို့ရောက်လာပြီ။ သို့သော် ကျွန်မတို့ရှိရာသို့ လှည့်မကြည့်ဘဲ၊ သူ့ထီးအသစ်ကို ဖွင့်ဆောင်း၍ သူလာခဲ့ရာ လမ်းအတိုင်း ပြန်လျှောက်သွားသည်။

အမေက "ဪ ... လက်စသတ်တော့ သူက ဒီလို

http://www.cherrythitsar.org



လုပ်စားနေတာကိုး”

ကျွန်မက “အင်မတန် ပိရိတာပဲ။ ထူးပါပေတယ်”ဟု မှတ်ချက်ပေးလိုက်သည်။

ကျွန်မတို့ သူနှင့် ပထမဆုံး ဆုံတွေ့ရာ လမ်းမကြီး ရှိရာသို့ သူ့နောက်မှ နောက်ယောင်ခံလိုက်ခဲ့ကြပါသည်။ သူက သူ့ထီးအသစ်နှင့် နောက်ထပ် ငွေတစ်ပေါင် လဲလှယ်ရာ၌ ဘာမှ အခက်အခဲ မရှိကြောင်း၊ ကျွန်မတို့ စောင့်ကြည့်သိရှိ လိုက်ရသည်။ ဤတစ်ကြိမ်တွင်မူ ဦးထုပ်နှင့် အပေါ်အင်္ကျီပင် ဝတ်မထားသော ပိန်ပိန်ပါးပါး လူတစ်ယောက်နှင့် ဖြစ်၏။ ကျွန်မတို့လူက သူ့အလုပ်ပြီးသည်နှင့် တစ်ချိုးတည်း လစ်ကာ လူအုပ်ကြီးကြားထဲမှ ပျောက်ကွယ်သွားပါတော့သည်။ သို့သော် သူ ထွက်သွားရာအရပ်မှာ စောစောကနှင့် မတူ၊ ဆန့်ကျင်ဘက် အရပ်သို့ ဖြစ်၏။

အမေက “ဒီလူ ဘယ်လောက်လည်တယ်ဆိုတာကို သိပြီလား။ ခုတင်က အရက်ဆိုင်ကို သူ နှစ်ခါ ပြန်မသွားဘူး လေ”ဟု ပြောလိုက်သည်။

ကျွန်မ “သူ တစ်ညဉ့်လုံး ဒီလို လုပ်စားနေတာပဲပေါ့” ဟု ပြောလိုက်ရာ ...

အမေက “မိုးရွာတဲ့နေ့တွေများပါစေလို့လည်း သူ ဆု တောင်းနေမှာ သေချာတာပေါ့သမီးရယ်”ဟု ပြန်ပြောလိုက်လေ သတည်း။

**The Umbrella Man by Roald Dahl**

**စိတ်ကူးချိုချို**

http://www.cherrythitsar.org

